# ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ

(၂၀၁၆ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂၀ ။)

၁၃၇၇ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ ရက်

(၂၀၁၆ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည် -

(က) **နိုင်ငံတော်** ဆိုသည်မှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကို ဆိုသည်။

(ခ) **ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ ဘဏ်၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဇယားဝင်အဖွဲ့အစည်းများကို ဆိုသည်။

(ဂ) **ဘဏ်** ဆိုသည်မှာ ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် လုပ်ငန်းအဖွဲ့အစည်းကိုဆိုသည်။ ယင်းစကားရပ်တွင် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်နှင့်လိုင်စင်ရရှိထားသော နိုင်ငံခြားဘဏ်ခွဲတို့လည်း ပါဝင်သည်။

(ဃ) **ဘဏ်လုပ်ငန်း** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေး ဘဏ်လုပ်ငန်းကိုသော်လည်းကောင်း၊ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းကိုသော်လည်းကောင်း ဆိုသည်။

(င) **လုပ်ငန်းအဖွဲ့အစည်း** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီ အက်ဥပဒေအရလည်းကောင်း ဖွဲ့စည်းတည်ထောင်ထားသော ကုမ္ပဏီများနှင့်နိုင်ငံပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းတို့ကို ဆိုသည်။

(စ) **ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းများကို ဆိုသည်-

(၁) အပ်နှံငွေအမျိုးမျိုးလက်ခံခြင်းလုပ်ငန်း၊

(၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများက ထုတ်ပေးသော သို့မဟုတ် ပေးသွင်းသော ချက်လက်မှတ်များကို ငွေထုတ်ပေးသည့်လုပ်ငန်းနှင့် ငွေကောက်ခံပေးသည့်လုပ်ငန်း၊

(၃) ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း၊

(၄) ပုဒ်မ ၅၂ ပါဗဟိုဘဏ်က သတ်မှတ်လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ။

(ဆ) **ကူးသန်းရောင်းဝယ်ရေးဘဏ်** ဆိုသည်မှာ ကူးသန်းရောင်းဝယ်ရေးဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်ကို ဆိုသည်။

( ဇ ) **ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်း** ဆိုသည်မှာ သက်တမ်းတစ်နှစ်ထက်ကျော်လွန်သော စာရင်းသေအပ်နှံငွေများကိုသာ လက်ခံပြီး ၎င်းအပ်နှံငွေများ၏သက်တမ်း သို့မဟုတ် အစိုးရအဖွဲ့က ဖြည့်ဆည်းပေးသည့် ရန်ပုံငွေများ၏သက်တမ်းနှင့်ကိုက်ညီသော ချေးငွေများဖြင့် အထူးစီးပွားရေးလုပ်ငန်းကဏ္ဍများသို့ ချေးငွေဖြည့်ဆည်းပေးသည့်လုပ်ငန်းများကို ဆိုသည်။

( ဈ ) **ဖွံ့ဖြိုးရေးဘဏ်** ဆိုသည်မှာ ဖွံ့ဖြိုးရေးဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဤဥပဒေအရ ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ဘဏ်ကိုဆိုသည်။

(ည) **ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း** ဆိုသည်မှာ အောက်ပါလုပ်ငန်းတစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ရန် ပုဒ်မ ၂၀ အရ မှတ်ပုံတင်ထားသည့် ငွေရေးကြေးရေးအဖွဲ့အစည်းများကို ဆိုသည်-

( ၁ ) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း၊

( ၂ ) အငှားချသည့်လုပ်ငန်း (Leasing)၊

( ၃ ) ကြွေးမြီများဝယ်ယူ ကောက်ခံသည့်လုပ်ငန်း (Factoring)၊

( ၄ ) ချေးငွေတိုကင်လုပ်ငန်း (Credit token)၊

( ၅ ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊

( ၆ ) ဗဟိုဘဏ်က သတ်မှတ်သည့် အခြားချေးငွေဝန်ဆောင်မှုလုပ်ငန်းတစ်ခုခု။

( ဋ ) **ဦးပိုင်ကုမ္ပဏီ** ဆိုသည်မှာ ဘဏ်၏အစုရှယ်ယာ ၅၁ ရာခိုင်နှုန်းနှင့်အထက်အား ပိုင်ဆိုင်ပြီး ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်အများစုကို ရွေးကောက်တင်မြှောက်နိုင်ခွင့်ရှိသော သို့မဟုတ် ဘဏ်၏ စီမံခန့်ခွဲမှုများ၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် မူဝါဒများကို သော်လည်းကောင်း သိသာစွာလွှမ်းမိုး ဆောင်ရွက်နိုင်သော ကုမ္ပဏီတစ်ခုကို ဆိုသည်။

( ဌ ) **ဒါရိုက်တာအဖွဲ့** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခု၏ ဒါရိုက်တာအဖွဲ့ကို ဆိုသည်။

( ဍ ) **ဘဏ်ရုံးခွဲ** ဆိုသည်မှာ ဘဏ်၏ လုပ်ငန်းဆောင်ရွက်သည့် ပင်မရုံး၊ လုပ်ငန်းဆောင်ရွက်ပေးသည့်ရုံးခွဲ၊ ငွေထုတ်ပေးသည့်ရုံး၊ ငွေတစ်ဆင့်ထုတ်ပေးသည့်ရုံး၊ ကိုယ်စားလှယ်ရုံးနှင့် သတ်မှတ်ကာလ တစ်ခုအတွက်သာ လုပ်ငန်းဆောင်ရွက်ပေးသည့်ရုံးတို့ကို ဆိုသည်။

( ဎ ) **အလုပ်လုပ်ရက်** ဆိုသည်မှာ စနေ၊ တနင်္ဂနွေ၊ အများပြည်သူ အလုပ်ပိတ်ရက်နှင့် ဘဏ်ပိတ်ရက်မှအပ ကျန်သည့် ပြက္ခဒိန်နေ့ရက် တစ်ခုခုကို ဆိုသည်။

(ဏ) **မတည်ရင်းနှီးငွေ (Capital funds)** ဆိုသည်မှာ -

( ၁ ) မြန်မာနိုင်ငံတွင် တည်ထောင်သည့် ဘဏ်ဖြစ်လျှင် ဗဟိုဘဏ်က သတ်မှတ်သည့် မတည်ငွေရင်းလုံလောက်မှုအချိုးလိုအပ်ချက်ကို ပြည့်မီစေရန်ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေ နှင့်ဘဏ်၏အရှုံးဖြစ်ပေါ်မှုများကို နုတ်ပယ်ပြီးနောက် အများပြည်သူသို့ ကြေညာသည့် သီးသန့်ရန်ပုံငွေနှင့်ထည့်ဝင်ပြီး မတည်ငွေရင်း နှစ်ရပ်ပေါင်းကို ဆိုသည်။

(၂) မြန်မာနိုင်ငံတွင် လိုင်စင်ရရှိသည့် နိုင်ငံခြားဘဏ်ခွဲဖြစ်လျှင် ဗဟိုဘဏ်က သတ်မှတ်သော ကနဦးမတည်ရင်းနှီးငွေနှင့် ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်သည့် မတည်ငွေရင်း လုံလောက်မှုအချိုးကိုပြည့်မီစေရန် ထည့်ဝင်ရမည့် မတည်ရင်းနှီးငွေကို ဆိုသည်။

(တ) **ဗဟိုဘဏ်** ဆိုသည်မှာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေအရ ဖွဲ့စည်းတည်ထောင်သည့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ကို ဆိုသည်။

(ထ) **အမှုဆောင်အရာရှိချုပ်** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် စီမံခန့်ခွဲမှုတွင် အဓိကတာဝန်ရှိသူကိုဆိုသည်။ ဤစကားရပ်တွင် ငွေရေးကြေးရေးအဖွဲ့အစည်းတွင် တိုက်ရိုက်ခန့်ထားခြင်းခံရသူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းအတွက် ခေတ္တဆောင်ရွက်သူဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်သူဖြစ်စေ အကျုံးဝင်သည်။

(ဒ) **ကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့် အတိုင်းဖြစ်သည်။

(ဓ) **လက်အောက်ခံကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်း ဖြစ်သည်။

(န) **ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းလုပ်ငန်း** ဆိုသည်မှာ -

(၁) ငွေရေးကြေးရေးအဖွဲ့အစည်းက ဆက်သွယ်ဆောင်ရွက်သူအား ထုတ်ပေးနိုင်သော ရန်ပုံငွေ သို့မဟုတ် ငွေရေးကြေးရေးအာမခံများအရ ချေးငွေထုတ်ပေးခြင်း၊ ကြိုတင်ပေးငွေနှင့်အခြားသော ချေးငွေအမျိုးအစားများ ထုတ်ချေးပေးခြင်း သို့မဟုတ်၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်းက ဆက်သွယ်ဆောင်ရွက်သူများ၏ ပေးရန်တာဝန်များကို ၎င်းတို့၏ကိုယ်စား ကျခံပေးခြင်းကိုဆိုသည်။

(ပ) **ငွေစုငွေချေးအသင်းလုပ်ငန်း** ဆိုသည်မှာ အသင်းဝင်များစာရင်းရှိ စုဆောင်းထားသည့် ငွေများကိုအသုံးပြု၍ အသင်းဝင်တစ်ဦးချင်းသို့ စားသုံးမှုအတွက်ဖြစ်စေ၊ ကုန်ထုတ်လုပ်မှုအတွက်ဖြစ်စေ၊ ကူးသန်းရောင်းဝယ်မှုအတွက်ဖြစ်စေ ချေးငွေများထုတ်ပေးခြင်းကို အဓိကထား၍ ဆောင်ရွက်သည့် လုပ်ငန်းကိုဆိုသည်။

(ဖ) **ချေးငွေတိုကင်လုပ်ငန်း** ဆိုသည်မှာ အကြွေးဝယ်ကတ်၊ မြီစားကတ်၊ ကြိုတင်ပေးကတ် သို့မဟုတ် တန်ဖိုးသိုမှီးထားသောကတ် (stored value card) နှင့် ဗဟိုဘဏ်မှ သတ်မှတ်ခွင့်ပြုထားသော အခြားကတ် သို့မဟုတ် အခြားနည်းလမ်းများဖြင့် ချေးငွေတိုကင် ထုတ်ပေးသည့် လုပ်ငန်းကိုဆိုသည်။

(ဗ) **ချေးငွေသတင်းအချက်အလက်ဌာန** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးချင်းအတွက်ဖြစ်စေ၊ ကုမ္ပဏီများအတွက်ဖြစ်စေ ချေးငွေဆိုင်ရာသတင်းအချက်အလက်များကို စုဆောင်းပြီး အခကြေးငွေရယူ၍ အဆိုပါသတင်းအချက်အလက်များ ပံ့ပိုးပေးသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဘ) **အပ်နှံငွေ** ဆိုသည်မှာ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက် သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ငွေအပ်နှံပြီး အဆိုပါငွေအပ်နှံသူက တောင်းဆိုသည့်အခါတွင်ဖြစ်စေ၊ ငွေအပ်နှံသူနှင့် ငွေလက်ခံသူတို့ သဘောတူထားသည့် အချိန်ကာလတစ်ခုတွင်ဖြစ်စေ ငွေပမာဏတစ်ရပ်လုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းအား ပြန်လည်ပေးရမည့် ငွေတစ်ရပ်ကိုဆိုသည်။

(မ) **စာတမ်းအမှတ်အသား** ဆိုသည်မှာ အောက်ပါတို့ ပါဝင်သည် -

(၁) မည်သည့်ပုံစံဖြင့်မဆို သရုပ်ဖော်ထားသည့် သို့မဟုတ် ဖော်ပြထားသည့် အရာဝတ္ထု တစ်ခုခု၊

(၂) အီလက်ထရောနစ်နည်းဖြင့်ဖြစ်စေ၊ သံလိုက်နည်းဖြင့်ဖြစ်စေ၊ စက်မှုပိုင်းဆိုင်ရာ နည်းဖြင့်ဖြစ်စေ ရုပ်သေ သို့မဟုတ် ရုပ်ရှင်ဖြင့် မှတ်တမ်းတင်ထားသည့် မြင်နိုင်သော အရာတစ်ခုခု၊ အသံသွင်းထားသည့် အရာတစ်ခုခု။

(ယ) **ဝန်ထမ်း** ဆိုသည်မှာ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဝန်ထမ်းကိုဆိုသည်။ ထို့ပြင် ယင်းစကားရပ်တွင် အခြားအလုပ်ရှင်က ခေတ္တလွှဲပြောင်းပေးထားသူများ ပါဝင်သည်။

(ရ) **ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်း (Factoring)** ဆိုသည်မှာ သူတစ်ဦးဦးက ရရန်ရှိသည်များကို ငွေရေးကြေးရေးအဖွဲ့အစည်းက လျှော့နှုန်းဖြင့်ဝယ်ယူ၍ ကောက်ခံပြီး ရယူသည့်လုပ်ငန်းကို ဆိုသည်။

(လ) **သင့်လျော်မှန်ကန်ခြင်းရှိမှု (Fit and proper)** ဆိုသည်မှာ ဤဥပဒေအရ အကျုံးဝင်သည့် ပုဂ္ဂိုလ်များအတွက် ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့် စံနှုန်းများကို ဆိုသည်။ ယင်းစကားရပ်တွင် ပုဂ္ဂိုလ်တစ်ဦး၏ ရိုးသားမှု၊ ဖြောင့်မတ်မှု၊ လုံ့လဝီရိယရှိမှု၊ စွမ်းဆောင်ရည်ရှိမှု၊ ဘဏ်လုပ်ငန်းနှင့် စီးပွားရေးလုပ်ငန်းအတွေ့အကြုံရှိမှုတို့ပါဝင်သည်။

(ဝ) **ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်း** ဆိုသည်မှာ အများပြည်သူထံမှ အပ်နှံငွေမယူဘဲ အခြားနည်းဖြင့် ရရှိသည့်ငွေကြေးရန်ပုံငွေဖြင့် ကုန်ပစ္စည်း သို့မဟုတ် ဝန်ဆောင်မှုဝယ်ယူခြင်း အတွက် ချေးငွေထုတ်ပေးသည့်လုပ်ငန်းကို အဓိကဆောင်ရွက်သည့်လုပ်ငန်းကို ဆိုသည်။

(သ) **နိုင်ငံခြားဘဏ်ခွဲ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် ဘဏ်လုပ်ငန်းဆောင်ရွက်ရန် ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲတစ်ခုကိုဆိုသည်။

(ဟ) **အစိုးရအဖွဲ့** ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်ထောင်စုအစိုးရအဖွဲ့ကို ဆိုသည်။

( ဋ ) **အငှားချသည့်လုပ်ငန်း (Leasing)** ဆိုသည်မှာ အငှားချထားသူက ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းကိုငှားယူသူအား ဝယ်ယူသည့်နည်းလမ်းဖြင့်ဖြစ်စေ၊ ဝယ်ယူခြင်း မဟုတ်သည့် နည်းလမ်းဖြင့်ဖြစ်စေ ငှားရမ်းခြင်းကိုဆိုသည်။ ယင်းစကားရပ်တွင် တစ်ဆင့်ငှားရမ်းခြင်း လုပ်ငန်းလည်း ပါဝင်သည်။

( ဆ ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် ဗဟိုဘဏ်က ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ကက)**မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဤဥပဒေအရ ဗဟိုဘဏ်က ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား လုပ်ငန်းလုပ်ကိုင်ရန် ထုတ်ပေးသောခွင့်ပြုချက်ကို ဆိုသည်။

( ခခ ) **ဝန်ကြီးဌာန** ဆိုသည်မှာ ပြည်ထောင်စုအစိုးရ ဘဏ္ဍာရေးဝန်ကြီးဌာနကို ဆိုသည်။

( ဂဂ ) **ငွေကြေးဝန်ဆောင်မှုလုပ်ငန်း** ဆိုသည်မှာ အောက်ပါတစ်ခုခုကို ဆောင်ရွက်သည့် လုပ်ငန်းကို ဆိုသည် -

( ၁ ) ငွေလွှဲခြင်း၊

( ၂ ) ငွေပေးချေမှုလုပ်ငန်းများကို လုပ်ကိုင်ခြင်း၊

( ၃ ) ချက်လက်မှတ်များကိုငွေသားဖြင့်လဲလှယ်ပေးခြင်း၊

( ၄ ) ခရီးသွားချက်လက်မှတ် သို့မဟုတ် ငွေပေးအမိန့်လက်မှတ်များ ထုတ်ဝေခြင်းနှင့် ရောင်းချခြင်း။

(ဃဃ)**ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့် ဆက်နွှယ်သည့်အရာရှိ** ဆိုသောစကားရပ်တွင် အောက်ပါတို့ ပါဝင်သည် -

( ၁ ) အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒုတိယအမှုဆောင်အရာရှိချုပ်၊

( ၂ ) ငွေရေးကြေးရေးအရာရှိချုပ်၊

( ၃ ) ငွေရေးကြေးရေးအဖွဲ့အစည်းတွင် စီမံခန့်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်သော အခြားဝန်ထမ်းများ။

( ငင ) **ငွေပေးချေမှုစနစ်** ဆိုသည်မှာ အောက်ပါတို့မှအပ ငွေကြေး သို့မဟုတ် ငွေချေးသက်သေခံ လက်မှတ်များကို စာရင်းရှင်းလင်းခြင်း သို့မဟုတ် ပေးချေခြင်း သို့မဟုတ် လွှဲပြောင်းခြင်း စနစ် သို့မဟုတ် အစီအစဉ်တစ်ရပ်ရပ် ကိုဆိုသည်-

( ၁ ) ပုဂ္ဂိုလ်တစ်ဦးဦးက ကိုယ်ပိုင်စီမံခန့်ခွဲမှုကိစ္စရပ်အတွက် ဆောင်ရွက်သည့် ဌာနတွင်း ငွေပေးချေမှုစနစ်၊

( ၂ ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားငွေပေးချေမှုစနစ်များ သို့မဟုတ် အစီအစဉ်များ။

( စစ ) **ငွေပေးချေမှုနည်းလမ်းများ** ဆိုသည်မှာ ငွေ၊ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုများ ရယူရာ၌ သော်လည်းကောင်း၊ ပေးချေရန်အတွက်သော်လည်းကောင်း အသုံးပြုနိုင်သည့် ထိတွေ့နိုင်သော သို့မဟုတ် မထိတွေ့နိုင်သော ငွေပေးချေမှုနည်းလမ်းတစ်ခုခုကိုဆိုသည်။

(ဆဆ) **လုပ်ငန်းတည်နေရာ** ဆိုသည်မှာ သက်ဆိုင်ရာငွေရေးကြေးရေးအဖွဲ့အစည်း၏ရုံး သို့မဟုတ် ရုံးခွဲကို ဆိုသည်။

(ဇဇ) **ဆွေမျိုးသားချင်း** ဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦး၏ ဇနီး သို့မဟုတ် ခင်ပွန်း၊ ညီအစ်ကို မောင်နှမများ၊ ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ ညီအစ်ကို မောင်နှမများ၊ ထိုသူနှင့် ထိုသူ၏ဇနီး သို့မဟုတ် ခင်ပွန်း၏ မိဘ၊ ဘိုးဘွားနှင့်ဆက်ခံသူ သားသမီး၊ မြေးမြစ်များ၊ ၎င်းကိုမှီခိုသူများနှင့် မွေးစားခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆွေမျိုးတော်စပ်သူများကို ဆိုသည်။

(ဈဈ) **ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုနှင့်ဆက်နွှယ်သူများ** ဆိုသည်မှာ -

(၁) ငွေရေးကြေးရေးအဖွဲ့အစည်းတွင် အကျိုးစီးပွားအများအပြားရှိသူ သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းတစ်ခုက ပုဂ္ဂိုလ်ထံတွင် သိသာထင်ရှားသော အကျိုးခံစားခွင့်ရှိခြင်း၊

(၂) ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာ သို့မဟုတ် အရာရှိတစ်ဦးဦး သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းကို ထိန်းချုပ်နိုင်သောစီးပွားရေး လုပ်ငန်းတစ်ခု၊

(၃) ပုဒ်မခွဲငယ် (၁) နှင့် (၂) တို့ပါ လူပုဂ္ဂိုလ် တစ်ဦး၏ဆွေမျိုးသားချင်းတစ်ဦးဦး၊

(၄) ပုဒ်မခွဲငယ် (၁) မှ (၃) ထိ ဖော်ပြထားသော ပုဂ္ဂိုလ်တစ်ဦးဦးက ထိန်းချုပ်သည့် အဖွဲ့အစည်းတစ်ခုခု၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်း၌ ယခင် သို့မဟုတ် လက်ရှိကာလတွင် အကျိုးစီးပွားများစွာရှိနေခြင်း သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်ဆက်နွှယ်ပတ်သက်နေခြင်းတို့ကြောင့် ဆက်နွှယ်နေသူဟု ဗဟိုဘဏ်က သတ်မှတ်ခြင်းခံရသူ။

(ညည) **ဖယောဝင်အဖွဲ့အစည်း** ဆိုသည်မှာ ဤဥပဒေအရ မဟုတ်ဘဲ အခြားသီးခြား ဥပဒေတစ်ရပ်ရပ်အရ တည်ထောင်ထားရှိပြီး သီးသန့်လူအုပ်စု၊ အသိုက်အဝန်းတစ်ခုအတွက် ငွေရေးကြေးရေးဝန်ဆောင်မှုပေးသည့် အောက်ပါအဖွဲ့အစည်းများကို ဆိုသည် -

(၁) ကျေးလက်ဖွံ့ဖြိုးရေးဘဏ်၊

(၂) စိုက်ပျိုးရေးဘဏ်၊

(၃) အသေးစားငွေရေးကြေးရေးလုပ်ငန်းဥပဒေအရ လိုင်စင်ထုတ်ပေးထားသော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၊

(၄) ငွေစုငွေချေးအသင်းများ၊

(၅) စာတိုက်ငွေစုဘဏ်။

(ဋဋ) **ငွေချေးသက်သေခံလက်မှတ်** ဆိုသည်မှာ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေး ဥပဒေတွင် အဓိပ္ပာယ်ဖွင့်ဆိုထားသည့်အတိုင်းဖြစ်သည်။

(၄၄) **အဓိကကျသည့်အကျိုးစီးပွား** ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်သည့်အတိုင်း ငွေရေးကြေးရေးအဖွဲ့အစည်း၏ မတည်ရင်းနှီးငွေ သို့မဟုတ် ဆန္ဒမဲပေးပိုင်ခွင့်ကို ၁၀ ရာခိုင်နှုန်းနှင့်အထက်တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပိုင်ဆိုင်မှုကိုသော်လည်းကောင်း၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ စီမံခန့်ခွဲပိုင်ခွင့်ကိုတိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ထိန်းချုပ်ကွပ်ကဲနိုင်မှုကိုသော်လည်းကောင်း ဆိုသည်။

(၄၅) **ဆက်နွယ်နေသည့်ကုမ္ပဏီ** ဆိုသည်မှာ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ ၂၀ ရာခိုင်နှုန်းထက်မနည်း ၅၀ ရာခိုင်နှုန်းထက် မပိုသော အစုရှယ်ယာများအား ထိန်းချုပ်ပိုင်ဆိုင်သည့် အခြားကုမ္ပဏီကို ဆိုသည်။

## အခန်း (၂)

## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) နိုင်ငံတော်၏ စီးပွားရေး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) နိုင်ငံတော်၏ ငွေရေးကြေးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ဂ) နိုင်ငံတော်အတွင်းရှိ ဘဏ်နှင့်ငွေရေးကြေးရေးအဖွဲ့အစည်းများက ငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းများကို နိုင်ငံတကာမှ ကျင့်သုံးနေသည့် စံနှုန်းများနှင့်အညီ ဆောင်ရွက်နိုင်စေရန်၊

(ဃ) ဗဟိုဘဏ်က ငွေရေးကြေးရေးအဖွဲ့အစည်းများအား နိုင်ငံတကာစံသတ်မှတ်ချက်များနှင့်အညီ ထိရောက်စွာကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်းပြုနိုင်ရန်၊

(င) ငွေအပ်နှံသူများ၏ အကျိုးစီးပွားအား အကာအကွယ်ပေးရန်နှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်မှု၊ လုံခြုံမှုနှင့် ခိုင်မာမှုကို ထိန်းသိမ်းရန်။

## အခန်း (၃)

## ဖွဲ့စည်းတည်ထောင်ခြင်း

၄။ ငွေရေးကြေးရေးအဖွဲ့အစည်းများကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရလည်းကောင်း၊ အထူးကုမ္ပဏီအက်ဥပဒေအရလည်းကောင်း ပေးရန်တာဝန်ကန့်သတ်ထားသည့် လီမိတက်ကုမ္ပဏီအဖြစ် ဖွဲ့စည်းတည်ထောင်ရမည်။ နိုင်ငံတော်ပိုင်ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်လျှင် ဤဥပဒေနှင့်အညီ တည်ထောင်ထားရှိသော ငွေရေးကြေးရေးအဖွဲ့အစည်းဖြစ်သည်ဟု မှတ်ယူရမည်။

## အခန်း (၄)

## ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ ယေဘုယျတာဝန်နှင့်လုပ်ပိုင်ခွင့်များ

၅။ ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) လိုင်စင်ထုတ်ပေးခြင်း၊

(ခ) မှတ်ပုံတင်ပေးခြင်း၊ အတည်ပြုခြင်းနှင့် လုပ်ပိုင်ခွင့်အပ်နှင်းခြင်း၊

(ဂ) ဘဏ်နှင့်ဘဏ် မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ဤဥပဒေနှင့်အညီ ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း၊

(ဃ) ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများအား ဤဥပဒေအရ ထုတ်ပြန်ထားသော အမိန့်၊စည်းမျဉ်း၊ ညွှန်ကြားချက်နှင့်လမ်းညွှန်ချက်များကို လိုက်နာစေခြင်း၊

(င) ဘဏ်နှင့်ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအား သတ်မှတ်ချက်များနှင့်အညီ သတင်းအချက်အလက်များနှင့်ကာလအလိုက် အစီရင်ခံစာများကို ဗဟိုဘဏ်သို့ တင်ပြစေခြင်း၊

(စ) ဘဏ်လုပ်ငန်းစနစ်နှင့်ငွေပေးချေမှုစနစ်တွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ အကာအကွယ်ပေးမှုကို ဖော်ဆောင်မြှင့်တင်ခြင်း၊ အကောင်အထည်ဖော်ခြင်းနှင့်အရေးယူ ဆောင်ရွက်ခြင်း၊

(ဆ) ဤဥပဒေနှင့်အညီအပ်နှင်းသည့် အခြားလုပ်ပိုင်ခွင့်များ။

၆။ ဗဟိုဘဏ်သည် ဤဥပဒေပါ မိမိ၏လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) မိမိ၏ဝန်ထမ်းတစ်ဦးဦးကို သတ်မှတ်ချက်များနှင့်အညီ လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) မိမိ၏ ဝန်ထမ်းမဟုတ်သူတစ်ဦးဦးကို ဗဟိုဘဏ်၏ လုပ်ငန်းတာဝန်တစ်ရပ်ရပ်ကို ဆောင်ရွက်ရန်ဖြစ်စေ၊ လုပ်ပိုင်ခွင့်တစ်ခုခုကို ကျင့်သုံးရန်ဖြစ်စေ၊ တာဝန်တစ်ရပ်ရပ်ကို ထမ်းဆောင်ရန်ဖြစ်စေ ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့က သတ်မှတ်ချက်ဖြင့် ခန့်အပ်နိုင်သည်။

၇။ ဗဟိုဘဏ်သည် မိမိ၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရာတွင်-

(က) ဤဥပဒေနှင့်အကျုံးမဝင်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများ၊ ပြည်တွင်းနှင့်နိုင်ငံတကာမှ အခြားငွေရေးကြေးရေး ကြပ်မတ် ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။ ဘဏ်များ သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်းသည့် သတင်းအချက် အလက်များ ဖလှယ်နိုင်သည်။

(ခ) ငွေရေးကြေးရေးစနစ်လုံခြုံမှုနှင့် ခိုင်မာမှုရှိစေရန် အခြားငွေရေးကြေးရေး ကြပ်မတ် ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် နားလည်မှုစာချွန်လွှာနှင့် အခြားသင့်လျော်သည့် စာချုပ်များ ချုပ်ဆိုနိုင်သည်။

(ဂ) နိုင်ငံခြားဘဏ်များ၏ ဘဏ်ခွဲများနှင့် နိုင်ငံခြားဘဏ်များ သို့မဟုတ် နိုင်ငံခြားရင်းနှီး မြှုပ်နှံသူက အဓိကအကျိုးစီးပွားပိုင်ဆိုင်မှုရှိသည့် ဘဏ်နှင့် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများကို ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

ပြုရာတွင် ဗဟိုဘဏ်သည်ပြည်ပမှသက်ဆိုင်ရာ ကြပ်မတ်ကွပ်ကဲသည့် အဖွဲ့အစည်းများနှင့် လိုအပ်သည့်သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်နိုင်ရေးအတွက် အပြန်အလှန်ဆောင်ရွက်မှုအခြေခံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်သည်။

(ဃ) ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များချုပ်ဆိုနိုင်ပြီး ယင်းပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များတွင် နားလည်မှုစာချွန်လွှာနှင့် အခြားအစီအစဉ်များအရ ရရှိသော သတင်းအချက်အလက်များကို လျှို့ဝှက်ထားရှိရန်အချက်ပါရှိရမည်။

## အခန်း (၅)

## လိုင်စင်

၈။ (က) ဤဥပဒေအရ ဘဏ်လုပ်ငန်းလုပ်ကိုင်လိုသူသည် လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ပုံစံဖြင့် အောက်ပါစာတမ်းအမှတ်အသားများ ပူးတွဲ၍လျှောက်ထားရမည် -

(၁) နိုင်ငံတော်တွင် ဥပဒေနှင့်အညီ ဖွဲ့စည်းထားသော ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ကြောင်း စာတမ်းအမှတ်အသား၊

(၂) အဆိုပြုလျှောက်ထားသူ၏ သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်း မိတ္တူတစ်စောင်နှင့် ယင်း၏ ဖွဲ့စည်းခြင်းဆိုင်ရာ အခြားစာတမ်းအမှတ်အသားတစ်ခုခု၊

(၃) အဓိက စီးပွားရေးလုပ်ငန်းလုပ်ကိုင်ရန် အဆိုပြုနေရာနှင့် အဆိုပြုဘဏ်၏ရုံးခွဲများ၊

(၄) လျှောက်ထားသူ၏ စာရင်းစစ်ဆေးပြီးသော ငွေစာရင်းရှင်းတမ်းများနှင့် အရှုံးအမြတ်စာရင်းမိတ္တူများ၊

(၅) အဆိုပြုအဖွဲ့အစည်း၏ ခွင့်ပြုမတည်ငွေရင်းနှင့် ထည့်ဝင်ပြီးမတည်ငွေရင်း၊

(၆) အဆိုပြုအဖွဲ့အစည်းအတွက် ဆောင်ရွက်မည့် လုပ်ငန်းအမျိုးအစား သတ်မှတ်ဖော်ပြချက်နှင့် ဖွဲ့စည်းတည်ဆောက်ပုံဖော်ပြချက်၊

(၇) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသူ ပိုင်ရှင်၏ အရည်အချင်းနှင့်အတွေ့အကြုံများ၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းကျွမ်းကျင်မှုနှင့်ငွေရေးကြေးရေးအခြေအနေ၊

(၈) အဆိုပြုအဖွဲ့အစည်း၏ ဒါရိုက်တာများနှင့် အမှုဆောင်အရာရှိချုပ်တို့၏ အရည်အချင်းနှင့်အတွေ့အကြုံများ၊

(၉) လျှောက်ထားသူက မိမိနှင့်ဒါရိုက်တာများ၊ အမှုဆောင်အရာရှိချုပ်၊ လုပ်ငန်းတွဲဖက်သက်ဆိုင်သူများ၏ငွေရေးကြေးရေး၊ ပြစ်မှုကင်းရှင်းကြောင်းနှင့်လုပ်ငန်းကျွမ်းကျင်မှုနောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၁၀) အဆိုပြုအဖွဲ့အစည်း၏ ပိုင်ရှင်များ၊ ဒါရိုက်တာများနှင့်အမှုဆောင်အရာရှိချုပ်တို့က မိမိတို့နှင့်လုပ်ငန်းတွဲဖက် သက်ဆိုင်သူများ၏ငွေရေးကြေးရေး၊ ပြစ်မှုကင်းရှင်းကြောင်းနှင့်လုပ်ငန်းကျွမ်းကျင်မှု နောက်ကြောင်းကို ဗဟိုဘဏ်က စုံစမ်းစစ်ဆေးရေးအတွက် ခွင့်ပြုသည့်ခွင့်ပြုချက်၊

(၁၁) ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်သည့် အခြားအချက်အလက်များ။

( ခ ) ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ဥပဒေတစ်ရပ်ရပ်ဖြင့်တည်ထောင်ခဲ့သော နိုင်ငံတော်ပိုင် ဘဏ်များသည် ဤဥပဒေအရ လိုင်စင်ပြန်လည်လျှောက်ထားခြင်းကို ပုဒ်မ ၁၇၆ ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဆောင်ရွက်ရမည်။

၉။ နိုင်ငံခြားဘဏ်တစ်ခုခုသည် နိုင်ငံတော်တွင် မိမိ၏လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲတစ်ခုခုဖွင့်လှစ်တည်ထောင်၍ ဘဏ်လုပ်ငန်းလုပ်ကိုင်နိုင်ရေးအတွက် လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ပုံစံဖြင့် လျှောက်ထားရမည်။ ယင်းသို့ လျှောက်ထားရာတွင် ပုဒ်မ ၈ ပါစာတမ်းအမှတ်အသားများအပြင် အောက်ပါစာတမ်းအမှတ်အသားများကိုပါပူးတွဲတင်ပြရမည် -

(က) အပြည်ပြည်ဆိုင်ရာ မြီရှင်အဆင့်သတ်မှတ်သည့် အေဂျင်စီတစ်ခုက မြီရှင်အဆင့်သတ်မှတ်သည့် အစီရင်ခံစာ (Credit rating report)၊

( ခ ) မတည်ငွေရင်း အခြေအနေဖော်ပြချက်နှင့်စုစုပေါင်းရရန်ပိုင်ခွင့်နှင့် မတည်ငွေရင်းအရ မိခင်နိုင်ငံ၌လည်းကောင်း၊ ကမ္ဘာလုံးဆိုင်ရာ၌လည်းကောင်း မိမိဘဏ်၏ အဆင့်သတ်မှတ်ချက်၊

( ဂ ) နိုင်ငံခြားဘဏ်က နိုင်ငံတော်ရှိ မိမိ၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲ၏ လုပ်ငန်းဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် တာဝန်များအားလုံးကို ကာမိစေမည့် ငွေကြေးရန်ပုံငွေထည့်ဝင်မည်ဖြစ်ကြောင်း ကတိပြုဝန်ခံစာ၊

(ဃ) နိုင်ငံခြားဘဏ်၏ အဓိကလုပ်ငန်းနေရာ တည်ရှိသည့်နိုင်ငံ၏ ဘဏ်လုပ်ငန်း ကြပ်မတ်ကွပ်ကဲသူက အောက်ပါအချက်များအတွက် ထောက်ခံစာ -

(၁) နိုင်ငံခြားဘဏ်သည် ထိုနိုင်ငံတွင် ဘဏ်လုပ်ငန်းလုပ်ကိုင်ရန် တရားဝင်လိုင်စင်ရရှိထားကြောင်း၊

(၂) နိုင်ငံခြားဘဏ်ကို ထိုနိုင်ငံ၏ဥပဒေအရ နိုင်ငံတော်တွင် လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖွင့်လှစ်လုပ်ကိုင်ရန် ခွင့်ပြုထားကြောင်း၊

(၃) နိုင်ငံခြားဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ထိုရာထူးအတွက် သင့်လျော်မှန်ကန်မှုမရှိသည့်အချက်အလက်များ မတွေ့ရှိရကြောင်း။

၁၀။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၈ နှင့် ၉ တို့အရ လျှောက်ထားသည့် လိုင်စင်လျှောက်လွှာကို စိစစ်၍ သတ်မှတ်ချက်များနှင့် ပြည့်စုံကြောင်းတွေ့ရှိရပါက လိုင်စင်လျှောက်ထားချက်ကို ခွင့်ပြုနိုင်သည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါအခြေအနေတစ်ရပ်ရပ် ပေါ်ပေါက်ကြောင်းတွေ့ရှိလျှင် လျှောက်လွှာကို ငြင်းပယ်ရမည် -

(၁) ဤဥပဒေပါ လိုင်စင်ထုတ်ပေးရန် လိုအပ်ချက်များနှင့် မပြည့်စုံခြင်း၊

(၂) လိုင်စင်လျှောက်လွှာတွင် ပါရှိသည့် သတင်းအချက်အလက်ဖြစ်စေ၊ ယင်းနှင့် ဆက်စပ်၍ ပူးတွဲတင်ပြသည့် သတင်းအချက်အလက်တစ်ရပ်ရပ်တွင်ဖြစ်စေ မှားယွင်းကြောင်း၊ လွဲမှားထင်မှတ်စေကြောင်း သို့မဟုတ် မတိကျကြောင်း တွေ့ရှိခြင်း၊

(၃) လျှောက်ထားသူသည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံ၏အခြား ဥပဒေ တစ်ရပ်ရပ်အရ လိုအပ်ချက်များကို လိုက်နာနိုင်ဖွယ်ရာမရှိကြောင်း ညွှန်ပြချက် ရှိသည်ဟု ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၄) အဆိုပြုအဖွဲ့အစည်းတွင် အဓိကကျသည့် အကျိုးစီးပွားရှိသူတစ်ဦးဦးက လျှောက်ထားသူအပေါ် ဩဇာလွှမ်းမိုးသောကြောင့် လျှောက်ထားသူ၏စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၅) လျှောက်ထားသူသည် အဖွဲ့အစည်းအုပ်စုတစ်စုနှင့် ဆက်နွယ်နိုင်ခြေရှိပြီး ထိုအဖွဲ့အစည်းအုပ်စုသည် လျှောက်ထားသူ၏ စီမံခန့်ခွဲမှုကို ထိခိုက်လာနိုင်ကြောင်း သို့မဟုတ် ဗဟိုဘဏ်၏ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း တာဝန် ထမ်းဆောင်ရာတွင် အဟန့်အတားဖြစ်စေကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း၊

(၆) နိုင်ငံတော်၏ လက်ရှိစီးပွားရေးနှင့်ငွေရေးကြေးရေး အခြေအနေများအရ လျှောက်ထားသူ၏ လိုင်စင်လျှောက်ထားမှုကို ငြင်းပယ်သင့်ကြောင်း ဗဟိုဘဏ်က ဆုံးဖြတ်ခြင်း။

၁၁။ ဗဟိုဘဏ်သည်-

(က) ပြည့်စုံသည့် လျှောက်လွှာကိုရရှိပါက သတ်မှတ်ချက်များနှင့်အညီ ထပ်မံစိစစ်ပြီး လက်ခံ ရရှိသည့်နေ့ရက်မှ ခြောက်လထက် နောက်မကျစေဘဲ လျှောက်ထားသူအား လိုင်စင် ထုတ်ပေးမည်ဖြစ်ကြောင်း သို့မဟုတ် ငြင်းပယ်မည်ဖြစ်ကြောင်း စာဖြင့်ပြန်ကြား ရမည်။

(ခ) မပြည့်စုံသည့်လျှောက်လွှာကို လိုအပ်ချက်များ ထပ်မံလုပ်ဆောင်နိုင်ရန် ပြန်ပေးရမည်။ သတ်မှတ်ရက်အတွင်း လိုအပ်ချက်များပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်းမရှိသော လျှောက်ထားချက်နှင့်စပ်လျဉ်း၍ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ကြောင်း စာဖြင့် ပြန်ကြားရမည်။

(ဂ) လျှောက်ထားချက်လက်ခံရန် ဆုံးဖြတ်ပါက လိုအပ်သော စည်းမျဉ်းစည်းကမ်းများကို သတ်မှတ်ဖော်ပြပေးရမည်။ ဗဟိုဘဏ်သည် ဘဏ်၏လုပ်ငန်းခိုင်မာတည်တံ့စွာ

လုပ်ကိုင်ရေးကိုဖြစ်စေ၊ ငွေရေးကြေးရေးစနစ်ကိုဖြစ်စေ၊ ဘဏ်သို့ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နိုင်သည့်ကိစ္စရပ်တစ်ခုခုပေါ်ပေါက်လျှင် စည်းမျဉ်း၊ စည်းကမ်းတစ်ခုခုကို လိုအပ်သလို ပြောင်းလဲပြင်ဆင်နိုင်သည်။

(ဃ) ဗဟိုဘဏ်သည် လိုင်စင်ရဘဏ်များ၏စာရင်းကို နှစ်စဉ်အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၂။ ဘဏ်လုပ်ငန်းဆောင်ရွက်သူသည် အောက်ပါအချက်များနှင့် ညီညွတ်ရမည် -

(က) မြန်မာနိုင်ငံတွင် ဥပဒေနှင့်အညီဖွဲ့စည်းထားသော ကုမ္ပဏီဖြစ်ပြီး ဗဟိုဘဏ်က ထုတ်ပေးသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(ခ) နိုင်ငံခြားဘဏ်၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲဖြစ်ပြီး ဗဟိုဘဏ်က ထုတ်ပေးထားသော တရားဝင်လိုင်စင်ရရှိထားခြင်း၊

(ဂ) ပုဒ်မ ၁၉ အရ ကင်းလွတ်ခွင့်ရရှိထားသူဖြစ်ခြင်း။

၁၃။ လိုင်စင်ရရှိထားသော ဘဏ်များသည်-

(က) ဗဟိုဘဏ်က သတ်မှတ်ထားသည့်လိုင်စင်ပါ စည်းမျဉ်းစည်းကမ်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ရရှိသည့်နေ့မှ တစ်နှစ်အတွင်း လုပ်ငန်းကို စတင်လုပ်ကိုင်ရမည်။

(ဂ) ဤဥပဒေအရခွင့်ပြုထားသည့် ဘဏ်လုပ်ငန်းများကို သတ်မှတ်ထားသည့် စည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းမှအပ အခြားမည်သည့်လုပ်ငန်းကိုမျှ ဆောင်ရွက်ခြင်း မပြုရ။

(ဃ) မိမိလိုင်စင်မိတ္တူတစ်စောင်ကို မိမိ၏လုပ်ငန်းနေရာတွင်သော်လည်းကောင်း၊ မြန်မာနိုင်ငံ အတွင်းရှိ လုပ်ငန်းလုပ်ဆောင်ရာနေရာတိုင်းတွင်သော်လည်းကောင်း ထင်ရှားစွာပြသထား ရမည်။

၁၄။ (က) ဗဟိုဘဏ်သည် ဘဏ်၏ကွဲပြားသော လုပ်ငန်းအတွက်ဖြစ်စေ၊ မတူညီသောအတန်းအစား၊ အမျိုးအစားများအတွက်ဖြစ်စေ ကွဲပြားသောလိုင်စင်ကြေးများကို သတ်မှတ်ထားရှိရမည်။

(ခ) လိုင်စင်ရရှိသောဘဏ်များသည် လိုင်စင်ထုတ်ပေးသည့်နေ့၏ နှစ်ပတ်လည် နေ့မတိုင်မီ တစ်လထက် နောက်မကျစေဘဲ အောက်ပါတို့ကို ပေးဆောင်ရမည် -

(၁) လိုင်စင်ရရှိသည့်အခါလိုင်စင်ကြေး၊

(၂) အဓိကလုပ်ငန်း လုပ်ဆောင်သည့် နေရာရှိ ရုံးချုပ်အပြင် နိုင်ငံတော်အတွင်းတွင် ရုံးတစ်ခုခုဖွင့်လှစ်ခြင်းအတွက်အခကြေးငွေ၊

(၃) အဓိကလုပ်ငန်း လုပ်ဆောင်ရာနေရာရှိ ရုံးချုပ်အပါအဝင် ရုံးအသီးသီးအတွက် ထုတ်ပေးသောလိုင်စင်အတွက် နှစ်စဉ်ကြေး။

၁၅။ ဗဟိုဘဏ်သည် ဘဏ်တစ်ခုခုကို အောက်ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်လျှင် မိမိထုတ်ပေးထားသော လိုင်စင်ကိုရုပ်သိမ်းနိုင်သည်-

(က) ဘဏ်များအတွက် ပြဋ္ဌာန်းသတ်မှတ်သည့် အနည်းဆုံးမတည်ငွေရင်းကို သတ်မှတ်ကာလအတွင်း ထည့်ဝင်ရန်ပျက်ကွက်ခြင်း၊

(ခ) လုပ်ငန်းဆုံးရှုံးမှုကြောင့် လျော့နည်းသွားသည့် အနည်းဆုံးမတည်ငွေရင်း လိုအပ်ချက်ကို သတ်မှတ်ကာလအတွင်း ပြည့်မီအောင်ဖြည့်တင်းရန်ပျက်ကွက်ခြင်း၊

(ဂ) တည်ဆဲဥပဒေများကို ဘဏ်အနေဖြင့်ဖောက်ဖျက်ခြင်းနှင့် ဗဟိုဘဏ်၏သတ်မှတ်ချက်များကို သတ်မှတ်ကာလအတွင်းလိုက်နာရန် ပျက်ကွက်ခြင်း၊

(ဃ) မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းခံရခြင်း သို့မဟုတ် လူမွဲအဖြစ်ခံယူခြင်း၊

(င) အခြားအဖွဲ့အစည်းတစ်ခုနှင့် ပူးပေါင်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ၊ မိမိအဖွဲ့အစည်းကို ခွဲခြမ်းဖွဲ့စည်းခြင်းကြောင့်ဖြစ်စေ မူလတရားဝင်ရပ်တည်မှု ပျောက်ကွယ်သွားခြင်း၊

(စ) လိုင်စင်ကို ရုပ်သိမ်းခြင်းကြောင့် အမျိုးသားအကျိုးစီးပွားနှင့် ယင်းဘဏ်တွင် ငွေအပ်နှံသူများ အကျိုးစီးပွားကို ထိခိုက်နိုင်ခြင်းမရှိဟု ဗဟိုဘဏ်က ယုံကြည်ကျေနပ်မှုရှိခြင်း၊

(ဆ) ဘဏ်က လိုင်စင်လျှောက်ထားခြင်းနှင့်စပ်လျဉ်း၍ မှားယွင်းသော သို့မဟုတ် အရေးကြီးသော အချက်တွင် လွဲမှားထင်ဟပ်စေသော သတင်းအချက်အလက်များပေးခြင်း၊

(ဇ) ဘဏ်သည် လိုင်စင်ရရှိသည့်နေ့ရက်မှ တစ်နှစ်အတွင်း ခွင့်ပြုထားသော ဆောင်ရွက်ချက်များကို စတင်ဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဈ) ဘဏ်သည် လုပ်ငန်းလည်ပတ်ဆောင်ရွက်နေစဉ်အတွင်း ခိုင်လုံသောအကြောင်းပြချက်မရှိဘဲ ခွင့်ပြုထားသောလုပ်ငန်းများကိုဆောင်ရွက်ရန် တစ်ဆက်တည်း သုံးလ ပျက်ကွက်ခြင်း၊

(ည) ဘဏ်သည် ခွင့်ပြုထားသော ဆောင်ရွက်ချက်များကို ငွေအပ်နှံသူများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်နစ်နာစေသော နည်းလမ်းဖြင့်ဆောင်ရွက်ခြင်း၊

(ဋ) လိုင်စင်ကို ဆက်လက်ခွင့်ပြုခြင်းဖြင့် အမျိုးသားအကျိုးစီးပွားကို ထိခိုက်နိုင်ခြင်း၊

(ဌ) လိုင်စင်ကိုဆက်လက်ခွင့်ပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ငွေရေးကြေးရေးစနစ် တည်ငြိမ်မှုကို ထိခိုက်ခြင်း၊

(ဍ) ဘဏ်သည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ဤဥပဒေနှင့် ယင်းတို့အရ ထုတ်ပြန်သော စည်းမျဉ်းကိုဖောက်ဖျက်ခြင်း၊

(ဎ) ဘဏ်သည် ဗဟိုဘဏ်ကထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း၊

(ဏ) ဘဏ်သည် ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်မှုမရှိခြင်း သို့မဟုတ် သင့်လျော်သော အချိန်ကာလအတွင်း ကြွေးမြီများကို အပြည့်အဝပေးဆပ်နိုင်ဖွယ်ရာမရှိခြင်း၊

(တ) ဘဏ်သည် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရှိဘဲ အခြားဘဏ်တစ်ခုခုနှင့် ပေါင်းစပ်ဖွဲ့စည်းခြင်း၊

(ထ) ဘဏ်သည် ၎င်း၏ဘဏ်လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုခြင်းမရှိ၍ လိုင်စင် ရုပ်သိမ်းပေးရန် ဗဟိုဘဏ်သို့ လျှောက်ထားခြင်း။

၁၆။ ဗဟိုဘဏ်သည်-

(က) လိုင်စင်ရုပ်သိမ်းခြင်းကို ပုဒ်မ ၁၅ ပါအခြေအနေတစ်ရပ်ရပ်ပေါ်ပေါက်သည့်နေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း စဉ်းစားဆုံးဖြတ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ရသည့် အကြောင်းရင်းဆိုင်ရာ သတင်း အချက်အလက်များကို သက်ဆိုင်ရာဘဏ်သို့ စာဖြင့်ပြန်ကြားရမည်။

၁၇။ ဗဟိုဘဏ်သည် ပုဒ်မ ၁၅ နှင့် ၁၆ တို့အရ လိုင်စင်ကိုရုပ်သိမ်းရန် ဆုံးဖြတ်သည့်အခါ လိုင်စင်ကို ရုပ်သိမ်းကြောင်း အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

၁၈။ ဘဏ်သည် မိမိ၏ သင်းဖွဲ့မှတ်တမ်း သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းကို ပြောင်းလဲပြင်ဆင်လိုပါက ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၁၉။ (က) ဤဥပဒေသည် ဖယားဝင်အဖွဲ့အစည်းများနှင့် မသက်ဆိုင်စေရ။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ အောက်ပါအချက်တစ်ရပ်ရပ်အရ ဗဟိုဘဏ်၏ ထောက်ခံချက်ဖြင့် ဝန်ကြီးဌာနကဆုံးဖြတ်လျှင် ဖယားဝင်အဖွဲ့အစည်းများသည် ဤဥပဒေတစ်ရပ်လုံး သို့မဟုတ် အစိတ်အပိုင်းတစ်ရပ်ရပ်နှင့် သက်ဆိုင်စေရမည် -

(၁) ငွေအပ်နှံသူများ သို့မဟုတ် အများပြည်သူ အကျိုးစီးပွား ကာကွယ်ရန်အလို့ငှာ လိုအပ်ခြင်း၊

(၂) ဖယားဝင်အဖွဲ့အစည်းများ၏ စုစုပေါင်းရရန်ပိုင်ခွင့်များသည် ဤပုဒ်မ အလို့ငှာ ဗဟိုဘဏ်က စည်းမျဉ်းဖြင့်သတ်မှတ်သည့် ပမာဏထက် ကျော်လွန်နေခြင်း၊

(၃) ယင်းအဖွဲ့အစည်းက ဘဏ်လုပ်ငန်းစနစ် သို့မဟုတ် ငွေရေးကြေးရေးစနစ် တစ်ရပ်လုံး၏ တည်ငြိမ်မှုနှင့် ခိုင်မာမှုကို ထိခိုက်နိုင်ဖွယ်ရှိခြင်း၊

(၄) ယင်းအဖွဲ့အစည်းက ဤဥပဒေအရ ဘဏ် သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေး ကြေးရေး အဖွဲ့အစည်းအဖြစ် လိုင်စင်ရယူခြင်း သို့မဟုတ် မှတ်ပုံတင်ခြင်းမှ တိမ်းရှောင်ရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်နေခြင်း။

(ဂ) ဝန်ကြီးဌာနသည် ပုဒ်မခွဲ (ခ) ပါဆုံးဖြတ်ချက်ကို အကျိုးသက်ရောက်စေရန် အမိန့် တစ်ရပ်ကို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) ဝန်ကြီးဌာန သို့မဟုတ် ဗဟိုဘဏ်သည် သက်ဆိုင်ရာ ဖယားဝင်အဖွဲ့အစည်းအား အမိန့် မထုတ်မီ ကိုယ်စားပြုတင်ပြစေရန်အတွက် အခွင့်အရေးပေးရန် မလိုအပ်ပါ။

(င) ပုဒ်မခွဲ (ခ) အရ ဝန်ကြီးဌာနကထုတ်ပြန်သော အမိန့်တစ်ရပ်ရပ်သည် ဤဥပဒေ၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်ပြီး ဤဥပဒေတွင်ပါရှိသကဲ့သို့ မှတ်ယူရမည်။

(စ) ဤပုဒ်မပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနသည် လိုအပ်သောစည်းမျဉ်းများကိုလည်းကောင်း၊ ဗဟိုဘဏ်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကိုလည်းကောင်း ထုတ်ပြန်နိုင်သည်။

(ဆ) ဇယားဝင်အဖွဲ့အစည်းတည်ထောင်ရန် ပြဋ္ဌာန်းထားသည့် တည်ဆဲဥပဒေတစ်ရပ်ရပ်တွင် သော်လည်းကောင်း၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင်သော်လည်းကောင်း ပြဋ္ဌာန်းချက် တစ်စုံတစ်ရာပါရှိသော်လည်း ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့် ဤပုဒ်မအရ ထုတ်ပြန်သော စည်းမျဉ်း သို့မဟုတ် အမိန့်တစ်ရပ်ရပ်သည် အပြည့်အဝအာဏာ သက်ရောက်မှုရှိစေရမည်။

## အခန်း (၆)

## ဘဏ်မဟုတ်သောငွေရေးကြေးရေးအဖွဲ့အစည်းနှင့် နိုင်ငံခြားဘဏ်ကိုယ်စားလှယ်ရုံးများ

၂၀။ (က) ဥပဒေနှင့်အညီတည်ထောင်ထားသော ကုမ္ပဏီတစ်ခုဖြစ်ပြီး ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းအဖြစ် ထူထောင်လိုသူသည် ဗဟိုဘဏ်၏ မှတ်ပုံတင် လက်မှတ်ရရှိရန် ဗဟိုဘဏ်သို့ သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

(ခ) ဤဥပဒေပြဋ္ဌာန်းခြင်းမပြုမီက ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း လုပ်ငန်းကိုလုပ်ကိုင်သူများသည် ဆက်လက်လုပ်ကိုင်လိုပါက ဗဟိုဘဏ်၏ မှတ်ပုံတင် လက်မှတ်ရရှိရန် ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ခြောက်လအတွင်း ဗဟိုဘဏ်၏ သတ်မှတ် ချက်များနှင့်အညီ လျှောက်ထားရမည်။

၂၁။ ဗဟိုဘဏ်သည် ပုဒ်မ ၂၀ အရ လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ်ကို သတ်မှတ်ချက် များနှင့်အညီ စိစစ်၍ ထုတ်ပေးရမည်။

၂၂။ ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လိုအပ်သောစည်းကမ်းချက်များ သတ်မှတ်နိုင်သည်-

(က) အုပ်ချုပ်မှုအတွက် လိုအပ်ချက်များ၊

(ခ) ပွင့်လင်းမြင်သာမှုနှင့် ထုတ်ဖော်ပြောဆိုရန် လိုအပ်ချက်များ၊

(ဂ) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူ အကာအကွယ်ပေးရေးကိစ္စများ၊

(ဃ) အစီရင်ခံစာများတင်ပြခြင်းဆိုင်ရာ လိုအပ်ချက်များ၊

(င) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများအား ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ ကိစ္စရပ်များ။

၂၃။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများသည် ဗဟိုဘဏ်ကချမှတ်သည့် စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ အောက်ပါလုပ်ငန်းများအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ ပါဝင် ဆောင်ရွက်နိုင်သည်-

(က) ငွေရေးကြေးရေးကုမ္ပဏီလုပ်ငန်းများ၊

(ခ) အငှားချထားသည့်လုပ်ငန်းများ၊

(ဂ) ကြွေးမြီများဝယ်ယူကောက်ခံသည့်လုပ်ငန်းများ၊

(ဃ) အကြွေးဝယ်ကတ်လုပ်ငန်းများ၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ၊

(စ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြား ချေးငွေဝန်ဆောင်မှုလုပ်ငန်းများ၊

(ဆ) ဗဟိုဘဏ်က အခါအားလျော်စွာခွင့်ပြုသည့် အခြားလုပ်ငန်းများ။

၂၄။ နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုသည် နိုင်ငံတော်တွင် ဤဥပဒေနှင့်အညီ ကိုယ်စားလှယ်ရုံးဖွင့်လှစ်လိုပါက မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

၂၅။ ဗဟိုဘဏ်သည်-

(က) ပုဒ်မ ၂၄ အရ လျှောက်ထားချက်ကို လက်ခံရရှိသည့်အခါ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန်ဆုံးဖြတ်ခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်း၏ ကိုယ်စားလှယ်ရုံးဖွင့်လှစ်ခွင့်ပြုပါက လိုအပ်သော စည်းမျဉ်းစည်းကမ်းများသတ်မှတ်၍ မှတ်ပုံတင်လက်မှတ်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၂၆။ (က) မှတ်ပုံတင်လက်မှတ်ရရှိသော ကိုယ်စားလှယ်ရုံးသည် ဗဟိုဘဏ်က သတ်မှတ်ထားသည့် လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ခွင့်ပြုသည့်လုပ်ငန်းများကိုသာ ဆောင်ရွက်ရမည်။

(ခ) မည်သည့် နိုင်ငံခြားငွေရေးကြေးရေးအဖွဲ့အစည်းမျှ ယင်း၏ကိုယ်စားလှယ်ရုံးမှတစ်ဆင့် နိုင်ငံတော်အတွင်း ဘဏ်လုပ်ငန်း သို့မဟုတ် ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းလုပ်ငန်း တစ်ခုခုကို ဆောင်ရွက်ခြင်းမပြုရ။

၂၇။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်း အသီးသီးသည် ဗဟိုဘဏ်က မှတ်ပုံတင်လက်မှတ် ထုတ်ပေးလျှင်-

(က) သတ်မှတ်သည့် အခကြေးငွေများကို ဗဟိုဘဏ်သို့ ပေးသွင်းရမည်။

(ခ) မည်သည့်အချိန်တွင်မဆို ယင်း၏လုပ်ငန်း သို့မဟုတ် ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်တောင်းခံသည့် အချိန်ကာလအလိုက် အစီရင်ခံစာများကို တင်ပြရမည်။

၂၈။ (က) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးသည် ယင်း၏ သင်းဖွဲ့စည်းမျဉ်းနှင့် သင်းဖွဲ့မှတ်တမ်းတစ်ခုခုတွင် ပြင်ဆင်မှု သို့မဟုတ် ပြောင်းလဲမှုတစ်ခုခုပြုလုပ်လျှင် သုံးလအတွင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

( ခ ) ပုဒ်မခွဲ (က) ပါ အကြောင်းကြားချက်ကို ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ ဒါရိုက်တာတစ်ဦးက ဥပဒေနှင့်အညီကြေညာ၍ အတည်ပြုရမည်။

၂၉။ (က) ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်တစ်ခုခုအတွက် လိုအပ်သည်ဟု ထင်မြင်ယူဆလျှင် ပြန်တမ်းတွင်အမိန့်ထုတ်ပြန်၍ ဤဥပဒေ၏ပြဋ္ဌာန်းချက်အားလုံး သို့မဟုတ် အချို့သည် ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းနှင့်သော်လည်းကောင်း၊ ကိုယ်စားလှယ်ရုံး တစ်ခုခုနှင့်သော်လည်းကောင်း၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ လုပ်ငန်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား သို့မဟုတ် အမျိုးအစားတစ်ခုခုနှင့် သော်လည်းကောင်း ယေဘုယျအားဖြင့် သက်ဆိုင်စေရမည်ဟု ကြေညာနိုင်သည် -

( ၁ ) ငွေကြေးတည်ငြိမ်မှုနှင့် ငွေရေးကြေးရေးစနစ်ခိုင်မာမှုမြှင့်တင်ရေး၊

( ၂ ) နိုင်ငံတော်၏အကျိုးစီးပွားအတွက် ချေးငွေအခြေအနေကို ထိန်းကျောင်းပြုပြင်ရေး၊

( ၃ ) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းကဖြစ်စေ၊ ကိုယ်စားလှယ်ရုံးက ဖြစ်စေ လုပ်ကိုင်သောလုပ်ငန်း သို့မဟုတ် ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ အများပြည်သူ၏ အကျိုးစီးပွားကို အကာအကွယ်ပေးရေး။

( ခ ) ပုဒ်မခွဲ (က) အရ အမိန့်တစ်ရပ်ကို အများပြည်သူသိရှိရန် ထုတ်ပြန်ကြေညာသည့်အခါ အဆိုပါဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံး၊ ယင်းဘဏ် မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံးအတန်းအစား၊ အမျိုးအစားနှင့်သက်ဆိုင်သည့် ဤဥပဒေပါပြဋ္ဌာန်းချက်များသည် ဘဏ်နှင့်သက်ဆိုင်သကဲ့သို့ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း၊ ကိုယ်စားလှယ်ရုံးနှင့်သော်လည်းကောင်း၊ ယင်းဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ကိုယ်စားလှယ်ရုံး၏ အတန်းအစား သို့မဟုတ် အမျိုးအစားနှင့်သော်လည်းကောင်း သက်ဆိုင်စေရမည်။

၃၀။ ဗဟိုဘဏ်သည် ပုဒ်မ ၂၉ တွင် ဖော်ပြထားသော ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းများနှင့် ကိုယ်စားလှယ်ရုံးစာရင်းအားလုံးကို နှစ်စဉ်ထုတ်ပြန်ကြေညာရမည်။

## အခန်း (၇)

## အပ်နှံငွေလက်ခံခြင်း၊ အပ်နှံငွေခေါ်ယူခြင်းတို့နှင့်စပ်လျဉ်း၍ ကန့်သတ်ချက်များ

၃၁။ အပ်နှံငွေ လက်ခံသည့်လုပ်ငန်းကို ဗဟိုဘဏ်၏ လိုင်စင်ရရှိသူသာ လုပ်ကိုင်ခွင့်ရှိသည်။

၃၂။ ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ပုဂ္ဂိုလ် တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် အောက်ပါဆောင်ရွက်မှုတစ်ခုခုကို ဗဟိုဘဏ်၏ စာဖြင့်ကြိုတင် ခွင့်ပြုချက်ရရှိမှသာ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေ ရရှိစေရန် ဆွဲဆောင်မှုပြုခြင်း သို့မဟုတ် အပ်နှံငွေ လက်ခံရယူခြင်း၊

(ခ) အပ်နှံငွေ လက်ခံရရှိရေးအတွက် သဘောတူညီချက်စာချုပ် ချုပ်ဆိုခြင်း သို့မဟုတ် ထိုသို့ ချုပ်ဆိုရန်ကမ်းလှမ်းခြင်း။

၃၃။ (က) ဘဏ်တစ်ခုခုက ပြုလုပ်သောကြော်ငြာတွင် ဖော်ပြချက်တစ်ခုခုမှာ မှားယွင်းကြောင်း၊ လိမ်လည်ခြင်း သို့မဟုတ် လှည့်ဖျားခြင်းပြုကြောင်း ဗဟိုဘဏ်က ထင်မြင်ယူဆလျှင် ဗဟိုဘဏ်သည် ထိုဘဏ်သို့ အောက်ပါတို့ကို အကြောင်းကြားစာပေးပို့ ညွှန်ကြားနိုင်သည်-

(၁) ကြော်ငြာဆက်လက် ပြုလုပ်ခြင်းကို ရပ်စဲစေခြင်း၊

(၂) ဗဟိုဘဏ်က သတ်မှတ်သည့် နည်းလမ်းအတိုင်းကြော်ငြာကို ပြင်ဆင်စေခြင်း၊

(၃) ကြော်ငြာများ သို့မဟုတ် ပြသချက်များအားလုံးကိုရုပ်သိမ်း၍ ပြန်လည်ပြင်ဆင် ကြော်ငြာစေရန် သို့မဟုတ် ပြန်လည်ရုပ်သိမ်းရန် ဖြစ်နိုင်သမျှ ဆောင်ရွက်ခြင်း။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော ညွှန်ကြားချက်တစ်ခုခုကိုပြောင်းလဲခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းပြုနိုင်သည်။

## အခန်း (၈)

## မတည်ရင်းနှီးငွေ၊ သီးသန့်ရန်ပုံငွေနှင့် အဓိကကျသည့်ပိုင်ဆိုင်မှု

၃၄။ (က) ဘဏ်များသည် ၎င်းတို့၏မတည်ငွေရင်းကို အောက်ပါအတိုင်းထားရှိရမည်-

(၁) နိုင်ငံတော်အတွင်း ဖွဲ့စည်းတည်ထောင်ထားသည့် ဘဏ်ဖြစ်လျှင် ယင်း၏ ထည့်ဝင်ပြီး မတည်ငွေရင်းမှာကျပ်သန်းနှစ်သောင်း (ကျပ် ၂၀ ဘီလီယံ) အောက် မနည်းရှိခြင်း၊

(၂) နိုင်ငံခြားဘဏ်၏ ဘဏ်ခွဲ သို့မဟုတ် လက်အောက်ခံအဖွဲ့အစည်းဖြစ်ပါက အမေရိကန်ဒေါ်လာ ၇၅ သန်းနှင့်ညီမျှသော ငွေပမာဏအောက်မနည်း မတည်ငွေရင်း ထည့်ဝင်ပြီးဖြစ်ခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ မတည်ငွေရင်းကို ဗဟိုဘဏ်ကထုတ်ပြန်သည့် စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း အခါအားလျော်စွာ တိုးမြှင့်နိုင်သည်။

(ဂ) ဘဏ်သည် အသားတင် မတည်ရင်းနှီးငွေကို ဆုံးရှုံးမှုများကြောင့် လျော့နည်းမှု မရှိစေဘဲ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် အချိုးအစားအတိုင်း အမြဲထိန်းသိမ်း ထားရှိရမည်။

(ဃ) ဤဥပဒေပါ ရည်ရွယ်ချက်များအတွက် ဘဏ်၏ကနဦးမတည်ရင်းနှီးငွေသည် ထည့်ဝင်ပြီး မတည်ငွေရင်း ဖြစ်ရမည်။

(င) ဘဏ်သည် အစုရှယ်ယာ မတည်ငွေရင်းကိုလျှော့ချလိုပါက ဗဟိုဘဏ်၏ စာဖြင့်ကြိုတင် ခွင့်ပြုချက်ရယူရမည်။

(စ) လက်အောက်ခံ အဖွဲ့အစည်းရှိသော ဘဏ်သည် တစ်လုံးတစ်စည်းတည်းသော မတည်ရင်းနှီးငွေထားရှိမှုကို အခြေခံတွက်ချက်၍ လုံလောက်သော အနည်းဆုံးမတည်ရင်းနှီးငွေ အချိုးပြည့်မီစွာ ထားရှိရမည်။

(ဆ) ဤဉပဒေအလို့ငှာ-

(၁) အဓိကမတည်ငွေရင်း သို့မဟုတ် အလွှာ (၁) မတည်ငွေရင်း (Core capital or Tier 1 Capital) ဆိုသည်မှာ အပြည့်အဝထည့်ဝင်သည့် သာမန်အစုရှယ်ယာများနှင့် ထပ်တိုးစုဆောင်းထားခွင့်မရှိသော သက်တမ်းသတ်မှတ်ထားခြင်း မရှိသည့် ဦးစားပေး အစုရှယ်ယာများ (Perpetual non-cumulative preference shares)၊ မတည်ငွေရင်းမှခွင့်ပြုငွေများ (Capital grants) နှင့် ယင်းနှစ်အတွင်း ဆုံးရှုံးငွေများ၊ နာမည်ကောင်းတန်ဖိုး၊ လုပ်ငန်းမလည်ပတ်မီ ကုန်ကျစရိတ်များ၊ ကြိုတင်ထုတ်ပေးသည့်ကုန်ကျစရိတ်များ၊ ရွှေ့ဆိုင်းထားသည့်စရိတ်များ (deferred charges)၊ ငှားရမ်းခွင့်များ (Leasehold rights) နှင့် ထိတွေ့၍မရသော အခြားရရန်ပိုင်ခွင့်များကိုနှုတ်ပယ်ပြီး အများပြည်သူသို့ ထုတ်ဖော်ကြေညာသော သီးသန့်ငွေများကိုဆိုသည်။

(၂) ဖြည့်စွက်မတည်ငွေရင်း သို့မဟုတ် အလွှာ (၂) မတည်ငွေရင်း ဆိုသည်မှာ အနာဂတ်ဆုံးရှုံးမှုများအတွက် အထွေထွေလျာထားမှုများ၊ လက်ငင်းမဖော်ပြနိုင်သည့် ဆုံးရှုံးမှုများ၊ ပြန်လည်ရရှိရန် ဦးစားပေးအဆင့်တွင်မရှိသည့် ကြွေးမြီများ၊ ရွေးနုတ်နိုင်သော ဦးစားပေးအစုရှယ်ယာများအတွက် လျာထားငွေနှင့်ဗဟိုဘဏ်က အခါအားလျော်စွာ သတ်မှတ်နိုင်သည့် အခြားပုံစံတစ်မျိုးမျိုးဖြင့် မတည်ရင်းနှီးငွေတို့ကိုဆိုသည်။

(၃) စုစုပေါင်းမတည်ငွေရင်း ဆိုသည်မှာ အဓိကမတည်ရင်းနှီးငွေ (Core Capital) နှင့် ဖြည့်စွက်မတည်ငွေရင်း နှစ်ခုပေါင်းကိုဆိုသည်။

(၄) ဆုံးရှုံးနိုင်ခြေ အလေးပေးတွက်ချက်ထားသော စုစုပေါင်းရရန်ပိုင်ခွင့်များနှင့် လက်ကျန်ရှင်းတမ်း၌ မပါဝင်သည့် ရရန်ရှိကြွေးမြီများ ဆိုသည်မှာ ဗဟိုဘဏ်က သတ်မှတ်ထားသည့် နည်းလမ်းဖြင့် ဆုံးရှုံးနိုင်ခြေ ကိုက်ညီတွက်ချက်ထားသော မတူညီသော ရရန်ပိုင်ခွင့်အမျိုးအစားများနှင့် လက်ကျန်ရှင်းတမ်းတွင် မပါဝင်သည့် ရရန်ရှိကြွေးမြီများကိုဆိုသည်။

၃၅။ (က) ဘဏ်သည် သီးသန့်ရန်ပုံငွေတစ်ရပ်ထားရှိရမည်။ နှစ်စဉ် အသားတင်အမြတ်ငွေ၏ ၂၅ ရာခိုင်နှုန်းကို အထွေထွေသီးသန့်ငွေစာရင်းသို့ လွှဲပြောင်းပေးရမည်။ ထိုသို့ လွှဲပြောင်းပေးခြင်းကို ထည့်ဝင်ပြီး မတည်ငွေရင်း၏ ၁၀၀ ရာခိုင်နှုန်းနှင့်ညီမျှသည်အထိ ဆောင်ရွက်ရမည်။

( ခ ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ပါရှိစေကာမူ ဗဟိုဘဏ်သည် ဘဏ်၏နှစ်စဉ် အသားတင် အမြတ်ငွေမှ ယင်း၏သီးသန့်ရန်ပုံငွေသို့ လွှဲပြောင်းပေးရန်မတူညီသော အချိုးတစ်ရပ်ကို အခါအားလျော်စွာ သတ်မှတ်နိုင်သည်။

၃၆။ ဘဏ်သည် ငွေဖြစ်လွယ်သောရရန်ပိုင်ခွင့်များ အနည်းဆုံး သို့မဟုတ် ပျမ်းမျှအနည်းဆုံး ပမာဏကို အမြဲတမ်းဖြစ်စေ၊ သတ်မှတ်ကာလတစ်ရပ်အတွက်ဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်ထားသည့် စည်းမျဉ်းအတိုင်း ထားရှိရမည်။

၃၇။ ဘဏ်သည် ဗဟိုဘဏ်ကစည်းမျဉ်းဖြင့် သတ်မှတ်ထားသည့်အတိုင်း ရရန်ပိုင်ခွင့်များ အနည်းဆုံး ပမာဏကို အမြဲထားရှိရမည်။

၃၈။ (က) နိုင်ငံခြားဘဏ်သည် ယင်း၏ဘဏ်ခွဲအတွက် သတ်မှတ်ထားသော အနည်းဆုံးမတည်ရင်းနှီးငွေ ထားရှိရမည်။ ယင်းပမာဏမှာ နိုင်ငံခြားဘဏ်ခွဲကို ပြည်တွင်းဘဏ်တစ်ခုအဖြစ် တည်ထောင်၍ လိုင်စင်ပေးရာတွင် ထားရှိရမည့် အနည်းဆုံးကနဦးမတည်ငွေရင်း ပမာဏအတိုင်း ထားရှိရမည်။

( ခ ) နိုင်ငံခြားဘဏ်က မိမိ၏ ဘဏ်ခွဲအတွက် ထိန်းသိမ်းထားရှိရမည့် သတ်မှတ်ထားသော မတည်ငွေရင်းကို ဗဟိုဘဏ်ကသတ်မှတ်သည့်ပုံစံနှင့် နည်းလမ်းအတိုင်း ထိန်းသိမ်း ထားရှိရမည်။

၃၉။ ဘဏ်သည် -

(က) အမြတ် သို့မဟုတ် အရှုံး တစ်ခုခုကို ကြေညာခြင်းမပြုမီ ထုတ်ချေးငွေများ၊ ကြိုတင် ထုတ်ချေးငွေများနှင့် အခြားရရန်ပိုင်ခွင့်များအတွက် ဆုံးရှုံးနိုင်မှုကိုကာမိစေရန် ကြိုတင်လျာထားချက်များ ပြုလုပ်ရမည်။

( ခ ) ပုဒ်မခွဲ (က) အရ ပြုလုပ်သည့်ထုတ်ချေးငွေများ၊ ကြိုတင်ထုတ်ချေးငွေများနှင့် အခြား ရရန်ပိုင်ခွင့်များအတွက် ကြိုတင်လျာထားချက်များကို ဗဟိုဘဏ်က သတ်မှတ်ထားသော စည်းမျဉ်းများနှင့်အညီ လုံလောက်စွာထားရှိရမည်။

## အမြတ်ဝေစုခွဲဝေခြင်း

၄၀။ (က) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များသို့ ၎င်းရရှိသော အမြတ်ငွေများမှ အစုပေါ် အမြတ်ငွေပေးခြင်း သို့မဟုတ် နည်းလမ်းတစ်မျိုးမျိုးဖြင့် ခွဲဝေခြင်းကိုသာပြုလုပ်ရမည်။

( ခ ) ဘဏ်သည် ၎င်း၏အစုရှယ်ယာဝင်များအား အစုပေါ်အမြတ်ငွေပေးခြင်း သို့မဟုတ် အမြတ်ခွဲဝေမှု နည်းလမ်းတစ်မျိုးမျိုးကို အောက်ပါအခြေအနေများတွင် ဆောင်ရွက်ခြင်း မပြုရ-

(၁) ရုပ်ဝတ္ထုပုံသဏ္ဍာန်ဖြင့် ရရန်ပိုင်ခွင့်များ၊ မသက်ဆိုင်သည့် ကြိုတင်အသုံးစရိတ် များနှင့် အခြားအသုံးစရိတ်များ အပါအဝင် ၎င်း၏ငွေလုံးငွေရင်းအသွင်ပြောင်း အသုံးစရိတ်များအားလုံးကို လုံးဝပယ်ဖျက်မှု မရှိသေးခြင်း၊

(၂) ၎င်း၏ ရရန်ပိုင်ခွင့်များ တန်ဖိုးစုစုပေါင်းသည် ပေးရန်တာဝန် စုစုပေါင်းတန်ဖိုးနှင့် မတည်ရင်းနှီးငွေစုစုပေါင်းတန်ဖိုးထက် လျော့နည်းနေခြင်း၊

(၃) ဘဏ်သည် ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်အရ သတ်မှတ်ချက်ကိုဖြစ်စေ ချိုးဖောက်ခြင်း။

**ရရန်ပိုင်ခွင့်၊ ပေးရန်တာဝန်နှင့် လျာထားချက်များသတ်မှတ်ခြင်း**

၄၁။ ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစားအလိုက် သို့မဟုတ် အမျိုးအစားအလိုက် အနည်းဆုံးထားရှိရမည့် ရရန်ပိုင်ခွင့်ပမာဏအမျိုးမျိုး၊

(ခ) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစား သို့မဟုတ် အမျိုးအစားများအလိုက် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ၊

(ဂ) ဘဏ်၏ ကွဲပြားခြားနားသော အတန်းအစားနှင့် အမျိုးအစားများအလိုက် ဤဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ထားရှိရမည့် လျာထားချက်များ။

**အကျိုးစီးပွားများရယူပိုင်ဆိုင်ခြင်း**

၄၂။ (က) ဘဏ်တစ်ခုခု၏ အဓိကကျသည့်အကျိုးစီးပွားရယူလိုသူသည် ဗဟိုဘဏ်က သတ်မှတ်သည့် အတိုင်း အခြားအထောက်အထား၊ စာတမ်းအမှတ်အသားများပူးတွဲ၍ ဗဟိုဘဏ်သို့ လျှောက်ထားရမည်။

(ခ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) တွင် ပူးတွဲတင်ပြထားသည့် အထောက်အထားများနှင့် လျှောက်ထားသူ၏ နောက်ကြောင်းကို စစ်ဆေးပိုင်ခွင့်ရှိသည်။ ထပ်မံလိုအပ်သည့် စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) နှင့် (ခ) တို့အရ တင်သွင်းသည့် လျှောက်လွှာတွင် အောက်ပါ အခြေအနေတစ်ရပ်ရပ် သို့မဟုတ် တစ်ရပ်ထက်ပိုကြောင်း တွေ့ရှိပါက အတည်ပြုချက် ထုတ်ပေးခြင်းမပြုရန် ဆုံးဖြတ်နိုင်သည် -

(၁) လျှောက်ထားသူမှာ ပုဂ္ဂိုလ်ရေးအရ သင့်မြတ်လျော်ကန်သူ မဟုတ်ခြင်း၊

(၂) လျှောက်ထားသူသည် ဥပဒေအရဖွဲ့စည်းထားသည့် အဖွဲ့အစည်းဖြစ်ပါက ယင်း၏ တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသည့် ဒါရိုက်တာများ သို့မဟုတ် အမှုဆောင် အရာရှိများမှာ သင့်မြတ်လျော်ကန်သူများ မဟုတ်ခြင်း၊

(၃) လျှောက်ထားသူသည် ဘဏ်အပေါ် သိသိသာသာသြဇာလွှမ်းမိုး၍ ဆောင်ရွက် ခြင်းကြောင့် ဘဏ်၏စီမံခန့်ခွဲမှုကို ထိခိုက်နိုင်ကြောင်း ဗဟိုဘဏ်က သိရှိ ထားခြင်း။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက် တစ်ရပ်ရပ်ကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုပိုင်ခွင့်ရှိသည်။

၄၃။ ဘဏ်၏ အဓိကအစုရှယ်ယာဝင်ဖြစ်သူ မည်သူမဆို ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှ ခြောက်လအတွင်း အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရေးအတွက် ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက်ရရှိရန် လျှောက်ထားခြင်းပြုရမည်။ ဗဟိုဘဏ်၏ သဘောတူအတည်ပြုချက် ရရှိမှသာလျှင် အဆိုပါ အဓိကအစုရှယ်ယာဝင်အဖြစ် ဆက်လက်တည်ရှိရမည်။

၄၄။ ဘဏ်အသီးသီးသည် ဘဏ်တွင်အဓိကကျသည့် အကျိုးစီးပွားရှိသည့် အစုရှယ်ယာဝင်များ၏ အမည်နှင့် နေရပ်လိပ်စာ၊ အဆိုပါအစုရှယ်ယာဝင်များက မဲပေးပိုင်ခွင့်အရေအတွက်တို့ပါဝင်သည့် နှစ်စဉ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

၄၅။ ပုဂ္ဂိုလ်တစ်ဦးချင်းကဖြစ်စေ၊ တစ်ဦးထက်ပိုသူများက ပူးပေါင်း၍ဖြစ်စေ ဘဏ်တစ်ခုခုမှ အဓိကကျသည့် အကျိုးစီးပွားများရယူရန် သဘောတူစာချုပ် ချုပ်ဆိုခြင်း သို့မဟုတ် စီစဉ်ဆောင်ရွက်ခြင်း ပြုလုပ်လိုလျှင် ဗဟိုဘဏ်၏စာဖြင့်ကြိုတင်ခွင့်ပြုချက်ရယူရမည်။

၄၆။ (က) ပုဒ်မ ၄၃ နှင့် ပုဒ်မ ၄၅ တို့ပါ ပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့်သက်ဆိုင်ခြင်း မရှိစေရ -

(၁) အောက်ပါကိစ္စရပ်များအတွက် ဘဏ်ကပိုင်ဆိုင်ရရှိသည့် မဲပေးပိုင်ခွင့်ရှိသော အစုရှယ်ယာများ -

(ကက) မိမိရရန်ရှိသော ကြွေးမြီအတွက် လက်ခံရရှိသည့် အစုရှယ်ယာများ၊

(ခခ) တာဝန်ခံ၍ ရောင်းချပေးခြင်းအစီအစဉ်အရ ဘဏ်ကတစ်နှစ်အတွင်း သို့မဟုတ် ဗဟိုဘဏ်က ခြွင်းချက်ဖြင့် တစ်နှစ်ထက်ပို၍ ခွင့်ပြုပေးသည့် ကာလအတွင်း ထုတ်ရောင်းမည့် အစုရှယ်ယာများ၊

(၂) ကိုယ်စားလှယ်၊ ယုံမှတ်အပ်နှံသူ သို့မဟုတ် ထိန်းသိမ်းစောင့်ရှောက်သူအဖြစ် မဲပေးနိုင်သည့် အစုရှယ်ယာများရယူခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ကက) အရ ဘဏ်တစ်ခု၏ မဲပေးနိုင်သည့် အစုရှယ်ယာများကိုရယူသော အခြားဘဏ်သည် အဆိုပါမဲပေးသည့် အစုရှယ်ယာများကို ရယူကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

၄၇။ (က) ဗဟိုဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦးက ပုဒ်မ ၄၂၊ ၄၃၊ ၄၄ နှင့် ၄၅ တို့ပါ ပြဋ္ဌာန်းချက်ကို ဖြစ်စေ၊ ပုဒ်မ ၅၈ အရ ထုတ်ပြန်သည့် သတ်မှတ်ချက်များကိုဖြစ်စေ မလိုက်နာကြောင်း တွေ့ရှိလျှင် အောက်ပါ စီမံခန့်ခွဲရေး နည်းလမ်းတစ်ရပ်ရပ်ဖြင့် အရေးယူဆောင်ရွက် နိုင်သည်-

(၁) ဖောက်ဖျက်သူ၏ မဲပေးသည့်အစုရှယ်ယာများနှင့်စပ်လျဉ်း၍ အဆိုပါ အစုရှယ်ယာကို လွှဲပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာလွှဲပြောင်းရန် သဘောတူညီချက် သို့မဟုတ် အစီအစဉ်ကို လွှဲပြောင်းခြင်းမပြုရန် တားမြစ်ခြင်း၊

( ၂ ) အဆိုပါ အစုရှယ်ယာနှင့်စပ်လျဉ်း၍ မဲပေးပိုင်ခွင့်အား တားမြစ်ခြင်း၊

( ၃ ) အစုရှယ်ယာများ ထပ်မံထုတ်ခြင်းကိုတားမြစ်ခြင်း သို့မဟုတ် ၎င်းအစုရှယ်ယာများ ကိုင်ထားသူအား ရောင်းချရန်ကမ်းလှမ်းခြင်းကို တားမြစ်ခြင်း၊

( ၄ ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းမှအပ အဆိုပါအစုရှယ်ယာအပေါ် ဘဏ်ထံမှ ပေးချေမှုကို တားမြစ်ခြင်း၊

( ၅ ) ဖောက်ဖျက်သူနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်ကအဆိုပါ အစုရှယ်ယာများကို အများပြည်သူအားလေလံတင်၍ ရောင်းချရန် အဆိုပါပုဂ္ဂိုလ်အား ညွှန်ကြားခြင်း။

( ခ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ(က)အရ ထုတ်ပြန်သည့် ညွှန်ကြားချက်ကို ဖောက်ဖျက်သူထံသို့ ဖြစ်နိုင်သမျှ ချက်ချင်းပေးပို့ရမည်ဖြစ်ပြီး သင့်လျော်သည့်နည်းလမ်းဖြင့် အများသိစေရန် ကြေညာရမည်။

( ဂ ) ပုဒ်မခွဲ (က) အရ ညွှန်ကြားချက် ထုတ်ဆင့်ခံရသော ဖောက်ဖျက်သူတစ်ဦးဦးသည် ထိုညွှန်ကြားချက်ကို လက်ခံရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဗဟိုဘဏ်သို့ အဆိုပါအမိန့်ကို ပယ်ဖျက်ပေးရန် သို့မဟုတ် ပြင်ဆင်ပေးရန် စာဖြင့်လျှောက်ထားနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (ဂ) အရ လျှောက်ထားချက်ကို စိစစ်ပြီးနောက် အဆိုပါ ညွှန်ကြားချက်ကို အတည်ပြုခြင်း၊ ပယ်ဖျက်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတစ်ခုခုကို ပြုလုပ်နိုင်သည်။

( င ) ဗဟိုဘဏ်သည် ဘဏ်၏ ဒါရိုက်တာများ သို့မဟုတ် အရာရှိများထံသို့ ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သလို ညွှန်ကြားနိုင်သည်။

**ဘဏ်များပေါင်းစည်းခြင်း**

၄၈။ (က) ဘဏ်သည် ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက်ရရှိမှသာ အောက်ပါတို့ကို ဆောင်ရွက်နိုင်သည် -

( ၁ ) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခု၏လုပ်ငန်းကိုဖြစ်စေ၊ လုပ်ငန်း၏ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရယူခြင်း သို့မဟုတ် မိမိ၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

( ၂ ) ဘဏ်တစ်ခုက အခြားဘဏ်တစ်ခုနှင့်ပေါင်းစပ်ခြင်း သို့မဟုတ် ပူးပေါင်းခြင်း၊

( ၃ ) နိုင်ငံခြားဘဏ်က နိုင်ငံတော်ရှိ ဘဏ်၏လုပ်ငန်းကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရယူခြင်း သို့မဟုတ် နိုင်ငံတော်ရှိ ၎င်း၏ ကိုယ်ပိုင်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အဓိကအစိတ်အပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

( ၄ ) ဘဏ်၏ သို့မဟုတ် ၎င်း၏ဦးပိုင်ကုမ္ပဏီ၏ ထိန်းချုပ်ကွပ်ကဲမှုပြောင်းလဲခြင်း။

(ခ) ပုဒ်မခွဲ (က) ပါ ဗဟိုဘဏ်၏စာဖြင့်ကြိုတင်ခွင့်ပြုချက် ရရှိရန်အတွက် လျှောက်လွှာကို အဆိုပြု သဘောတူစာချုပ်မိတ္တူနှင့် အခြားသက်ဆိုင်ရာ သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများကို ပူးတွဲ၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ဂ) ဗဟိုဘဏ်သည် လျှောက်လွှာကို လက်ခံရရှိပြီးနောက် လျှောက်ထားသူထံသို့ဖြစ်စေ၊ အခြားပုဂ္ဂိုလ် တစ်ဦးဦးထံသို့ ဖြစ်စေ နောက်ထပ်သတင်းအချက်အလက်နှင့် စာတမ်းအမှတ်အသားများ ထပ်မံလိုအပ်ပါက တောင်းခံနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ဤပုဒ်မပါပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ပြီးလျှောက်လွှာကို အတည်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ လျှောက်လွှာကို အတည်ပြုရာတွင် လိုအပ်သော ပြင်ဆင်ခြင်းကိုဖြစ်စေ၊ စည်းကမ်းချက်များ သတ်မှတ်ခြင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။

(င) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၄) နှင့်စပ်လျဉ်း၍ ထိန်းချုပ်ကွပ်ကဲခြင်းတွင် အောက်ပါတို့ ပါဝင်သည်-

(၁) ကုမ္ပဏီ သို့မဟုတ် တရားဝင် ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခု၏ ဒါရိုက်တာအဖွဲ့၏ပါဝင်မှုကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဩဇာလွှမ်းမိုးမှုရှိခြင်း၊

(၂) ကုမ္ပဏီများ သို့မဟုတ် လက်အောက်ခံကုမ္ပဏီများ သို့မဟုတ် ဦးပိုင်ကုမ္ပဏီမှ တစ်ဆင့်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးချင်းပိုင်ဆိုင်မှုအရ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းအဖွဲ့အစည်းတစ်ခု၏ စုစုပေါင်း ဆန္ဒမဲပေးပိုင်ခွင့် ၂၀ ရာခိုင်နှုန်း သို့မဟုတ် ၂၀ ရာခိုင်နှုန်းထက်ပို၍ ပိုင်ဆိုင်ထားခြင်း။

၄၉။ (က) ဗဟိုဘဏ်က ပုဒ်မ ၄၈ အရ စာဖြင့်ကြိုတင်ခွင့်ပြုချက်နှင့်စပ်လျဉ်း၍ လျှောက်ထားမှုကို အတည်ပြုချက်ထုတ်ပေးသည့်အခါ မိမိ၏လုပ်ငန်းကို အခြားပုဂ္ဂိုလ်သို့ လွှဲပြောင်းပေးရမည့်အဖွဲ့အစည်းနှင့် လုပ်ငန်းကိုလွှဲပြောင်းရယူမည့်သူတို့သည် သဘောတူစာချုပ်ကို အကျိုးသက်ရောက်မှုရှိစေရေးအတွက် လိုအပ်သည့် အမိန့်ထုတ်ပေးရန် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ ပူးတွဲလျှောက်လွှာကို တင်သွင်းနိုင်သည်။

(ခ) ပုဒ်မခွဲ(က) အရ လျှောက်လွှာအပေါ် ကြားနာရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ကိစ္စရပ်အခြေအနေအရ သင့်လျော်မျှတမည်ဟု ထင်မြင်သည့်အတိုင်း အကျိုးသက်ရောက်မှုရှိသည့် စည်းကမ်းချက်ဖြင့် အမိန့်ချမှတ်ပေးခြင်း၊ အဆိုပါအမိန့်ကိုပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(ခ) အရ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ချမှတ်သည့် အမိန့်ကိုလွှဲပြောင်းပေးခြင်းခံရသူသည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဃ) လွှဲပြောင်းပေးသူသည် ပုဒ်မခွဲ (ခ) အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်က အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း အဆိုပါ အမိန့်မှန်ကန်ကြောင်း အတည်ပြုထားသည့် အမိန့်မိတ္တူကို ဗဟိုဘဏ်က မှန်ကန်ကြောင်း အတည်ပြုထားသည့် သဘောတူညီချက် သို့မဟုတ် အစီအစဉ်မိတ္တူပူးတွဲ၍ -

(၁) ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံနှင့်

(၂) ရွှေ့ပြောင်းနိုင်သော ပစ္စည်းနှင့်ဆက်စပ်ဆောင်ရွက်လျက်ရှိသော သို့မဟုတ် အမိန့်အရ လွှဲပြောင်းပေးသည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းတွင် အကျိုးသက်ဆိုင်သည့် သက်ဆိုင်ရာ မှတ်ပုံတင် သို့မဟုတ် မှတ်တမ်းအာဏာရှိသူထံ (ရှိလျှင်) တင်သွင်းရမည်။

(င) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ပုဒ်မခွဲ (က) အရ လွှဲပြောင်းရောင်းချနိုင်သော မြေကိုဖြစ်စေ၊ အစုရှယ်ယာတစ်ခုခုကိုဖြစ်စေ၊ လွှဲပြောင်း ရောင်းချနိုင်သောမြေတွင် အကျိုးအမြတ်ကိုဖြစ်စေ လွှဲပြောင်းပေးခြင်းခံရသူသို့ အမိန့်ဖြင့် အပြီးအပိုင်အပ်နှင်းသည့်အခါအဆိုပါအမိန့်ချမှတ်ပြီးနောက် မြေစီမံခန့်ခွဲသူက ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်မှုရှိစေရန်အလို့ငှာ အဆိုပါအမိန့် မိတ္တူကို မြေစီမံခန့်ခွဲသူထံ ချက်ချင်းပေးပို့စေရမည်။

(စ) ပုဒ်မခွဲ (ခ) အရ ချမှတ်သည့် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် တရားလွှတ်တော်၏ အမိန့်သည် နိုင်ငံတော်ပြင်ပ၌ရှိသော လွှဲပြောင်းပေးသူ၏ ပစ္စည်း သို့မဟုတ် လုပ်ငန်းနှင့် သက်ဆိုင်နိုင်သည်။ ထိုသို့သက်ဆိုင်မှုရှိနေလျှင် အကျိုးသက် ရောက်မှုရှိစေရန် အဆိုပါပစ္စည်း သို့မဟုတ် လုပ်ငန်းတည်ရှိသည့် နိုင်ငံနှင့် နိုင်ငံတော်အကြား တရားရုံးစီရင်ချက်များကို အတည်ပြုရန်ကိစ္စနှင့် စပ်လျဉ်း၍ အပြန်အလှန် အစီအစဉ်များ ရှိလျှင် ထိုအစီအစဉ်အတိုင်း လုပ်ရမည်။ ထိုကဲ့သို့ အစီအစဉ် မရှိလျှင် အဆိုပါနိုင်ငံ၏ သက်ဆိုင်ရာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်သည်။

**အစုရှယ်ယာအများဆုံးပိုင်ဆိုင်မှုကို ကန့်သတ်ခြင်း**

၅၀။ ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးဦးက အများဆုံးကိုင်ဆောင်ထားနိုင်သည့် ဘဏ်၏ မဲပေးနိုင်သည့် အစုရှယ်ယာ ရာခိုင်နှုန်းနှင့်၊

(ခ) ကုမ္ပဏီ၊ လုပ်ငန်းအဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်တစ်ဦးချင်း၏ အတန်းအစားအလိုက် ပုဒ်မခွဲ (က) အရ အများဆုံး ပိုင်ဆိုင်နိုင်သည့် အစုရှယ်ယာရာခိုင်နှုန်း။

## အခန်း (၉)

## လုပ်ကိုင်ခွင့်ပြုသည့် ဘဏ်လုပ်ငန်းများ

၅၁။ ဘဏ်သည် ဤဥပဒေအရ လုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းများကို ၎င်း၏သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းနှင့် လိုင်စင်တွင်ပါရှိသော စည်းကမ်းချက်နှင့် ကန့်သတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်။

၅၂။ ကူးသန်းရောင်းဝယ်ရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်-

(က) အပ်နှံငွေလက်ခံခြင်းလုပ်ငန်း၊

(ခ) ချေးငွေထုတ်ချေးခြင်းလုပ်ငန်း၊

(ဂ) အငှားချသည့်လုပ်ငန်း၊

(ဃ) ကြွေးမြီများဝယ်ယူကောက်ခံသည့် လုပ်ငန်း၊

(င) ငွေကြေးဝန်ဆောင်မှုလုပ်ငန်း၊

(စ) ချေးငွေတိုကင်လုပ်ငန်း၊

(ဆ) နိုင်ငံခြားသုံးငွေလုပ်ငန်း၊

(ဇ) အကြွေးဝယ်ကတ်၊ ခရီးသွားချက်လက်မှတ်နှင့် ဘဏ်ငွေလွှဲလက်မှတ် (ငွေပေးအမိန့် လက်မှတ်) အစရှိသည့် ငွေပေးချေမှုစာချုပ်စာတမ်းများ ထုတ်ပေးခြင်းနှင့် စီမံခန့်ခွဲခြင်း လုပ်ငန်း၊

(ဈ) အာမခံများနှင့် တာဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

(ည) မိမိ၏ ကိုယ်ပိုင်ငွေစာရင်းအတွက်ဖြစ်စေ၊ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်းအတွက်ဖြစ်စေ ချက်လက်မှတ်၊ ငွေတောင်းခံလွှာများနှင့် အပ်နှံငွေသက်သေခံ လက်မှတ်များ၊ နိုင်ငံခြားသုံးငွေ လဲလှယ်ရေး၊ ငွေကြေး ကြိုတင်ရောင်းခြင်းနှင့် လက်ငင်းရောင်းချခြင်းဆိုင်ရာလုပ်ငန်းများ၊ နိုင်ငံခြားသုံးငွေ လဲလှယ်ရောင်းဝယ်ရေး လုပ်ငန်းများ၊ ပေါက်ဈေးဖြင့် အတိုးနှုန်းဆိုင်ရာ စာချုပ်စာတမ်းများ၊ စာချုပ်စာတမ်း များနှင့် လွှဲပြောင်းနိုင်သော ငွေချေးသက်သေခံလက်မှတ်များ အစရှိသည့် ငွေကြေးဈေးကွက် စာချုပ်စာတမ်းများ ရောင်းဝယ်ဖောက်ကားသည့်လုပ်ငန်း၊

(ဋ) စီးပွားရေးလုပ်ငန်းကြီးများကိုအကြံဉာဏ်ပေးခြင်းလုပ်ငန်း၊

(ဌ) ငွေကြေးပွဲစားလုပ်ငန်း၊

(ဍ) ရင်းနှီးမြှုပ်နှံမှုအစုအဝေးစီမံခန့်ခွဲမှုနှင့် အကြံပေးလုပ်ငန်းဝန်ဆောင်မှုလုပ်ငန်း၊

(ဎ) ယုံကြည်အပ်နှံမှု ဝန်ဆောင်မှုလုပ်ငန်း၊

(ဏ) ချေးငွေထုတ်ချေးရန် ထိုက်တန်သူ ရည်ညွှန်းပေးသည့် ချေးငွေသတင်းအချက်အလက် အထောက်အကူပြုလုပ်ငန်း၊

(တ) အီလက်ထရောနစ်နည်းဖြင့် ဘဏ်လုပ်ငန်းဆောင်ရွက်ခြင်းလုပ်ငန်း၊

(ထ) မိုဘိုင်းဘဏ်လုပ်ငန်း၊

( ဒ ) အပ်နှံမှုလုံခြုံရေးဝန်ဆောင်မှုလုပ်ငန်း၊

( ဓ ) ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

( န ) အပေါင်လက်ခံ၍ ချေးငွေဖြည့်ဆည်းသည့်လုပ်ငန်း၊

( ပ ) ဗဟိုဘဏ်ကသတ်မှတ်သည့် အခြားဘဏ်လုပ်ငန်းများ။

၅၃။ ဘဏ်သည် အောက်ပါလုပ်ငန်းတို့ကို သီးခြားဖွဲ့စည်းသည့် လက်အောက်ခံကုမ္ပဏီ ထူထောင်၍ ဆောင်ရွက်နိုင်သည် -

(က) အာမခံလုပ်ငန်း၊

( ခ ) ငွေချေးသက်သေခံလက်မှတ်များ ပွဲစားလုပ်ငန်း၊

( ဂ ) ဗဟိုဘဏ်က ခွင့်ပြုသည့်ဘဏ်လုပ်ငန်းနှင့် ဆက်စပ်နေသည့်လုပ်ငန်းတစ်ရပ်ရပ်။

၅၄။ ဖွံ့ဖြိုးရေးဘဏ်သည် အောက်ပါလုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်ခုခုကိုဖြစ်စေ လိုင်စင်ပါ စည်းကမ်းချက်များနှင့်အညီ ဆောင်ရွက်နိုင်သည် -

(က) ကာလရှည် ငွေကြေးဖြည့်ဆည်းသည့်လုပ်ငန်း၊

( ခ ) အာမခံချက်နှင့် ကတိဝန်ခံချက်များ ထုတ်ပေးခြင်းလုပ်ငန်း၊

( ဂ ) ဗဟိုဘဏ်က သတ်မှတ်သော အခြားဘဏ်လုပ်ငန်းများ။

၅၅။ ဘဏ်၏ လက်အောက်ခံကုမ္ပဏီများသည် ဘဏ်တစ်ခုအား စစ်ဆေးသည့် နည်းလမ်းနှင့်အညီ ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးခြင်းကို ခံယူရမည်။ ဗဟိုဘဏ်သို့ အစီရင်ခံရမည့် ကိစ္စနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်က အဆိုပါဘဏ်နှင့် ယင်း၏ လက်အောက်ခံကုမ္ပဏီအသီးသီး၏ သတင်းအချက်အလက် တစ်ရပ်ရပ်ကို သီးခြားဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ တင်ပြရန်တောင်းဆိုနိုင်သည်။

၅၆။ မည်သည့်ဘဏ်မျှ အောက်ပါကိစ္စရပ်များမှအပ ဘဏ်၏ငွေစာရင်းကို အသုံးပြု၍လည်းကောင်း၊ ကော်မရှင်ခယူ၍လည်းကောင်း ပို့ကုန်သွင်းကုန်လုပ်ငန်းများအပါအဝင် လက်ကား သို့မဟုတ် လက်လီ ကုန်သွယ်မှုလုပ်ငန်းများ မဆောင်ရွက်ရ-

(က) ဘဏ်၏ လက်ဝယ်ရှိအာမခံပစ္စည်းများ ထုခွဲရောင်းချခြင်း၊

( ခ ) ဘဏ်က ရွှေ သို့မဟုတ် နိုင်ငံခြားငွေကို ဝယ်ယူခြင်း သို့မဟုတ် ရောင်းချခြင်း။

၅၇။ မည်သည့်ဘဏ်မျှ ဗဟိုဘဏ်ကသတ်မှတ်သည့် ၎င်း၏ မတည်ရင်းနှီးငွေ၏ အချိုးအစား တစ်ရပ်ထက်ပို၍ အောက်ပါကိစ္စရပ်များမှအပ မရွှေ့မပြောင်းနိုင်သော ပိုင်ဆိုင်ပစ္စည်းများ ဝယ်ယူခြင်း သို့မဟုတ် အခြားနည်းဖြင့်ရယူခြင်း မပြုရ-

(က) ဘဏ်လုပ်ငန်း ဆောင်ရွက်ခြင်းအတွက် သော်လည်းကောင်း၊ ၎င်း၏ဝန်ထမ်းများအတွက် အိမ်ရာ သို့မဟုတ် အခြားခံစားခွင့်များ ပံ့ပိုးပေးရန်အတွက်သော်လည်းကောင်း ရယူခြင်း၊

( ခ ) ချေးငွေအတွက် အာမခံအဖြစ် မရွှေ့မပြောင်းနိုင်သောပစ္စည်းများ လက်ခံရယူခြင်း။

**ချေးငွေအမျိုးမျိုးထုတ်ချေးခြင်းနှင့်သက်ဆိုင်သောသတ်မှတ်ချက်များ**

၅၈။ (က) ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ထားရှိရမည်-

(၁) ချေးငွေထုတ်ချေးခြင်း၊ ရင်းနှီးမြှုပ်နှံမှုပြုခြင်းနှင့် ချေးငွေနှင့် ရင်းနှီးမြှုပ်နှံမှုအား စီမံခန့်ခွဲခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော ဌာနတွင်းမူဝါဒများ၊ ကျင့်သုံးသည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများ၊

(၂) ရရန်ပိုင်ခွင့်များ၏ အရည်အသွေးဆန်းစစ်အကဲဖြတ်ခြင်း၊ ချေးငွေဆုံးရှုံးမှုအတွက် လျာထားခြင်းနှင့် သီးသန့်ငွေ လုံလောက်စွာ ထားရှိခြင်းတို့နှင့်စပ်လျဉ်း၍ လုံလောက်သော မူဝါဒများ၊ ကျင့်စဉ်များနှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ထားရှိခြင်း။

(ခ) ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ဘဏ်နှင့် ချေးငွေရယူသူတို့ ချုပ်ဆိုထားသည့် သဘောတူညီချက် တစ်ရပ်ရပ်နှင့် ချေးငွေရယူသူအပေါ် သတ်မှတ်ထားသည့် ချေးငွေကန့်သတ်ချက် အတွင်းမှသာ ငွေချေးခြင်းပြုရမည်။

(ဂ) ဘဏ်သည် ဗဟိုဘဏ်သို့ အောက်ပါတို့ကို တင်ပြရမည်-

(၁) ချေးငွေပမာဏ တစ်ရပ်ရပ်ထုတ်ပေးရေးအတွက် ၎င်း၏မူဝါဒများ၊ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊

(၂) ချေးငွေခွင့်ပြုခြင်း နှင့်စပ်လျဉ်း၍ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိများအတွက် ထားရှိသည့် ပမာဏကန့်သတ်ချက် သို့မဟုတ် စည်းကမ်းချက်များဆိုင်ရာ အစီရင်ခံစာ။

(ဃ) ဗဟိုဘဏ်သည် သက်ဆိုင်ရာဘဏ်က တင်ပြသည့် ချေးငွေမူဝါဒများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို လိုအပ်ပါက ပြင်ဆင်နိုင်သည်။

**ပမာဏကြီးမားသောကြွေးမြီများ**

၅၉။ (က) ဘဏ်သည် ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးလုပ်ငန်း အုပ်စုတစ်ခုခု သို့မဟုတ် ဆက်နွှယ်နေသည့် မိတ်ဖက်အဖွဲ့အစည်း အုပ်စုတစ်ခုခုသို့ ချေးငွေထုတ်ချေးရာတွင် မိမိ၏ အဓိက မတည်ငွေရင်း၏ ၂၀ ရာခိုင်နှုန်းထက်ပို၍ ထုတ်ချေးခြင်းမပြုရ။ ယင်းကန့်သတ်ချက်သည် နိုင်ငံတော်ပိုင်ဘဏ်များ၏ အစိုးရမူဝါဒဆိုင်ရာ ချေးငွေများနှင့် သက်ဆိုင်ခြင်း မရှိစေရ။

(ခ) ပုဒ်မခွဲ (က) ပါကန့်သတ်ချက်သည် ဗဟိုဘဏ်က သီးသန့်ဖော်ပြသတ်မှတ်ခြင်းမရှိပါက ဘဏ်များအကြား ဆောင်ရွက်ချက်များအတွက် အကျုံးဝင်ခြင်းမရှိစေရ။

(ဂ) ဗဟိုဘဏ်သည် ဘဏ်တစ်ခု၏ အာမခံဖြင့်ချေးသော ချေးငွေ၊ အာမခံမဲ့ချေးငွေ သို့မဟုတ် တစ်စိတ်တစ်ပိုင်းအာမခံဖြင့် ချေးငွေတို့အတွက် ထပ်တိုးကန့်သတ်ချက်များ သတ်မှတ်နိုင်သည်။

(ဃ) ဘဏ်သည် မိမိ၏ ပမာဏကြီးမားသော ကြွေးမြီတစ်ခုစီ၏ အချက်အလက်များကို ဗဟိုဘဏ်သို့ သတ်မှတ်ချက်များနှင့်အညီ ပေးပို့တင်ပြရမည်။

( င ) ဗဟိုဘဏ်သည် ဆက်နွယ်နေသည့် မိတ်ဖက်အဖွဲ့အစည်းအုပ်စု၊ စုစုပေါင်းကြွေးမြီ ပမာဏ၊ ထပ်တိုးကန့်သတ်ချက်နှင့် အခြားလိုအပ်ချက်များကို လိုအပ်သလို သတ်မှတ် ဖော်ပြနိုင်သည်။

( စ ) ဤပုဒ်မပါအလို့ငှာ ကြွေးမြီ ဆိုသည်မှာ ဘဏ်က ပုဂ္ဂိုလ်တစ်ဦးဦးသို့ဖြစ်စေ၊ ပုဂ္ဂိုလ် တစ်ဦးဦး၏ကိုယ်စားလှယ်သို့ဖြစ်စေ ချေးငွေအမျိုးမျိုးထုတ်ချေးခြင်း လုပ်ငန်းကိုဆိုသည်။ ယင်းစကားရပ်တွင် ချေးငွေ၊ ကြိုတင်ထုတ်ပေးငွေ၊ စာရင်းပိုထုတ်ငွေ၊ ငှားရမ်းမှုအတွက် ချေးငွေ၊ ချေးငွေဆိုင်ရာစာရွက်စာတမ်းများ လက်ခံခြင်း၊ အာမခံချက်ပေးခြင်း၊ ဘဏ်ငွေလွှဲစာတမ်း၊ ဘဏ်အာမခံစာချုပ်၊ နိုင်ငံခြားသုံးငွေ ဆိုင်ရာသဘောတူစာချုပ်နှင့် ဘဏ်၏ လက်ကျန်ရှင်းတမ်းတွင် မပါဝင်သော ချေးငွေတစ်ခုခုအပါအဝင် ဆက်သွယ် ဆောင်ရွက်သူက တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ဘဏ်တစ်ခုသို့ ငွေရေးကြေးရေး ပေးရန်တာဝန်များလည်း ပါဝင်သည်။

**ရင်းနှီးမြှုပ်နှံမှုအပေါ် ကန့်သတ်ချက်များ**

၆၀။ (က) ဘဏ်တစ်ခုသည် အောက်ပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းအမျိုးအစားတစ်ခုခု၏ အစုရှယ်ယာများကို ရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း မပြုရ-

( ၁ ) အများနှင့်သက်ဆိုင်သော ကုမ္ပဏီမဟုတ်သည့်အပြင် ဗဟိုဘဏ်၏ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း၊

( ၂ ) ဗဟိုဘဏ်က လုပ်ကိုင်ခွင့်မရှိဟု ကြေညာထားသော လုပ်ငန်းအမျိုးအစားကို လုပ်ကိုင်နေသော ကုမ္ပဏီ သို့မဟုတ် လုပ်ငန်း။

( ခ ) ဘဏ်တစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင် အစုရှယ်ယာ ရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်းပြုလျှင် မိမိဘဏ်၏ မတည်ရင်းနှီးငွေ၏ ၁၀ ရာခိုင်နှုန်း ထက်မပိုသော ပမာဏကိုသာ ဝယ်ယူနိုင်ခွင့်ရှိသည်။

၆၁။ (က) ဘဏ်တစ်ခုသည် အခြားကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုတွင်အောက်ပါအတိုင်း အစုရှယ်ယာရယူခြင်း သို့မဟုတ် လက်ဝယ်ထားရှိခြင်း ပြုနိုင်သည်-

( ၁ ) အခြားဘဏ်တစ်ခုတွင် အဆိုပါဘဏ်၏ မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိ တန်ဖိုးရှိသော အစုရှယ်ယာ၊

( ၂ ) ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းလုပ်ငန်း ဆောင်ရွက်သည့်လုပ်ငန်း သို့မဟုတ် ကုမ္ပဏီတစ်ခုခုတွင် အဆိုပါကုမ္ပဏီ သို့မဟုတ် လုပ်ငန်းမတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းအထိ တန်ဖိုးရှိသော အစုရှယ်ယာ။

(ခ) ပုဒ်မ ၆၀၊ ပုဒ်မခွဲ(ခ)ပါ ကန့်သတ်ချက်တွင် အောက်ပါတို့ အကျုံးမဝင်-

(၁) တာဝန်ခံ၍ရောင်းချခြင်း သို့မဟုတ် တစ်ဆင့်တာဝန်ခံ၍ရောင်းချခြင်း စာချုပ်တစ်ရပ်ရပ်အရ အလုပ်လုပ်ရက် ခုနစ်ရက်ထက်မပိုသော ကာလအတွက် သို့မဟုတ် ဗဟိုဘဏ်က အတည်ပြုသည့် အခြားထပ်တိုးကာလတစ်ခုခုအတွက် ဘဏ်က ကုမ္ပဏီ သို့မဟုတ် လုပ်ငန်းတစ်ခုခု၏ ရှယ်ယာတစ်ရပ်ရပ်ကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊

(၂) ဘဏ်၏ လက်အောက်ခံကုမ္ပဏီတစ်ခု၏ အစုရှယ်ယာ သို့မဟုတ် ဤဥပဒေ အခန်း (၁၄) နှင့် (၁၅) တို့အရ အခြားဘဏ်တွင် ဗဟိုဘဏ်က အတည်ပြုပေးသည့် ရှယ်ယာကို လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်း၊

(၃) ဘဏ်တစ်ခုသို့ ပေးရန်စေ့ရောက်သည့် ကြွေးမြီတစ်ရပ်ရပ်အတွက် ပေးချေသည့် ရှယ်ယာအား လက်ဝယ်ထားရှိခြင်း သို့မဟုတ် ရယူခြင်းတစ်ရပ်ရပ်ရှိပါက အဆိုပါ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်းကို ဗဟိုဘဏ်သို့ စာဖြင့်အကြောင်းကြားရန် ဖြစ်ပြီး အဆိုပါရယူသည့်နေ့မှစ၍ နှစ်နှစ်အတွင်း ရောင်းချရမည်။

(ဂ) ဤပုဒ်မအရ အစုရှယ်ယာများကို ရယူသော သို့မဟုတ် လက်ဝယ်ထားရှိသော ဘဏ်တစ်ခုခုသည် သက်ဆိုင်ရာတို့က အချိန်မရွေး စစ်ဆေးနိုင်ရန် အဆိုပါရယူထားသော သို့မဟုတ် လက်ဝယ်ထားရှိသော ရှယ်ယာများကိုသီးခြားမှတ်တမ်းဖြင့်ထိန်းသိမ်းရမည်။

(ဃ) ဤပုဒ်မအလို့ငှာ ဗဟိုဘဏ်သည် အောက်ပါတို့အတွက် စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည် -

(၁) ဘဏ်က စီးပွားရေးလုပ်ငန်းတစ်ခုတွင် အစုရှယ်ယာပါဝင်ခြင်း၊ ရယူခြင်း၊ လက်ဝယ်ထားရှိခြင်း၊

(၂) အဆိုပါဘဏ်တစ်ခုက ရယူထားသော၊ လက်ဝယ်ရှိသော စုစုပေါင်းအစုရှယ်ယာများ၏တန်ဖိုးပမာဏနှင့် ပုဂ္ဂိုလ်တစ်ဦးဦးထံမှရယူပိုင်ဆိုင်နိုင်သော သဘောသဘာဝနှင့် အများဆုံးတန်ဖိုးပမာဏ။

(င) ဤပုဒ်မ၏ ပြဋ္ဌာန်းချက်များကိုဖြစ်စေ၊ စည်းမျဉ်းများကိုဖြစ်စေ ဘဏ်တစ်ခုခုက ဖောက်ဖျက်လျှင် ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်နိုင်သည်-

(၁) အဆိုပါ ဘဏ်အား ကုမ္ပဏီတစ်ခုတွင်ဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုတွင်ဖြစ်စေ အစုရှယ်ယာများ ပမာဏတိုးမြှင့်မှုကို တားမြစ်ခြင်း၊

(၂) ဘဏ်အား ကုမ္ပဏီတစ်ခု သို့မဟုတ် လုပ်ငန်းတစ်ခုလက်ဝယ်ရှိသည့် အစုရှယ်ယာများ ပမာဏကို သတ်မှတ်ထားသည့် အချိန်အတွင်းလျှော့ချရန် သို့မဟုတ် သတ်မှတ်ထားသည့် ကန့်သတ်ချက်ပမာဏအထိထားရှိရန် ညွှန်ကြားခြင်း။

၆၂။ ပုဒ်မ ၆၀ နှင့် ၆၁ ပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်များ၊ ယင်းတို့၏ နိုင်ငံခြားဘဏ်ခွဲများ နှင့်သက်ဆိုင်ခြင်း မရှိစေရ။

၆၃။ (က) မည်သည့်ဘဏ်မျှ မိမိဘဏ်က ပိုင်ဆိုင်သော ရှယ်ယာများရယူခြင်း ဆောင်ရွက်ရန် သို့မဟုတ် စည်းကမ်းချက်သတ်မှတ်မထားသော သို့မဟုတ် အရေးပေါ်ပေးရန်တာဝန် ပေါ်ပေါက်နေသော ဘဏ်ကထုတ်ဝေသည့် ကြွေးမြီဆိုင်ရာသက်သေခံလက်မှတ်များ၊ စာချုပ်များကို ဝယ်ယူခြင်းဆောင်ရွက်ရန် ချေးငွေထုတ်ချေးခြင်းမပြုရ။

(ခ) မည်သည့်ဘဏ်မျှ မိမိပိုင်အစုရှယ်ယာများကို အာမခံထား၍လည်းကောင်း၊ မိမိဘဏ်တွင် အကျိုးစီးပွားများစွာရှိသော ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အာမခံထား၍ လည်းကောင်း ချေးငွေထုတ်ချေးခြင်းမပြုရ။

(ဂ) ပုဒ်မခွဲ (က) နှင့် ပုဒ်မခွဲ (ခ) ပါ ပြဋ္ဌာန်းချက်များသည် သက်ဆိုင်ရာ ဘဏ်ဝန်ထမ်းများက ဘဏ်၏ အစုရှယ်ယာများအား ပိုင်ဆိုင်နိုင်သည့်အစီအစဉ်အတွက် ကိုယ်ပိုင်အစု ရှယ်ယာများကို အာမခံထား၍ ချေးငွေပေးခြင်းနှင့် သက်ဆိုင်ခြင်းမရှိစေရ။ ယင်းသို့ ချေးငွေပေးခြင်းသည် ဘဏ်၏ထည့်ဝင်ပြီး မတည်ရင်းနှီးငွေ၏ ငါးရာခိုင်နှုန်းထက် မပိုရ။

**ဆက်နွယ်နေသူများအား ချေးငွေပေးခြင်း**

၆၄။ (က) မည်သည့်ဘဏ်မျှ ၎င်း၏ဒါရိုက်တာများ၊ မန်နေဂျာများ သို့မဟုတ် ဘဏ်၏ ငါးရာခိုင်နှုန်း ထက်ပိုသည့် မဲပေးနိုင်သော အစုရှယ်ယာများကို ကိုင်ဆောင်ထားသူ အစုရှယ်ယာဝင် များအား ချေးငွေထုတ်ချေးခြင်းမပြုရ။

(ခ) မည်သည့်ဘဏ်ကမျှ တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်သော နည်းဖြင့်ဖြစ်စေ ငွေရေးကြေးရေး အဖွဲ့အစည်းနှင့် ဆက်နွယ်နေသူနှင့် ဈေးကွက်စည်းကမ်းသတ်မှတ်ချက်များထက် လျော့နည်းသော စည်းကမ်းချက်များဖြင့် မည်သည့်လွှဲပြောင်းဆောင်ရွက်ခြင်း ကိုမျှ မပြုလုပ်ရ။

(ဂ) အောက်ပါအခြေအနေများရှိမှသာ ဘဏ်သည် ဆက်နွယ်နေသူများနှင့် ဆောင်ရွက်ချက်များ ပြုလုပ်နိုင်သည် -

(၁) ဘဏ်၏ ဒါရိုက်တာအဖွဲ့ အစည်းအဝေးတွင် အဆိုပါကိစ္စနှင့် ပတ်သက်သည့် ဒါရိုက်တာမှအပ ကျန်ဒါရိုက်တာအဖွဲ့ဝင် သုံးပုံနှစ်ပုံအောက်မနည်းသည့် ဆန္ဒမဲအရ ဒါရိုက်တာအဖွဲ့ အစည်းအဝေးက အတည်ပြုထားပြီးဖြစ်ခြင်း၊

(၂) အဆိုပါ ဆောင်ရွက်ချက်အတွက် အာမခံပစ္စည်းတင်သွင်းထားခြင်း။

(ဃ) မည်သည့်ဘဏ်မျှ ဆက်နွယ်နေသူအား ဗဟိုဘဏ်က သတ်မှတ်ထားသော ပမာဏထက် ကျော်လွန်၍ ချေးငွေတစ်ရပ်ရပ်ကို ထုတ်ချေးခြင်းမပြုရ။

(င) ဗဟိုဘဏ်သည် အောက်ပါတို့ကို သတ်မှတ်နိုင်သည်-

(၁) ချေးငွေ၏ အရင်းပမာဏ၊

(၂) ချေးငွေအားလုံးအတွက် စုစုပေါင်းအရင်းငွေ ပမာဏလက်ကျန် သို့မဟုတ် ဘဏ်တစ်ခုက ဆက်နွှယ်နေသော စီးပွားရေးလုပ်ငန်းအုပ်စုကိုဖြစ်စေ၊ ယင်းအုပ်စု၏ အဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ ထုတ်ချေးသည့် ချေးငွေအမျိုးအစားတစ်ရပ်ရပ်။

(စ) ဆက်နွှယ်နေသူနှင့် ပတ်သက်နေသည့် ပေးရန်ရှိသည့် ချေးငွေများအားလုံးကို ချေးငွေအပြည့်အဝပေးပြီးသည့်အချိန်အထိ ဘဏ်၏ လက်ရှိဘဏ္ဍာရေးနှစ်နှင့် လာမည့်ဘဏ္ဍာရေးနှစ်များအတွက် ရေးဆွဲသော ငွေရေးကြေးရေးစာရင်းများတွင် ဖော်ပြရမည်။

(ဆ) ဘဏ်သည် ၎င်းတို့နှင့်ဆက်နွှယ်နေသူများက ဤပုဒ်မတွင် ဖော်ပြထားသော စည်းမျဉ်းစည်းကမ်းများကို ချိုးဖောက်ကြောင်းတွေ့ရှိပါက ဗဟိုဘဏ်သို့ ဖောက်ဖျက်သူများကို ဖော်ပြ၍ ချက်ချင်းသတင်းပို့ရမည်။

(ဇ) ဘဏ်သည် ဤပုဒ်မပါစည်းကမ်းချက်များအား ချိုးဖောက်ခြင်းနှင့်စပ်လျဉ်း၍ စီမံဆောင်ရွက်ခြင်းမပြုပါက ဗဟိုဘဏ်သည် ချေးငွေများ ပြန်လည်ရရှိရေးအတွက် ရက်ပေါင်း ၃၀ အတွင်း ညွှန်ကြားချက်ထုတ်ခြင်း သို့မဟုတ် လိုအပ်သလို သတ်မှတ်ချက်များ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဈ) ဤပုဒ်မပါပြဋ္ဌာန်းသည့် ချေးငွေထုတ်ချေးခြင်းသည် အဆိုပါဘဏ်၏ ဝန်ထမ်းများသို့ ထုတ်ချေးသည့် ချေးငွေအစီအစဉ်တစ်ရပ်ဖြစ်ပါက ဘဏ်၏ဝန်ထမ်းတစ်ဦးဖြစ်သော ဒါရိုက်တာတစ်ဦး သို့မဟုတ် အရာရှိတစ်ဦးနှင့် အကျိုးဝင်သက်ဆိုင်ခြင်းမရှိစေရ။

၆၅။ ဗဟိုဘဏ်သည် ဘဏ်များအတွက် နိုင်ငံခြားငွေဖြင့် ချေးငွေအမြင့်ဆုံး ကန့်သတ်ချက်များကို နိုင်ငံခြားငွေကြေး တစ်မျိုးဖြင့်ဖြစ်စေ၊ နိုင်ငံခြားငွေအမျိုးမျိုးဖြင့်ဖြစ်စေ စည်းမျဉ်းထုတ်ပြန်၍ သတ်မှတ်နိုင်သည်။

၆၆။ (က) ဗဟိုဘဏ်သည် ကြပ်မတ်ကွပ်ကဲရေးနှင့်စပ်လျဉ်း၍ ဘဏ်များလိုက်နာရမည့် လိုအပ်ချက်များကို သတ်မှတ်ရန် ဤဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့်အညီ စည်းမျဉ်းများကို အသေးစိတ် သတ်မှတ်ထုတ်ပြန်ရမည်။

(ခ) ယင်းသို့ ထုတ်ပြန်ရာတွင် ဘဏ်အားလုံးအတွက်ဖြစ်စေ၊ အမျိုးအစားကွဲပြားသည့် ဘဏ်များအတွက်ဖြစ်စေ ထုတ်ပြန်သော စည်းမျဉ်းများသည် အဆိုပါဘဏ်၏ မတူညီသော ရည်ရွယ်ချက်၊ သဘောသဘာဝ၊ လုပ်ငန်းပမာဏနှင့် အဆိုပါဘဏ်၏ ငွေကြေးရရှိရာ ရင်းမြစ်တို့အပေါ်တွင်မူတည်၍ သတ်မှတ်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ဤပုဒ်မအရ သတ်မှတ်ထားသည့် လိုအပ်ချက်များကို လိုက်နာရန် ပျက်ကွက်သည့် ဘဏ်တစ်ခုခုသည် ဗဟိုဘဏ်က သတ်မှတ်သည့်အချိန်ကာလအတွင်း ဗဟိုဘဏ်၏ စည်းမျဉ်းတွင် သတ်မှတ်သည့်နှုန်းထားဖြင့် ဗဟိုဘဏ်သို့ ဒဏ်ငွေပေးဆောင်ရမည်။

**လုပ်ငန်းဆောင်ရွက်ချက်နှင့် ကတိကဝတ်များအတွက်မှတ်တမ်းများ**

၆၇။ (က) ဘဏ်သည် ၎င်း၏ ဆက်သွယ်ဆောင်ရွက်ချက်နှင့် ကတိကဝတ်များ အသီးသီးအတွက် သက်ဆိုင်သော စာရွက်စာတမ်းများကို စာတွဲပြုစုထားရှိရမည်။ အဆိုပါစာတွဲသည် တရားရုံးတွင် သက်သေခံဝင်သော စာတမ်းအမှတ်အသားများဖြစ်စေရမည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အပါအဝင် မှတ်တမ်းပြုစုခြင်းနှင့်ထိန်းသိမ်းခြင်းဆိုင်ရာ သတ်မှတ်ချက်များကို စည်းမျဉ်းထုတ်ပြန်သတ်မှတ်နိုင်သည်-

(၁) စာတမ်းအမှတ်အသား အမျိုးအစားများ၊

(၂) ထိန်းသိမ်းထားရှိသည့်ပုံစံ၊ နည်းစနစ်၊

(၃) ထိန်းသိမ်းထားရှိရမည့် သက်တမ်းကာလ၊

(၄) ဤပုဒ်မနှင့်သက်ဆိုင်သော အခြားလိုအပ်သည့် စာတမ်းအမှတ်အသားများ။

**ငွေကြေးခဝါချမှုနှင့် သံသယရှိသောငွေလွှဲပြောင်းပေးပို့မှု သတင်းပေးပို့ခြင်းများ**

၆၈။ ဗဟိုဘဏ်သည် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပါကိစ္စရပ်များနှင့် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းသည့် ဥပဒေများအရ သက်ဆိုင်ရာသို့ သတင်းပို့ရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ငွေရေးကြေးရေးအဖွဲ့အစည်းများက လုပ်ဆောင်ရမည့် လုပ်ထုံးလုပ်နည်းများကို သီးခြားသတ်မှတ်ထားရှိရမည်။

**လက်အောက်ခံအဖွဲ့အစည်းများတည်ထောင်ခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်းအားထိန်းချုပ်ကွပ်ကဲခြင်း**

၆၉။ ဘဏ်တစ်ခုသည် အောက်ပါကိစ္စရပ်များအတွက် ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက် ရယူရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတွင် လက်အောက်ခံအဖွဲ့အစည်းများဖွဲ့စည်းခြင်း သို့မဟုတ် ပိုင်ဆိုင်မှုရယူခြင်း၊

(ခ) ပြည်တွင်း၌ဖြစ်စေ၊ ပြည်ပ၌ဖြစ်စေ ၎င်း၏ရုံးတစ်ခုခု ဖွင့်လှစ်ခြင်း။

**အဆက်အသွယ်ဘဏ်လုပ်ငန်း တည်ထောင်ခြင်း**

၇၀။ (က) ဘဏ်သည် ပြည်ပရှိ မည်သည့်ဘဏ်နှင့်မဆို အဆက်အသွယ် ဘဏ်လုပ်ငန်းအား ထူထောင်ခွင့်ရှိသည်။

(ခ) ဗဟိုဘဏ်သည် မြန်မာနိုင်ငံပြင်ပရှိ ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် အဆက်အသွယ် ဘဏ်လုပ်ငန်းကို ထူထောင်ခြင်းနှင့်စပ်လျဉ်း၍ စည်းမျဉ်းသတ်မှတ်ချက်များကို ထုတ်ပြန်သတ်မှတ်နိုင်သည်။

**ငွေရေးကြေးရေးဆိုင်ရာဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်း**

၇၁။ (က) ဗဟိုဘဏ်သည် ဘဏ်များ၏ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးခြင်းနှင့် ငွေရေးကြေးရေးဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရန် တာဝန်ရှိသည်။

(ခ) ပုဒ်မခွဲ (က) ပါ တာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(၁) နိုင်ငံတော်တွင် ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို ကာကွယ်ရေးအတွက် မဟာဗျူဟာ အစီအစဉ်ကို စီမံချက်ရေးဆွဲရန်နှင့် အကောင်အထည်ဖော်ရန်၊

(၂) အခြားငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများနှင့်ပူးပေါင်း၍ ဝန်ဆောင်မှုရယူသူများကို အကာအကွယ်ပေးရေးအစီအမံများ ညှိနှိုင်းဆောင်ရွက်ရန်၊

(၃) အခြားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများထံမှ လိုအပ်သည့် သတင်းအချက်အလက်များရယူရန်၊

(၄) အခြားသော ငွေရေးကြေးရေးကဏ္ဍကြပ်မတ်ကွပ်ကဲသူများက ကြီးကြပ်ကွပ်ကဲခြင်း မပြုသည့်ကဏ္ဍများ၊ လစ်လပ်နေသော ကဏ္ဍများအတွက်ညွှန်ကြားချက်များ ထုတ်ပြန်ရန်၊

(၅) ငွေရေးကြေးရေးအဖွဲ့အစည်းနှင့် ၎င်းနှင့်ဆက်ဆံသူများအကြားတွင် ပေါ်ပေါက်သည့် အငြင်းပွားမှုများကို တရားရုံးပြင်ပတွင် ဖြေရှင်းသော စနစ်တစ်ရပ်အား တိုးမြှင့်ဆောင်ရွက်ရန်၊

(၆) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကို သုတေသနပြုခြင်းနှင့် ကိန်းဂဏန်းစုဆောင်းခြင်းကိစ္စများကို အားကောင်းစေရေးအတွက် ဆောင်ရွက်ရန်၊

(၇) အဓိကပါဝင်သူများ၏ ငွေရေးကြေးရေး အသိပညာဆိုင်ရာ စာပေကွန်ရက်ကို တည်ထောင်ရန်၊

(၈) ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှုရယူသူများကိုကာကွယ်ရေးနယ်ပယ်နှင့် စပ်လျဉ်းသည့် လုပ်ငန်းဆောင်ရွက်ချက်များ၊ ပြဿနာရပ်များကို အစိုးရနှင့် အများပြည်သူတို့ သိရှိစေရန် အစဉ်တစိုက် အသိပေးဖော်ပြရန်။

(ဂ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) နှင့် (ခ) အား အကျိုးသက်ရောက်စေရန်အလို့ငှာ လိုအပ်သည့် စည်းမျဉ်းများကို ထုတ်ပြန်နိုင်သည်။

**မမျှတသည့်ယှဉ်ပြိုင်လုပ်ကိုင်မှုများအား တိုက်ဖျက်ရေး**

၇၂။ ဘဏ်သည် အောက်ပါတို့ကို ဆောင်ရွက်ခြင်းမပြုရ-

(က) ငွေရေးကြေးရေးဈေးကွက်များတွင် ထိန်းချုပ်လွှမ်းမိုးနိုင်သည့်အနေအထားကို ရရှိစေမည့် ပဋိညာဉ်စာချုပ်များ သို့မဟုတ် သဘောတူညီချက်များကို ချုပ်ဆိုခြင်း သို့မဟုတ် လုပ်ဆောင်မှုများကို ဆောင်ရွက်ခြင်း၊

(ခ) မိမိအတွက်လည်းကောင်း၊ အခြားပုဂ္ဂိုလ်များအတွက်လည်းကောင်း မမျှတသည့် အခွင့်အလမ်းရရှိစေမည့် မမှန်ကန်သောလုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း။

## အခန်း (၁၀)

## ဘဏ်များ၏ ဒါရိုက်တာအဖွဲ့၊ အမှုဆောင်အရာရှိချုပ်

၇၃။ (က) ဘဏ်သည် အစုရှယ်ယာရှင်များသင်းလုံးကျွတ် အထွေထွေအစည်းအဝေးမှ ရွေးချယ်ခြင်းခံရသူ ဒါရိုက်တာငါးဦးအောက်မနည်းသော ဒါရိုက်တာအဖွဲ့ ဖွဲ့စည်းထားရှိရမည်။

(ခ) ဘဏ်၏ ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် အစည်းအဝေး အထမြောက်ရန် တက်ရောက်ရမည့် အဖွဲ့ဝင်ဒါရိုက်တာဦးရေ ပြည့်မီစွာ တက်ရောက်သော်လည်း အမှုဆောင်မဟုတ်သော သီးခြားလွတ်လပ်သော ဒါရိုက်တာ အနည်းဆုံးတစ်ဦးတက်ရောက်မှသာ ထိုအစည်းအဝေး အထမြောက်သည်။

(ဂ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်သည် နိုင်ငံခြားဘဏ်ခွဲများနှင့် သက်ဆိုင်ခြင်းမရှိစေရ။

၇၄။ (က) အစုရှယ်ယာဝင်များ၏ သင်းလုံးကျွတ် အထွေထွေအစည်းအဝေးမှ ဆောင်ရွက်ရန် ပေးအပ်သည့် လုပ်ငန်းတာဝန်များအပြင် ဘဏ်ကဆောင်ရွက်ရမည့် လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များအားလုံးကို ဤဥပဒေအရ ဒါရိုက်တာအဖွဲ့သည် ကျင့်သုံးဆောင်ရွက်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လုပ်ငန်းတာဝန်များကို စနစ်တကျဆောင်ရွက်ရန်အလို့ငှာ ဒါရိုက်တာအဖွဲ့သည် လိုအပ်သောစည်းကမ်းများကို ချမှတ်ထားရမည်။

(ဂ) ဒါရိုက်တာအဖွဲ့၏ တာဝန်များတွင် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်းအပြင် အောက်ပါတို့ပါဝင်သည်-

(၁) ပြည့်စုံသောဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲရေးလုပ်ငန်းစဉ်ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၂) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲရေး၊ ထိန်းချုပ်ကွပ်ကဲမှုစနစ်နှင့် လုပ်ထုံးလုပ်နည်းများ သတ်မှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၃) လုပ်ပိုင်ခွင့်နှင့် တာဝန်များကိုပေးအပ်ရန် အဖွဲ့အစည်းဆိုင်ရာ အစီအစဉ်များအတွက် မူဝါဒများချမှတ်ခြင်း၊

(၄) ကျင့်ဝတ်နှင့်ကျွမ်းကျင်မှုစံများ မြှင့်တင်ပေးမည့် အဖွဲ့အစည်းအတွင်း လက်တွေ့ကျင့်သုံးမှုနှင့် လုပ်ထုံးလုပ်နည်းများ ချမှတ်ခြင်း၊

(၅) ဘဏ်၏ ဌာနတွင်း ထိန်းချုပ်ကွပ်ကဲမှုစနစ်ကို ချမှတ်ခြင်းနှင့် သုံးသပ်ခြင်း၊

(၆) ဘဏ်၏ ဥပဒေနှင့်ထုတ်ပြန်သည့် နည်းဥပဒေများ၊ ညွှန်ကြားချက်များနှင့် လမ်းညွှန်ချက်များလိုက်နာမှုကို သေချာစေခြင်း။

၇၅။ (က) ဒါရိုက်တာအဖွဲ့သည် အောက်ဖော်ပြပါ ကော်မတီများအပါအဝင် သီးသန့်ရည်ရွယ်ချက်များဖြင့် ကော်မတီနှင့် ဆပ်ကော်မတီများကို တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ ဖွဲ့စည်းနိုင်သည်-

(၁) ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှုကော်မတီ၊

(၂) ဈေးငွေကော်မတီ၊

(၃) လစာချီးမြှင့်ရေးကော်မတီ၊

(၄) စာရင်းစစ်ကော်မတီ၊

(၅) ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များ စီမံခန့်ခွဲရေးကော်မတီ။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသည့် ကော်မတီနှင့်ဆပ်ကော်မတီတို့၏ လုပ်ငန်းတာဝန်များ၊ လုပ်ပိုင်ခွင့်များနှင့် လုပ်ငန်းဆိုင်ရာလုပ်ထုံးလုပ်နည်းများသည်လည်းကောင်း၊ ၎င်းတို့ အဖွဲ့ဝင်များကို ပေးရမည့်လစာနှင့်ချီးမြှင့်ငွေများသည်လည်းကောင်း ဒါရိုက်တာအဖွဲ့က သတ်မှတ်သည့်အတိုင်း ဖြစ်စေရမည်။

၇၆။ (က) ရာထူးတာဝန်ယူရန် သင့်မြတ်လျော်ကန်မှုရှိခြင်းနှင့် ဤဥပဒေအရ ရာထူးတာဝန် ထမ်းဆောင်ရန် တားမြစ်ပိတ်ပင်ခြင်းမရှိပါက မည်သူမဆို ဘဏ်တစ်ခု၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်ပိုင်ခွင့်၊ ရွေးချယ်တင်မြှောက် ခံပိုင်ခွင့် သို့မဟုတ် အမည်စာရင်း တင်သွင်းခွင့်ရှိသည်။

(ခ) ဤဥပဒေအရ ရာထူးတာဝန်နှင့် သင့်မြတ်လျော်ကန်သူ ဟုတ် မဟုတ် ဆုံးဖြတ်ရာတွင် ဗဟိုဘဏ်က သတ်မှတ်နိုင်သည့် အခြားကိစ္စရပ်များအပြင် အောက်ပါ အချက်များကို ထည့်သွင်းစဉ်းစားရမည် -

(၁) ငွေကြေးနှင့်ဘဏ်လုပ်ငန်း၊ စီမံခန့်ခွဲမှု၊ စီးပွားရေးလုပ်ငန်း သို့မဟုတ် သက်ဆိုင်ရာ ကဏ္ဍတစ်ခုခုတွင် ပညာအရည်အချင်း သို့မဟုတ် အသက်မွေးဝမ်းကျောင်းနှင့် ဆိုင်သော အရည်အချင်းများ သို့မဟုတ် ထိရောက်သည့်အတွေ့အကြုံများ၊

(၂) အဆိုပါ ပုဂ္ဂိုလ်သည် လိမ်လည်လှည့်ဖြားမှု၊ မရိုးမဖြောင့်မှု သို့မဟုတ် အခြား မလျော်မကန်ပြုမူကြောင်း ကြပ်မတ်ကွပ်ကဲသည့်အဖွဲ့အစည်းကဖြစ်စေ၊ ပြည်တွင်း ပြည်ပတွင်ဖွဲ့စည်းထားသည့် အသက်မွေးဝမ်းကျောင်းအသင်းအဖွဲ့ သို့မဟုတ် ဥပဒေအရ ဖွဲ့စည်းထားသည့် အခြားအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ စုံစမ်းစစ်ဆေးခြင်း သို့မဟုတ် စုံစမ်းခြင်းခံရခြင်း၊

(၃) အဆိုပါပုဂ္ဂိုလ်သည် ငွေရေးကြေးရေးစီမံခန့်ခွဲမှုနှင့်စပ်လျဉ်း၍ ပြည်တွင်းပြည်ပရှိ တရားရုံးတစ်ခုခုက ပြစ်ဒဏ်ချမှတ်ခြင်းခံရခြင်း ရှိ မရှိ၊

(၄) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ လူမွဲစာရင်း ခံယူသူအဖြစ် ကြေညာခံရခြင်းရှိ မရှိ၊

( ၅ ) အဆိုပါ ပုဂ္ဂိုလ်သည် ကြွေးမြီပြန်လည်ပေးဆပ်မှုအပါအဝင် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခု၏ဆုံးဖြတ်ချက် သို့မဟုတ် အမိန့် တစ်ခုခုကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သူ ဟုတ် မဟုတ်၊

( ၆ ) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ တရားရုံးတစ်ခုခုက သော်လည်းကောင်း၊ နိုင်ငံတော်တွင် အစိုးရဆေးဘုတ်အဖွဲ့ကသော်လည်းကောင်း စိတ်မနှံ့သူဖြစ်သည်ဟု ကြေညာထားခြင်းခံရသူ ဟုတ် မဟုတ်၊

( ၇ ) အဆိုပါပုဂ္ဂိုလ်သည် ပြည်တွင်းတွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ကြပ်မတ်ကွပ်ကဲခြင်း စည်းမျဉ်းအရ အရေးယူခြင်းကြောင့်သော်လည်းကောင်း၊ ဗဟိုဘဏ်ကသော် လည်းကောင်း ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ဥပဒေအရဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုခုတွင် ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် ထမ်းဆောင်ခြင်းမှ ထုတ်ပယ်ခြင်း သို့မဟုတ် ရာထူးရပ်ဆိုင်းခြင်းခံရသူ ဟုတ် မဟုတ်၊

( ၈ ) အဆိုပါပုဂ္ဂိုလ်သည် နိုင်ငံတော်တွင်ဖြစ်စေ၊ အရပ်ဒေသတစ်ခုခုတွင်ဖြစ်စေ လိုင်စင်အား ခေတ္တရပ်စဲခြင်း သို့မဟုတ် ရပ်စဲခြင်းခံထားရသည့် ငွေရေးကြေးရေးအဖွဲ့အစည်း တစ်ခုခု၏ အဓိကအစုရှယ်ယာရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်တစ်ဦး ဟုတ် မဟုတ်။

(ဂ) ပုဒ်မခွဲ (ခ) ကို မထိခိုက်စေဘဲ ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာသည် ယင်းဘဏ်၏ လက်အောက်ခံအခြားအဖွဲ့အစည်း သို့မဟုတ် ဦးပိုင်ကုမ္ပဏီ မှအပ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဒါရိုက်တာ သို့မဟုတ် အရာရှိအဖြစ် တစ်ချိန်တည်း တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) မည်သူ့ကိုမျှ ၎င်း၏ ဒါရိုက်တာအဖြစ် ခန့်အပ်ရန် ရည်ရွယ်ကြောင်း ဗဟိုဘဏ်သို့ အကြောင်းကြားစာပေးပို့ပြီး ရက်ပေါင်း ၃၀ မပြည့်မီ ဒါရိုက်တာအဖြစ် အမည်စာရင်း တင်သွင်းခြင်း၊ ခန့်အပ်ခြင်း၊ ရွေးချယ်တင်မြှောက်ခြင်းမပြုရ။

(င) အကြောင်းကြားစာကို ဗဟိုဘဏ်၏ သတ်မှတ်သည့် ပုံစံဖြင့်ပေးပို့ရမည်ဖြစ်ပြီး ဗဟိုဘဏ်က တောင်းခံသည့် သက်ဆိုင်သော စာတမ်းအမှတ်အသားများနှင့် သတင်းအချက်အလက် များပူးတွဲ ပါရှိရမည်။

(စ) ပုဒ်မခွဲ (ခ)၊ (ဂ) နှင့် (ဃ) တို့တွင် ရည်ညွှန်းဖော်ပြသော ကိစ္စတစ်ရပ်ရပ်ကို သေချာစေရန် လိုအပ်သလို စဉ်းစားချင့်ချိန်ပြီး နောက်ကြောင်းစုံစမ်းစစ်ဆေးခြင်းတစ်ရပ်ရပ် ဆောင်ရွက်ရန် ဗဟိုဘဏ်သည် ဤဥပဒေအရ အခွင့်အာဏာရှိသည်။

**အမှုဆောင်အရာရှိချုပ် ခန့်ထားခြင်းနှင့် ဝန်ဆောင်မှုစည်းကမ်းချက်များ**

၇၇။ (က) ဒါရိုက်တာအဖွဲ့သည် ဤဥပဒေနှင့် သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဘဏ်၏ အမှုဆောင်အရာရှိချုပ်ကို ခန့်အပ်ရမည်။

(ခ) ဘဏ်က ပုဒ်မ ၇၆၊ ပုဒ်မခွဲ (ဃ) ကို လိုက်နာမှုမရှိဘဲ မည်သူ့ကိုမျှ အမှုဆောင်အရာရှိချုပ်အဖြစ် အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းမပြုရ။

(ဂ) ဗဟိုဘဏ်သည် ဘဏ်ကအမှုဆောင်အရာရှိချုပ်ခန့်အပ်ရန် ရည်ရွယ်ကြောင်း အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဘဏ်၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း သို့မဟုတ် အတည်ပြုရန်ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ဗဟိုဘဏ်၏ အတည်ပြုရန် ငြင်းပယ်ကြောင်း အကြောင်းကြားချက်ကို မကျေနပ်သူ တစ်ဦးဦးသည် ထိုအကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ၁၅ ရက်အတွင်း ဗဟိုဘဏ်သို့ အယူခံနိုင်သည်။

(င) ပုဒ်မခွဲ (ဃ) အရ အယူခံမှုကို လက်ခံရရှိသည့်အခါ ဗဟိုဘဏ်သည် လက်ခံရရှိသည့်နေ့မှရက်ပေါင်း ၃၀ အတွင်း အမည်စာရင်းတင်သွင်းခြင်း သို့မဟုတ် ခန့်အပ်ခြင်းကို အတည်ပြုခြင်း သို့မဟုတ် အယူခံကိုပယ်ချခြင်း ပြုနိုင်သည်။

(စ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် အတည်ဖြစ်စေရမည်။

**ဒါရိုက်တာများနှင့် အရာရှိများ အရည်အချင်းပျက်ယွင်းခြင်းနှင့် ရာထူးတာဝန်မှထုတ်ပယ်ခြင်း**

၇၈။ (က) ပုဂ္ဂိုလ်တစ်ဦးဦးသည် အောက်ပါအချက်တစ်ရပ်ရပ်နှင့်ငြိစွန်းလျှင် ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် အရည်အချင်းမရှိစေရ-

(၁) ရာထူးတာဝန်တွင် ဆက်လက်တာဝန်ထမ်းဆောင်ရန် သင့်မြတ်လျော်ကန်မှုမရှိသူဖြစ်ခြင်း၊

(၂) ပုဒ်မ ၇၆၊ ပုဒ်မခွဲ (ဃ) အရ ဗဟိုဘဏ်သို့ နည်းလမ်းတကျ အကြောင်းကြားခြင်းမရှိဘဲ ခန့်အပ်ထားသူ၊ ရွေးချယ်တင်မြှောက်ထားသူ သို့မဟုတ် အမည်စာရင်းတင်သွင်းထားသူဖြစ်ခြင်း၊

(၃) ခန့်အပ်ခြင်း သို့မဟုတ် အမည်စာရင်းတင်သွင်းခြင်းအား ဗဟိုဘဏ်က ပုဒ်မ ၇၇၊ ပုဒ်မခွဲ(ဂ) အရ အတည်ပြုရန် ငြင်းပယ်ခြင်းခံရသူဖြစ်ခြင်း၊

(၄) ဘဏ်၏ လုပ်ငန်းတာဝန်များဆောင်ရွက်ရန် အရည်အချင်းမပြည့်သူ၊ အမြဲတမ်းမစွမ်းဆောင်နိုင်သူဖြစ်ခြင်း၊

(၅) ဘဏ်၏ရည်ရွယ်ချက်များနှင့် ငွေအပ်နှံသူများ၏ အကျိုးစီးပွားကို တစ်နည်းနည်းဖြင့် သိသာထင်ရှားစွာ ဆန့်ကျင်မှုများ ပြုလုပ်လာသူဖြစ်ခြင်း။

(ခ) ဘဏ်သည် ၎င်း၏ဒါရိုက်တာများ သို့မဟုတ် အမှုဆောင်အရာရှိချုပ်က ရာထူးတာဝန်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းလာကြောင်း သိရှိသည့်နေ့မှ ၁၅ ရက်အတွင်း ထိုဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ်အား ထုတ်ပယ်ရမည်ဖြစ်ပြီး ဗဟိုဘဏ်သို့လည်း အကြောင်းကြားစာ ပေးပို့ရမည်။

(ဂ) ဗဟိုဘဏ်သည် ဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အမှုဆောင်အရာရှိချုပ် တစ်ဦးဦးက ပုဒ်မခွဲ (က) အရ ရာထူးတာဝန် ဆက်လက်ထမ်းဆောင်ရန် အရည်အချင်းပျက်ယွင်းကြောင်း တွေ့ရှိသည့်အခါဗဟိုဘဏ်သည်-

(၁) အဆိုပါပုဂ္ဂိုလ်အား သတ်မှတ်ပေးသည့်ရက်အတွင်း ရာထူးမှထုတ်ပယ်ရန်စာဖြင့် ညွှန်ကြားနိုင်သည်။ ထို့ပြင်

(၂) ထိုသို့ညွှန်ကြားချက် မိတ္တူပူးတွဲ၍ ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းခံရသူထံစာဖြင့် အကြောင်းကြားရမည်။

(ဃ) ဘဏ်သည် ညွှန်ကြားချက်ပါ သတ်မှတ်ပေးသည့် အချိန်အတွင်း အဆိုပါပုဂ္ဂိုလ်အား ရာထူးတာဝန်မှ ထုတ်ပယ်ကြောင်းကို အကြောင်းကြားပြီး ဘဏ်၏အစုရှယ်ယာဝင်များထံ လိုအပ်သလို အကြောင်းကြားရမည်။ ထို့ပြင်ကုမ္ပဏီများမှတ်ပုံတင်အရာရှိထံသို့ ထုတ်ပယ်ခြင်းကိစ္စကို အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ ညွှန်ကြားချက်နှင့်အညီ ဒါရိုက်တာ သို့မဟုတ် အရာရှိအားထုတ်ပယ်ခြင်းသည် အခြားတည်ဆဲဥပဒေပါ ပြဋ္ဌာန်းချက်တွင်ဖြစ်စေ၊ ဘဏ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းတွင်ဖြစ်စေ မည်သို့ပင်ပါရှိစေကာမူ အဆိုပါရာထူးတာဝန်မှ ထုတ်ပယ်ကြောင်း ထုတ်ပြန်ကြေညာချက်ကို လက်ခံရရှိသည့်နေ့မှစ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(စ) ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၁) အရ ပေးသည့် ညွှန်ကြားချက်ကို သတ်မှတ်အချိန် ကာလအတွင်း လိုက်နာရန် ပျက်ကွက်သောဘဏ်ဖြစ်ပြီး ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ အကြောင်းကြားစာ ချမှတ်ခြင်းခံရသော ၎င်း၏တာဝန်ဆက်လက် ထမ်းဆောင်သော ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

(ဆ) ဘဏ်တစ်ခုခုက ပုဒ်မခွဲ (ဂ) အရ ထိုဘဏ်၏ ဒါရိုက်တာ သို့မဟုတ် အရာရှိရာထူးတာဝန်မှထုတ်ပယ်ခြင်းကို ကျေနပ်မှုမရှိလျှင် သက်ဆိုင်ရာပုဂ္ဂိုလ်က ဗဟိုဘဏ်သို့ အယူခံနိုင်သည်။ ထိုကိစ္စတွင် ပုဒ်မ ၇၇၊ ပုဒ်မခွဲ (ဃ) နှင့် (င) တို့အရ ပြဋ္ဌာန်းသည့် လုပ်ထုံးလုပ်နည်းများနှင့် သက်ဆိုင်စေရမည်။

**အကျိုးစီးပွားများ ထုတ်ဖော်အသိပေးခြင်း**

၇၉။ (က) ဒါရိုက်တာနှင့် အရာရှိတိုင်းသည် ၎င်းဖြစ်စေ၊ ၎င်း၏ဆွေမျိုးများဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း ပိုင်ဆိုင်သည့် အရေးကြီးသော ငွေရေးကြေးရေးနှင့် စီးပွားရေးလုပ်ငန်းဆိုင်ရာ အကျိုးစီးပွားအပြည့်အစုံကို ဒါရိုက်တာအဖွဲ့သို့ ထုတ်ဖော်တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) ပါ ထုတ်ဖော်တင်ပြခြင်းကို ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် မန်နေဂျာအဖြစ် ခန့်အပ်တာဝန်ပေးသည်နှင့် ပထမဦးစွာပြုလုပ်ရမည် ဖြစ်ပြီး နှစ်စဉ် ထုတ်ဖော်တင်ပြခြင်းကိုလည်း ပြုလုပ်ရမည်။

( ဂ ) ဒါရိုက်တာ သို့မဟုတ် အရာရှိသည် ယင်းကဲ့သို့ အကျိုးစီးပွားတစ်ရပ် ထပ်မံတိုးပွားရရှိသည့်အခါတွင်လည်း ဒါရိုက်တာအဖွဲ့အစည်းအဝေးတွင် ထိုအကျိုးစီးပွားကို ထုတ်ဖော်တင်ပြရမည်။ သို့ရာတွင် ထိုကိစ္စနှင့်စပ်လျဉ်း၍ ဆုံးဖြတ်ချက်ချရန် အကြေအလည်ဆွေးနွေးခြင်း သို့မဟုတ် မဲပေးခြင်းပြုရာ၌ တက်ရောက်ခြင်းမပြုရ။

**ဒါရိုက်တာများနှင့် အရာရှိများ၏ ပေးရန်တာဝန်**

၈၀။ (က) ဤဥပဒေနှင့် အခြားဥပဒေတစ်ရပ်ရပ်အရ ပြဋ္ဌာန်းသတ်မှတ်သည့် ပေးရန်တာဝန်များ အပြင် ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိသည် ၎င်း၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန်ပြုလုပ်မှုကြောင့်ဖြစ်စေ ဘဏ်တွင်သော်လည်းကောင်း၊ ဘဏ်၌ ငွေအပ်နှံသူ အခြားပုဂ္ဂိုလ်တွင်သော်လည်းကောင်း ဖြစ်ပေါ်သည့်ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် ပေးလျော်ရန်တာဝန်ရှိသည်။

( ခ ) ဤပုဒ်မပါ ပုဂ္ဂိုလ်က လုပ်ပိုင်ခွင့်လွှဲအပ်ထားသူ၏ အလွန်အမင်းပေါ့ဆမှုကြောင့်ဖြစ်စေ၊ တမင်မလျော်မကန် ပြုလုပ်မှုကြောင့်ဖြစ်စေ ဆုံးရှုံးမှု သို့မဟုတ် နစ်နာမှုအတွက် အဆိုပါ လွှဲအပ်တာဝန်ပေးသူနှင့် လွှဲအပ်တာဝန်ပေးခြင်းခံရသူတို့သည် တစ်ဦးချင်းသော်လည်းကောင်း၊ တွဲဖက်၍သော်လည်းကောင်း ပေးလျော်ရန်တာဝန်ရှိစေရမည်။

( ဂ ) ဤပုဒ်မအရ ဒါရိုက်တာ သို့မဟုတ် အရာရှိထံမှ ဆုံးရှုံးနစ်နာမှုကို ပြန်လည်ပေးလျော်ရန် ဆောင်ရွက်ချက်များကို ပေါ့ဆမှု သို့မဟုတ် မလျော်မကန်ပြုလုပ်မှု ဖြစ်ပေါ်ပြီး သုံးနှစ်အတွင်း စတင်ပြုလုပ်ရမည်။

**လျှို့ဝှက်ချက်များ ထိန်းသိမ်းရန်တာဝန်**

၈၁။ (က) ဘဏ်သည် မိမိအဖွဲ့အစည်းနှင့်ဆက်သွယ်ဆောင်ရွက်သူများ၏ ငွေစာရင်း၊ မှတ်တမ်းနှင့် လွှဲပြောင်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များကို လုံခြုံစွာ ထိန်းသိမ်းရမည်။

( ခ ) ဘဏ်တစ်ခုခု၏ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းများသည် ဆက်သွယ်ဆောင်ရွက်သူ၏ သတင်းအချက်အလက်အား မည်သူ့ကိုမျှ ပေးခြင်း သို့မဟုတ် အခြားနည်းဖြင့် ထုတ်ဖော်ခြင်း မပြုရ။

( ဂ ) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်၍ ပုဂ္ဂိုလ်တစ်ဦးဦး သိရှိစေရန်အလို့ငှာ ထုတ်ဖော်သော သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ရရှိသူသည် အခြားပုဂ္ဂိုလ်တစ်ဦးဦးအား အလားတူထုတ်ဖော်ခြင်းမပြုရ။

**လျှို့ဝှက်ထားရန်တာဝန်အား ခြွင်းချက်ပြုခြင်း**

၈၂။ (က) ပုဒ်မ ၈၁ ပါပြဋ္ဌာန်းချက်သည် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူဆိုင်ရာ သတင်းအချက်အလက်ကို အောက်ပါကိစ္စများတွင် ထုတ်ဖော်ခြင်းနှင့်မသက်ဆိုင်စေရ-

(၁) ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်တာဝန်များ ကျင့်သုံးဆောင်ရွက်ရေးအတွက် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်၏ ဒါရိုက်တာ၊ အရာရှိ သို့မဟုတ် ဝန်ထမ်းသို့ဖြစ်စေ ဤဥပဒေအရ ခန့်အပ်တာဝန်ပေးသူ တစ်ဦးဦးသို့ဖြစ်စေ ထုတ်ဖော်ခြင်း၊

(၂) ဘဏ်ထံမှ သတင်းအချက်အလက်ရရှိရန် ဗဟိုဘဏ်က စာဖြင့်အခွင့်အာဏာအပ်နှင်းထားခြင်းခံရသည့် ဗဟိုဘဏ်တွင် လုပ်ငန်းဆိုင်ရာဝန်ဆောင်မှုပေးသူ တစ်ဦးဦးသို့ ထုတ်ဖော်ခြင်း၊

(၃) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူကဖြစ်စေ၊ ၎င်း၏ ကိုယ်စားလှယ်ကဖြစ်စေ ထုတ်ဖော်ရန် စာဖြင့်ခွင့်ပြုချက်ပေးထားခြင်း၊

(၄) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူက ဘဏ်လူမွဲဖြစ်ကြောင်း ကြေညာခြင်းခံရသည့်ကိစ္စ သို့မဟုတ် ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူသည် ကုမ္ပဏီဖြစ်ပြီး နိုင်ငံတော်တွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းဆဲ သို့မဟုတ် ဖျက်သိမ်းပြီးဖြစ်ခြင်း၊

(၅) စီးပွားရေးလုပ်ငန်းဆောင်ရွက်ချက်အတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ပြီး ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေချေးရန် ထိုက်တန်မှု (Credit worthiness) ကို စိစစ်ရန်အတွက်ဖြစ်ခြင်း၊

(၆) ဘဏ်နှင့် ၎င်း၏ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူအကြား သို့မဟုတ် ၎င်းအားအာမခံသူတို့အကြားဖြစ်စေ၊ ဘဏ်နှင့်ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းမှငွေကိုထုတ်ယူရန် တောင်းခံသူနှစ်ဦးထက်ပိုသော ပုဂ္ဂိုလ်များအကြားဖြစ်စေ ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် ပတ်သက်၍ တရားမကြောင်းအရလည်းကောင်း၊ ပြစ်မှုကြောင်းအရလည်းကောင်း တရားစွဲဆိုမှုအတွက် လိုအပ်သော သတင်းအချက်အလက်ဖြစ်ခြင်း၊

(၇) ဥပဒေအရ တရားရုံး၏ အမိန့်နှင့်အညီ ထုတ်ဖော်ခြင်း၊

(၈) ဘဏ်အတွင်း စာရင်းစစ်ဆေးမှုပြုခြင်းနှင့်သာ သက်ဆိုင်သည့်ကိစ္စ သို့မဟုတ် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုအတွက် ဆောင်ရွက်ရသည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၉) ဗဟိုဘဏ်က လိုင်စင်ထုတ်ပေးထားသည့် ချေးငွေသတင်းအချက်အလက် ဌာနသို့ ဖော်ထုတ်ခြင်း၊

(၁၀) ဘဏ်က ၎င်း၏လုပ်ငန်းတာဝန်များကို ပြင်ပအခြားအဖွဲ့အစည်းအား ဆောင်ရွက်စေသည့်အခါထိုပြင်ပအဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့်သာ သက်ဆိုင်သည့်ကိစ္စအတွက် ထုတ်ဖော်ခြင်း၊

(၁၁) ဘဏ်က အခြားလိုင်စင်ရ အဖွဲ့အစည်းနှင့် ပူးပေါင်းရန် သို့မဟုတ် ပူးပေါင်းရေး အတွက် အဆိုပြုရန်ကိစ္စနှင့်စပ်လျဉ်း၍ ထုတ်ဖော်ခြင်း၊

(၁၂) ဘဏ်၏ လုပ်ငန်းများ အခြားဘဏ်သို့ လွှဲပြောင်းခြင်း သို့မဟုတ် လွှဲပြောင်းရန် အဆိုပြုခြင်းအတွက် ထုတ်ဖော်ခြင်း၊

(၁၃) အခန်း (၁၄) နှင့် (၁၅) တို့အရ ဘဏ်၏ ပြန်လည်ဖွဲ့စည်းခြင်း၊ လွှဲပြောင်းခြင်း သို့မဟုတ် ရောင်းချခြင်းနှင့်သာ သက်ဆိုင်သော ထုတ်ဖော်ခြင်း၊

(၁၄) ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေနှင့် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေတို့ပါ ပြဋ္ဌာန်းချက်အရ ထုတ်ဖော်ခြင်း၊ အချက်အလက်များအသိပေးခြင်း။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၆) သို့မဟုတ် ပုဒ်မခွဲငယ် (၇) အရ တရားမမှုခင်းတစ်ခုခုတွင် ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူ၏ ငွေစာရင်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားတစ်ခုခုကို ထုတ်ဖော်ရန်ရှိသည့်အခါ အဆိုပါ တရားမမှုခင်းတွင် တရားရုံး၏အမိန့်အရဖြစ်စေ၊ အမှုသည်တစ်ဦး၏ တောင်းဆိုချက်အပေါ် ချမှတ်သည့် အမိန့်အရဖြစ်စေ အဆိုပါအမှုကို တံခါးပိတ်ကြားနာပြီး ထုတ်ဖော်သည့် သတင်းအချက်အလက် သို့မဟုတ် စာတမ်းအမှတ်အသားကို အမှုသည်များနှင့် တရားရုံး အကြား လျှို့ဝှက်ထားရမည်။ ထို့ပြင် မည်သည့်အမှုသည်မျှ ထိုသတင်းပေးချက် သို့မဟုတ် စာတမ်းအမှတ်အသားကို အခြားသူအားထုတ်ဖော်ခြင်းမပြုရ။

(ဂ) တရားရုံးက အခြားနည်းဖြင့် အမိန့်ချမှတ်ထားခြင်းမရှိလျှင် မည်သူမျှ ပုဒ်မခွဲ (ခ)တွင် ရည်ညွှန်း ဖော်ပြထားသည့် အဆိုပါတရားမမှုခင်းတွင် ပါဝင်သည့်အမှုသည် တစ်ဦးဦး၏ အမည်၊ နေရပ်လိပ်စာ သို့မဟုတ် ဓာတ်ပုံကိုသော်လည်းကောင်း၊ အမှုသည်များက ထိုအမှုတွင် မည်သူတို့က မည်သို့မည်ပုံ ပါဝင်သည်ကိုသိနိုင်လောက်သည့် သတင်းအချက်အလက် တစ်ခုခုကိုသော်လည်းကောင်း ပုံနှိပ်ဖြန့်ချိခြင်း မပြုရ။

**လျှို့ဝှက်ချက်ထိန်းသိမ်းရန်တာဝန်နှင့်စပ်လျဉ်းသည့် နောက်ထပ်ခြွင်းချက်များ**

၈၃။ အခြား ပုဒ်မတစ်ခုခုတွင် မည်သို့ပင် ပါရှိစေကာမူ ဗဟိုဘဏ်သည် -

(က) ဘဏ်များထံမှ သတင်းအချက်အလက်များကို တစ်စုတစ်ပေါင်းတည်းပုံစံဖြင့် အများ ပြည်သူအကျိုးငှာ သင့်လျော်သည် ထင်မြင်လျှင် ပုံနှိပ်ဖြန့်ချိနိုင်သည်။

(ခ) သတင်းအချက်အလက်များကို ငွေရေးကြေးရေးအဖွဲ့အစည်းများ ထိရောက်စွာကြီးကြပ် စစ်ဆေးခြင်းအတွက်သာ အသုံးပြုရန်ဖြစ်ပါက ပြည်တွင်းပြည်ပမှ ငွေရေးကြေးရေး အဖွဲ့အစည်းများ ကြပ်မတ်ကွပ်ကဲရေးနှင့် ကြီးကြပ်စစ်ဆေးရေးအဖွဲ့အစည်းများနှင့် သတင်းအချက်အလက်များကို လျှို့ဝှက်အဆင့်ဖြင့် ဖလှယ်နိုင်သည်။

## အခန်း (၁၁)

## စာရင်းပြုစုခြင်း၊ စာရင်းစစ်ဆေးခြင်းနှင့် ငွေရေးကြေးရေးရှင်းတမ်းများ

### ငွေစာရင်းများနှင့် ငွေရေးကြေးရေးရှင်းတမ်း အစီရင်ခံစာများ

၈၄။ (က) ဘဏ်သည် မိမိတို့၏ လုပ်ငန်းများလည်ပတ်မှုနှင့် ငွေရေးကြေးရေး အခြေအနေတို့ကို ထင်ဟပ်စေရန် လုံလောက်သော ငွေစာရင်းများထိန်းသိမ်းခြင်းနှင့် အချိန်ကာလအလိုက် ငွေရေးကြေးရေးရှင်းတမ်းများ ပြုစုခြင်းတို့ကို နိုင်ငံတကာကလက်ခံထားသော စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်များနှင့်အညီ ဗဟိုဘဏ်က စည်းမျဉ်းများဖြင့် သတ်မှတ်သည့်အတိုင်း ဆောင်ရွက်ရမည်။

(ခ) အဆိုပါ စည်းမျဉ်းများနှင့်လိုက်နာဆောင်ရွက်မှုကို အခြားဥပဒေတစ်ရပ်ရပ်တွင်ဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ သတ်မှတ်ထားသည့်စာရင်းရေးသွင်းခြင်းဆိုင်ရာ စံသတ်မှတ်ချက်နှင့်အညီ လိုက်နာဆောင်ရွက်သည်ဟု မှတ်ယူရမည်။

(ဂ) ပုဒ်မခွဲ (က) ပါယေဘုယျပြဋ္ဌာန်းချက်ကို ကန့်သတ်ခြင်းမပြုဘဲ နိုင်ငံခြားဘဏ်ခွဲ အသီးသီးသည် သီးခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများနှင့်မှတ်တမ်းများကို ထိန်းသိမ်းထားရမည်။ ထို့ပြင် အရှုံးအမြတ်စာရင်းများအပါအဝင် ငွေရေးကြေးရေး ရှင်းတမ်းတို့ကို ယင်းနိုင်ငံခြားဘဏ်၊ ဘဏ်ခွဲ၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများနှင့် ကုန်ကျစရိတ်များကို ရှင်းလင်းစွာ ထင်ဟပ်ပေါ်လွင်စေရန် နိုင်ငံခြား ဘဏ်က ပိုင်ဆိုင်သော အခြားငွေစာရင်းစာအုပ်များ၊ ငွေစာရင်းများ၊ မှတ်တမ်းများနှင့် ငွေရေးကြေးရေးရှင်းတမ်းနှင့်ခွဲခြား၍ ပြုစုရမည်။

### စာရင်းစစ်ကော်မတီ

၈၅။ (က) ဘဏ်တိုင်းသည် စာရင်းစစ်ကော်မတီကို ဖွဲ့စည်းထားရန် လိုသည်။

(ခ) ဘဏ်၏ အစုဝင်များ သင်းလုံးကျွတ်အစည်းအဝေးမှ အဖွဲ့ဝင်သုံးဦးပါဝင်သော စာရင်းစစ် ကော်မတီကို ဖွဲ့စည်းရမည်။ စာရင်းစစ်ကော်မတီအဖွဲ့ဝင်များ၏ သက်တမ်းမှာ လေးနှစ် ဖြစ်သည်။

(ဂ) ဒါရိုက်တာအဖွဲ့ဝင်တစ်ဦးဦးသည် စာရင်းစစ်ကော်မတီကို ဦးဆောင်ရမည်။ စီမံခန့်ခွဲမှု အဖွဲ့ဝင်များသည် စာရင်းစစ်ကော်မတီတွင် ပါဝင်တာဝန်ထမ်းဆောင်ခြင်းမပြုရ။

(ဃ) စာရင်းစစ်ကော်မတီသည်-

(၁) ဘဏ်အတွက် သင့်လျော်သော စာရင်းရေးသွင်းခြင်းဆိုင်ရာလုပ်ထုံးလုပ်နည်းများ နှင့်ထိန်းချုပ်မှုများကို သတ်မှတ်ထားရမည့်ပြင် ယင်းလုပ်ထုံးလုပ်နည်းများအား လိုက်နာဆောင်ရွက်မှု ရှိ မရှိ ကြီးကြပ်ရမည်။ ထို့ပြင် ဘဏ်၏ငွေစာရင်းနှင့် မှတ်တမ်းများကို စစ်ဆေးရမည်။

(၂) ဘဏ်နှင့်သက်ဆိုင်သည့် ဥပဒေနှင့်စည်းမျဉ်းများကို လိုက်နာဆောင်ရွက်မှု ရှိ မရှိ စောင့်ကြပ်ကွပ်ကဲရမည့်အပြင် ထိုသို့စောင့်ကြပ်ကွပ်ကဲမှုကို ဒါရိုက်တာအဖွဲ့သို့ အစီရင်ခံရမည်။

(၃) ဒါရိုက်တာအဖွဲ့သို့တင်ပြသည့် ကိစ္စတစ်ရပ်ရပ်အပေါ် အကြံပြုချက်တောင်းခံလျှင် အကြံပြုချက်ပေးရမည်။

(င) စာရင်းစစ်ကော်မတီသည် အစည်းအဝေးကို သုံးလလျှင်တစ်ကြိမ်ပုံမှန် ကျင်းပရမည်ဖြစ်ပြီး ဒါရိုက်တာအဖွဲ့က အစည်းအဝေးတက်ရောက်ရန် ခေါ်သည့်အခါတိုင်း တက်ရောက်ရမည်။

## လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်း

၈၆။ (က) ဘဏ်သည် နှစ်စဉ်ဘဏ္ဍာရေးနှစ်ကုန်ဆုံးသည့်အခါ အောက်ပါတို့ကို ပြုစုရမည်-

(၁) သက်ဆိုင်ရာဘဏ္ဍာရေးနှစ်၏ နောက်ဆုံးအလုပ်လုပ်ရက်များရှိ လက်ကျန်ရှင်းတမ်း၊

(၂) အဆိုပါဘဏ္ဍာရေးနှစ်အတွက် အရှုံးအမြတ်စာရင်း၊

(၃) ဗဟိုဘဏ်က လိုအပ်သည့်အခြားငွေရေးကြေးရေးဆိုင်ရာရှင်းတမ်းများ။

(ခ) ဘဏ်၏ ငွေရေးကြေးရေးရှင်းတမ်းများဖြစ်သည့် လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းသည် ၎င်းအဖွဲ့အစည်းနှင့် ၎င်း၏လက်အောက်ခံအဖွဲ့အစည်းများ၏ လုပ်ငန်းလည်ပတ်မှုနှင့် ငွေရေးကြေးရေးအခြေအနေတို့ကို သီးခြားစီဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ ထင်ဟပ်ပေါ်လွင်နေရမည်။

(ဂ) ဘဏ်သည် ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီး သုံးလအတွင်း ငွေရေးကြေးရေးရှင်းတမ်းများကို ဗဟိုဘဏ်သို့ ပေးပို့ရမည်။

(ဃ) ဘဏ်သည် ဘဏ္ဍာရေးနှစ်အတွက် စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေး ရှင်းတမ်းကို ဗဟိုဘဏ်ကခွင့်ပြုသည့် နည်းလမ်းတစ်ရပ်ရပ်ဖြင့် အများပြည်သူ သိရှိရန် ထုတ်ပြန်ကြေညာရမည်။

(င) စာရင်းစစ်ဆေးထားသည့် ငွေရေးကြေးရေး ရှင်းတမ်းကို ဘဏ်၏ ဘဏ်ခွဲအသီးသီး၌ မြင်သာသော နေရာတွင် ပြသထားရမည်။

(စ) ဘဏ်သည် ၎င်း၏လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ်စာရင်းတို့ကို ဗဟိုဘဏ်က သတ်မှတ်သည့် အချက်အလက်များပါရှိသည့်ပုံစံဖြင့် ပြုစုရမည်။ ထို့အပြင် အတည်ပြုချက် ထုတ်ပေးခြင်း၊ အများပြည်သူသိရှိစေရန် ထုတ်ပြန်ခြင်းတို့နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ သတ်မှတ်ချက်များအရ ဆောင်ရွက်ရမည်။

(ဆ) ဘဏ်က ပုဒ်မခွဲ (စ) အရ ဘဏ်ရှင်းတမ်းကို ထုတ်ပြန်ရာတွင် ပါရှိရမည့်အချက်များ မပါရှိခြင်း သို့မဟုတ် မမှန်မကန်ဖော်ပြခြင်း သို့မဟုတ် လှည့်ဖြား၍ဖော်ပြခြင်းပြုလုပ်ကြောင်း

တွေ့ရှိလျှင် ဗဟိုဘဏ်သည် ဘဏ်သို့ အောက်ပါတို့ကို ဆောင်ရွက်ရန် အကြောင်းကြားစာ ပေးပို့နိုင်သည် -

(၁) ထုတ်ပြန်သည့်ရှင်းတမ်းတွင် ချန်လှပ်ထားသော အချက်များပြန်လည် ထည့်သွင်း ဖော်ပြရန်၊

(၂) မမှန်ကန်သော သို့မဟုတ် လှည့်ဖြားထားသောအချက်များမပါသည့် ရှင်းတမ်းအား ထုတ်ပြန်ရန်၊

(၃) ဗဟိုဘဏ်က အကြောင်းကြားစာတွင် သတ်မှတ်ပေးသည့်အတိုင်း မှားယွင်းချက်များကို ပြင်ဆင်ရန်။

**ဗဟိုဘဏ်သို့ပေးပို့ရသော အချိန်ကာလအလိုက် အစီရင်ခံစာများ**

၈၇။ (က) ဘဏ်အသီးသီးသည် ငွေရေးကြေးရေးအစီရင်ခံစာများကို ကာလအပိုင်းအခြားအလိုက် ပြုစုပြီး ဗဟိုဘဏ်သို့ အစီရင်ခံရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်သော အစီရင်ခံစာအသီးသီးကို -

(၁) ဗဟိုဘဏ်က သတ်မှတ်သည့်ပုံစံနှင့် သတ်မှတ်သည့်ကာလအတွင်း တင်ပြရမည်။

(၂) ဘဏ်၏ အမှုဆောင်အရာရှိချုပ်နှင့် ဘဏ္ဍာရေးအရာရှိချုပ်တို့က မှန်ကန်ကြောင်း သက်သေခံလက်မှတ်ရေးထိုးရမည်။

(ဂ) လိုင်စင်ရ နိုင်ငံခြားဘဏ်ခွဲများ၏ အစီရင်ခံစာများတွင် ၎င်းတို့၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဝင်ငွေများ၊ ကုန်ကျစရိတ်များ၊ စီမံခန့်ခွဲမှုများနှင့်လုပ်ငန်း ဆောင်ရွက်ချက်များ ပါဝင်စေရမည်။

(ဃ) ဤပုဒ်မအရ တင်ပြရန်လိုအပ်သည့်အစီရင်ခံစာတစ်ခုခုကို တင်သွင်းရန် ပျက်ကွက်လျှင် ဤဥပဒေအရ ပြစ်မှုကျူးလွန်ရာရောက်သည်။

**ပြင်ပစာရင်းစစ်များ**

၈၈။ (က) ဘဏ်အသီးသီးသည် ၎င်း၏ငွေစာရင်းများကို စစ်ဆေးရန်အတွက် သင်းလုံးကျွတ် အထွေထွေအစည်းအဝေးကျင်းပ၍ သင့်လျော်သော ပြင်ပစာရင်းစစ်ခန့်အပ်ရန် တာဝန် ရှိသည်။

(ခ) ဘဏ်များသည် ၎င်းတို့၏ ပြင်ပစာရင်းစစ်များကို ငါးနှစ်လျှင် အနည်းဆုံးတစ်ကြိမ် အစားထိုးပြောင်းလဲခန့်အပ်တာဝန်ပေးရမည်ဖြစ်ပြီး ၎င်းစာရင်းစစ်ကို သုံးကြိမ် ဆက်တိုက်ထက်ပို၍ ခန့်ထားခြင်းမပြုရ။ သို့မဟုတ် ဗဟိုဘဏ်က သတ်မှတ်သည့် ကာလအတိုင်းဖြစ်သည်။

(ဂ) ဘဏ်အသီးသီးသည် ပြင်ပစာရင်းစစ်များကို ခန့်အပ်ပြီးနောက် ထိုစာရင်းစစ်များ၏ အမည်၊ လုပ်ငန်းတည်နေရာလိပ်စာ၊ အရည်အချင်းနှင့် အတွေ့အကြုံများကို ချက်ချင်း ဗဟိုဘဏ်သို့ အကြောင်းကြားရမည်။

(ဃ) ဘဏ်က ခန့်အပ်တာဝန်ပေးထားသည့် ပြင်ပစာရင်းစစ်မှာ ရာထူးတာဝန်နှင့် မသင့်လျော်ကြောင်း ဗဟိုဘဏ်မှအကြောင်းပြချက်များဖြင့် အကြောင်းကြားစာပေးထားခြင်း မရှိပါက ထိုစာရင်းစစ်မှာ သင့်လျော်သည်ဟု မှတ်ယူရမည်။ ထိုသို့သော အကြောင်းကြားစာ ရရှိပါက ဘဏ်သည် ၎င်း၏ ပြင်ပစာရင်းစစ်ကို ချက်ချင်းအစားထိုး ခန့်အပ်ရမည်။

(င) သင့်မြတ်လျော်ကန်သူကိုသာလျှင် ဘဏ်၏ စာရင်းစစ်များအဖြစ် ခန့်အပ်တာဝန် ပေးရမည်။ ဘဏ်နှင့်ဆက်နွယ်သူနှင့် ဝန်ထမ်းများကိုဘဏ်၏ ပြင်ပစာရင်းစစ်အဖြစ် မခန့်အပ်ရ။

(စ) ပြင်ပစာရင်းစစ်အဖြစ် ခန့်ထားခြင်းခံရသူသည် ၎င်းအား ခန့်အပ်တာဝန်ပေးပြီးနောက် ဘဏ်နှင့်သက်ဆိုင်သူ သို့မဟုတ် ဝန်ထမ်းဖြစ်ပါက ပြင်ပစာရင်းစစ်အဖြစ်မှ ချက်ချင်း တာဝန်မှ ရပ်စဲရမည်။

(ဆ) ပုဒ်မခွဲ (က) အရ ဘဏ်က ပြင်ပစာရင်းစစ်အဖြစ် ခန့်အပ်တာဝန်ပေးရန် ပျက်ကွက်ပါက ဗဟိုဘဏ်သည် အဆိုပါဘဏ်အတွက် ပုဒ်မ ၈၉ အရ သတ်မှတ်ထားသည့် လုပ်ငန်း တာဝန်များကို ဆောင်ရွက်ရန် ပြင်ပစာရင်းစစ်များကို ထိုဘဏ်၏ ကုန်ကျစရိတ်ဖြင့် ခန့်အပ်ပိုင်ခွင့်ရှိသည်။

(ဇ) ပုဒ်မခွဲ (က) သို့မဟုတ် ပုဒ်မခွဲ (င) အရ ဘဏ်က ခန့်အပ်သည့် ပြင်ပစာရင်းစစ်သည် ၎င်း၏ တာဝန်ဆောင်ရွက်ရန် ဘဏ်၏စာအုပ်များ၊ ငွေစာရင်းများ၊ ဘောက်ချာများနှင့် စာတမ်းအမှတ်အသား အားလုံးကို လိုအပ်သည့် အချိန်တိုင်း ရယူစစ်ဆေးခွင့်ရှိသည်။ ထို့ပြင် ပြင်ပစာရင်းစစ်သည် ဘဏ်၏ဒါရိုက်တာများနှင့် အရာရှိများထံမှ ၎င်း၏ စာရင်းစစ်လုပ်ငန်းတာဝန်ထမ်းဆောင်ရာတွင် လိုအပ်သည်ဟု ထင်မြင်သော သတင်း အချက်အလက်များနှင့် ရှင်းလင်းချက်များကို တောင်းခံရယူ စစ်ဆေးပိုင်ခွင့်ရှိသည်။

(ဈ) ဗဟိုဘဏ်သည် ပြင်ပစာရင်းစစ်များအတွက် စံသတ်မှတ်ချက်များနှင့်အခြား သက်ဆိုင်သည့် ကိစ္စရပ်များအတွက် စည်းမျဉ်းကို ထုတ်ပြန်နိုင်သည်။

၈၉။ (က) နှစ်စဉ်ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီးသုံးလအတွင်း စာရင်းစစ်အစီရင်ခံစာတိုင်းကို ပြည့်စုံစွာပြုစုရမည်ဖြစ်ပြီး စာရင်းစစ်က ထိုအစီရင်ခံစာတွင် အောက်ပါအချက်များ ဖော်ပြပါရှိစေရမည် -

(၁) ၎င်းတို့၏ ထင်မြင်ချက်တွင် ဘဏ်က ရေးဆွဲထားသော လက်ကျန်ရှင်းတမ်းနှင့် အရှုံးအမြတ် စာရင်းများသည် ပြည့်စုံ၍ မှန်ကန်စွာ ရေးဆွဲထားခြင်း ရှိ မရှိ၊

(၂) ဘဏ်၏ လုပ်ငန်းဆောင်တာများကို ပြည့်စုံမှန်ကန်စွာ ဖော်ပြထားခြင်း ရှိ မရှိ၊

(၃) အဆိုပါဘဏ်၏အရာရှိများ သို့မဟုတ် ကိုယ်စားလှယ်များထံမှရရှိသော သတင်း အချက်အလက်သည် ကျေနပ်ဖွယ်ရာ ရှိ မရှိ၊

(၄) ဗဟိုဘဏ်က သတ်မှတ်နိုင်သော အခြားသက်ဆိုင်သည့် အဆိုပါကိစ္စရပ်များ။

(ခ) ဘဏ်များအတွက် ပုဒ်မခွဲ (က) နှင့်အညီ ပြုစုထားသည့် စာရင်းစစ်အစီရင်ခံစာကို အစုရှယ်ယာဝင်အားလုံး တက်ရောက်သည့် နှစ်ပတ်လည်သင်းလုံးကျွတ် အစည်းအဝေးတွင် ဘဏ်၏ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့်အတူ ယှဉ်တွဲ၍ ဖတ်ပြရမည်။

(ဂ) ဘဏ္ဍာရေးနှစ်ကုန်ဆုံးပြီးနောက် သုံးလထက်နောက်မကျစေဘဲ စာရင်းစစ်၏ စီမံခန့်ခွဲမှုစာနှင့်အတူ ပုဒ်မခွဲ (က) အရ ပြုစုသည့် အစီရင်ခံစာပြီးဆုံးသည့်အခါ ထိုစာရင်းစစ် အစီရင်ခံစာကို ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ရမည်။

(ဃ) ဗဟိုဘဏ်သည် စာရင်းစစ်ဆေးထားသည့် ဘဏ္ဍာရေးအခြေအနေ ထုတ်ဖော်ချက်များမှာ ဘဏ်၏လုပ်ငန်းဆောင်ရွက်ချက်များစစ်မှန်ပြီး မှန်ကန်စွာ ထုတ်ဖော်ပြသခြင်းမရှိဟု သော်လည်းကောင်း၊ စာရင်းစစ်၏ အစီရင်ခံစာ သို့မဟုတ် စီမံခန့်ခွဲမှုစာမှာ ကျေနပ်ဖွယ်ရာ မရှိဟုသော်လည်းကောင်း ထင်မြင်လျှင် ဘဏ်၏စရိတ်ဖြင့် ပြင်ပစာရင်းစစ်ကို ထပ်မံခန့်ထားရန်နှင့်စာရင်းစစ်အစီရင်ခံစာအသစ်တင်ရန် ထိုဘဏ်သို့ အမိန့်ထုတ်ဆင့်နိုင်သည်။

(င) ဘဏ်၏ စာရင်းစစ်အဖြစ် ၎င်း၏လုပ်ငန်းတာဝန်များဆောင်ရွက်ရာတွင် စာရင်းစစ်သည် အောက်ပါကိစ္စရပ်တစ်ရပ်ရပ်အား စစ်ဆေးတွေ့ရှိပါက ဗဟိုဘဏ်သို့ ထိုကိစ္စကို ချက်ချင်း သတင်းပို့ရမည် -

(၁) ဤဥပဒေပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ခြင်း သို့မဟုတ် လိုက်နာမှုမရှိခြင်း သို့မဟုတ် လိမ်လည်မှု သို့မဟုတ် မရိုးမဖြောင့်မှုကျူးလွန်ခြင်း၊

(၂) ဘဏ်၏ မတည်ရန်ပုံငွေများ ၅ဝ ရာခိုင်နှုန်းမျှ လျော့ကျခြင်းကြောင့် အရှုံး ဖြစ်ပေါ်ခြင်း၊

(၃) မြီရှင်များအတွက် အာမခံချက်ကိုထိခိုက်စေသည့် ပုံမမှန်မှု အပါအဝင် စနစ်ကျနမှု မရှိခြင်း၊

(၄) မြီရှင်များ၏ တောင်းဆိုမှုအပေါ် ရရန်ပိုင်ခွင့်များဖြင့် ပေးချေနိုင်မည်ဟု ၎င်းက အတည်ပြုထောက်ခံနိုင်မှုမရှိခြင်း။

၉ဂ။ (က) ပြင်ပစာရင်းစစ်သည် စာရင်းစစ်အစီရင်ခံစာကို သက်ဆိုင်ရာဘဏ်နှင့် ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ စာရင်းစစ်အစီရင်ခံစာကို ဗဟိုဘဏ်သို့တင်ပြသည့်အခါ ပြင်ပ စာရင်းစစ်သည် ထိုအစီရင်ခံစာနှင့်အတူ ဘဏ်၏ စာရင်းစစ်ဆေးချက်နှင့် ဆက်စပ်သော အခြားအစီရင်ခံစာများတွင် ဗဟိုဘဏ်က သတ်မှတ်သည့် စာတမ်းအမှတ်အသားများ ပူးတွဲ၍ တင်ပြရမည်။

# အခန်း (၁၂)

# ကြပ်မတ်ကွပ်ကဲခြင်းနှင့် ကြီးကြပ်စစ်ဆေးခြင်း

## ဘဏ်သို့သွားရောက်စစ်ဆေးခြင်း

၉၁။ (က) ဗဟိုဘဏ်သည် အစစ်ဆေးခံဘဏ်သို့ သွားရောက်စစ်ဆေးမှုကို နှစ် နှစ်လျှင် အနည်းဆုံး တစ်ကြိမ် စစ်ဆေးရမည်။

(ခ) ဗဟိုဘဏ်သည် -

(၁) အစစ်ဆေးခံဘဏ်သို့ သွားရောက်စစ်ဆေးမှုကို အခြားပုဂ္ဂိုလ်များနှင့် ပူးတွဲပြု လုပ်နိုင်သည်။

(၂) ငွေစာရင်းများစစ်ဆေးရန် လက်မှတ်ရပြည်သူ့စာရင်းကိုင် တစ်ဦးဦးကိုဖြစ်စေ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များ အဖွဲ့တစ်ခုခုကိုဖြစ်စေ ရွေးချယ်ခန့်အပ်ပြီး လုပ်ပိုင်ခွင့်အပ်နှင်းနိုင်သည်။

(ဂ) ကြီးကြပ်စစ်ဆေးသူတစ်ဦးဦးသည် အောက်ပါတို့ကို တရားဝင် ဆောင်ရွက်နိုင်သည် -

(၁) လိုအပ်ပါက ဘဏ်၏ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းအချက်အလက် အားလုံးကို ဖြည့်ဆည်းပံ့ပိုးပေးရန် အစစ်ဆေးခံ ဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ်ဦးဦးအား တောင်းဆိုခြင်း၊

(၂) စစ်ဆေးလျက်ရှိသည့် ဘဏ်၏လက်ဝယ်တွင်ရှိသော သို့မဟုတ် ထိန်းသိမ်းထားရှိသော ၎င်း၏ စာတမ်းအမှတ်အသားများ၊ ငွေသား၊ ငွေချေးသက်သေခံလက်မှတ်များနှင့်အခြား ရရန်ပိုင်ခွင့်များကို စစ်ဆေးရေးအတွက်တင်ပြရန် အစစ်ဆေးခံဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ အခြားဝန်ထမ်း သို့မဟုတ် စာရင်းစစ်တစ်ဦးဦးကိုတောင်းဆိုနိုင်ခြင်း၊

(၃) အစစ်ဆေးခံဘဏ်က မမှန်မကန်စီမံခန့်ခွဲမှုပြုလုပ်ကြောင်း သက်သေခံချက် အထောက်အထား တွေ့ရှိသည့်ကိစ္စတွင် အောက်ပါတို့ကို တောင်းဆိုနိုင်ခြင်း-

(ကက) ဗဟိုဘဏ်က လုပ်ပိုင်ခွင့်အပ်နှင်းထားသည့် စာရင်းစစ်က စစ်ဆေးရေးအတွက် ဘဏ်၏စာရင်းများတင်ပြရန်၊

(ခခ) စစ်ဆေးမေးမြန်းရာတွင် စာရင်းစစ်ကို လိုအပ်သည့်သတင်းအချက်အလက် များအား ဖြည့်ဆည်းပေးရန်၊

(ဂဂ) စာရင်းစစ်က စစ်ဆေးရေးအတွက် ဘဏ်၏ သို့မဟုတ် ၎င်း၏ လက်ဝယ်တွင် ရှိသော စာတမ်းအမှတ်အသား၊ ငွေသား၊ ငွေချေးသက်သေခံလက်မှတ်များ နှင့်အခြားရရန်ပိုင်ခွင့်များကို တင်ပြရန်။

(ဃ) အစစ်ဆေးခံ ဘဏ်၏ ဒါရိုက်တာ၊ အရာရှိ၊ ဝန်ထမ်းနှင့်စာရင်းစစ်များသည် ပုဒ်မ ၉၁ အရ သတ်မှတ်ချက်များကို လိုက်နာရန်နှင့်လိုအပ်ချက်များကို ဆောင်ရွက်ပေးရမည်။

( င ) ဗဟိုဘဏ်သည် ဘဏ်တစ်ခုက လက်ရှိကာလတွင်ဖြစ်စေ၊ အနာဂတ်တွင်ဖြစ်စေ ငွေအပ်နှံသူများအား ထိခိုက်နစ်နာစေမည့် နည်းလမ်းတစ်ခုခုဖြင့် လုပ်ငန်းဆောင်ရွက်နေခြင်း ရှိ မရှိ ဆုံးဖြတ်ရန်လိုအပ်သည့်အခါ ဘဏ်နှင့်သက်ဆိုင်သည့် သတင်းအချက်အလက် ရရှိရန် သက်ဆိုင်ရာပုဂ္ဂိုလ် တစ်ဦးဦးကို အကြောင်းကြားစာပေးပို့တောင်းဆိုနိုင်သည်။

( စ ) ပုဒ်မခွဲ (င) အရ ဗဟိုဘဏ်သို့ တင်ပြပေးရန် တောင်းဆိုခြင်းခံရသူသည် တရားရုံး အမိန့်ဖြင့် ထိုသို့တင်ပြပေးခြင်းမပြုရန် တားမြစ်ထားခြင်းမရှိလျှင် ဗဟိုဘဏ်ကတောင်းဆိုသည့်အတိုင်း တင်ပြရမည်။

(ဆ) အစစ်ဆေးခံ ဘဏ်၏လုပ်ငန်းဆောင်ရွက်ချက် အခြေအနေမှန်ကို သိရှိရန်အလို့ငှာ ဗဟိုဘဏ်သည် ပုဒ်မ ၉၁ အရ စစ်ဆေးမေးမြန်းမှုအတွက် ၎င်းအဖွဲ့အစည်းနှင့် ဆက်နွယ် ဆက်စပ်လျက်ရှိသည့် အောက်ပါကုမ္ပဏီတစ်ခုခု၏ လုပ်ငန်းကိုလည်း စစ်ဆေးနိုင်သည်-

( ၁ ) အစစ်ဆေးခံရသော ဘဏ်၏ ဦးပိုင်ကုမ္ပဏီ သို့မဟုတ် လက်အောက်ခံကုမ္ပဏီ၊

( ၂ ) အစစ်ဆေးခံရသော ဘဏ်၏ ဦးပိုင်ကုမ္ပဏီ၏ လက်အောက်ခံကုမ္ပဏီ၊

( ၃ ) အစစ်ဆေးခံ ဘဏ်၏ တွဲဖက်ကုမ္ပဏီ။

( ဇ ) မည်သူမဆို ပုဒ်မ ၉၁ ပါလိုအပ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က ပုဒ်မ ၉၁ အရ ဆောင်ရွက်ရန် ပေးအပ်သော လိုအပ်ချက်တစ်ရပ်ရပ်ကိုဖြစ်စေ ပျက်ကွက်ခြင်းမရှိစေဘဲ လိုက်နာရမည်။

**နိုင်ငံခြားဘဏ်များက စစ်ဆေးခြင်း**

၉၂။ (က) နိုင်ငံခြားဘဏ်သည် ဗဟိုဘဏ်၏ အတည်ပြုချက်ရယူပြီးနောက် ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များနှင့်အညီ နိုင်ငံတော်၌ တည်ထောင်သော ၎င်း၏ ကုမ္ပဏီရုံးခွဲနှင့် ဘဏ်ရုံးခွဲကို စစ်ဆေးနိုင်သည်။

( ခ ) သက်ဆိုင်ရာ နိုင်ငံခြားဘဏ်သည် ပုဒ်မခွဲ (က) အရ စစ်ဆေးမှုပြုလုပ်ပြီး စစ်ဆေးချက် အစီရင်ခံစာ မိတ္တူကို ဗဟိုဘဏ်သို့ တင်ပြရမည်။

**အခန်း (၁၃)**

**ဘဏ်များ ပြန်လည်တည့်မတ်အောင်ပြုလုပ်ခြင်းနှင့် အရေးယူဆောင်ရွက်ခြင်း**

**ဘဏ်များလိုက်နာရန်နှင့်စပ်လျဉ်းသည့် ဗဟိုဘဏ်၏လုပ်ငန်းတာဝန်**

၉၃။ ဘဏ်များအားလုံး လိုက်နာရမည့်သတ်မှတ်ထားသောမူများ၊ စံသတ်မှတ်ချက်များ၊ နည်းဥပဒေများနှင့် ညွှန်ကြားချက်များကို သေချာစွာလိုက်နာဆောင်ရွက်ရေးအတွက် စနစ်တကျ ကြီးကြပ် ထိန်းကျောင်းရန်မှာ ဗဟိုဘဏ်၏ တာဝန်ရှိမှုနှင့်တာဝန်ဝတ္တရားများဖြစ်သည်။

## ဘဏ်များပြန်လည်တည့်မတ်အောင် အရေးယူဆောင်ရွက်ခြင်း

၉၄။ (က) အောက်ပါအခြေအနေများတွင် ဗဟိုဘဏ်သည် တည့်မတ်ရေးအစီအစဉ်များ ချမှတ်ဆောင်ရွက်နိုင်သည်-

(၁) ဗဟိုဘဏ်သို့ ဘဏ်ကငွေကြေးမြီများ ပြန်လည်ပေးဆပ်နိုင်ခြင်းမရှိကြောင်း သို့မဟုတ် ၎င်း၏ပေးရန်တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်စွမ်းမရှိတော့ကြောင်း သို့မဟုတ် ပေးဆပ်ရန်တာဝန်များအနက်မှ ကြီးမားသော အတိုင်းအတာကို ပြန်လည် ပေးဆပ်နိုင်စွမ်းမရှိတော့ကြောင်း သို့မဟုတ် ငွေပေးချေမှုကို အတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်း အကြောင်းကြားခြင်း၊

(၂) ပုဒ်မ ၉၁ အရ ကြီးကြပ်စစ်ဆေးပြီးနောက်ဖြစ်စေ၊ အခြားနည်းအရဖြစ်စေ ဗဟိုဘဏ်သည် ဘဏ်တွင် အောက်ပါအခြေအနေတစ်ရပ်ရပ်ဖြစ်ပေါ်နေကြောင်း တွေ့ရှိသည့်အခါ သတိပေးအကြောင်းကြားစာပေးပို့မည်-

(ကက) ၎င်း၏ လုပ်ငန်းများလုပ်ဆောင်ရာတွင် ငွေအပ်နှံသူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူတို့၏ အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန် ပြုလုပ်ကြောင်း၊

(ခခ) ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပေးဆပ်ရန် အချိန်စေ့ရောက်သော်လည်း ပေးချေမှုမပြုကြောင်း၊

(ဂဂ) ပေးရန်တာဝန် အားလုံးကိုဖြစ်စေ၊ ကြီးမားသော အတိုင်းအတာတစ်ခုအထိဖြစ်စေ ပေးချေမှုမပြုနိုင်ကြောင်း သို့မဟုတ် ငွေပေးချေမှုကိုအတိုင်းအတာတစ်ခုအထိ ဆိုင်းငံ့မည်ဖြစ်ကြောင်း၊

(ဃဃ) တရားစွဲဆိုခံရခြင်းမရှိစေကာမူ ဤဥပဒေပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ လိုင်စင်ပါစည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်ပါပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကျူးလွန်ကြောင်း၊

(ငင) လိုင်စင်လျှောက်ထားရာတွင် မမှန်ကန်သော အကြောင်းပြချက် သို့မဟုတ် လိမ်လည်ထိမ်ချန်သော ဖော်ပြချက်ဖြင့် လိုင်စင်လျှောက်ထားရရှိခဲ့ကြောင်း၊

(စစ) ဘဏ်၏ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိတစ်ဦးဦးသည် ဘဏ်၏အကျိုးစီးပွားကိုဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားကိုဖြစ်စေ ထိခိုက်နစ်နာစေရန် ဆောင်ရွက်ကြောင်း၊

(ဆဆ) ဗဟိုဘဏ်၏ ကြိုတင်ခွင့်ပြုချက်မရှိဘဲ ဘဏ်၏လုပ်ငန်းနှင့် စာအုပ်များ သို့မဟုတ် မှတ်တမ်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များအားလုံး သို့မဟုတ် အရေးပါသောအစိတ်အပိုင်းများကို နိုင်ငံတော် ပြင်ပသို့ ထုတ်ဆောင်သွားသဖြင့် ဘဏ်သည် ဗဟိုဘဏ်၏ ကြီးကြပ်စစ်ဆေးမှုအား နှောင့်နှေးကြန့်ကြာမှု ဖြစ်စေကြောင်း၊

(ဇဇ) ဗဟိုဘဏ်က ပေးပို့သည့် ညွှန်ကြားချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း၊

(ဈဈ) ဗဟိုဘဏ်က သတ်မှတ်သည့် စံသတ်မှတ်ချက်များဖြစ်သည့် ရရန်ပိုင်ခွင့် အရည်အသွေး စီမံခန့်ခွဲမှု၊ ဝင်ငွေရရှိမှု၊ ငွေကြေးလွယ်ကူမှု သို့မဟုတ် ဈေးကွက်ဆုံးရှုံးနိုင်ခြေအပေါ် ခံနိုင်ရည်ရှိမှုစသည်တို့ကို ပြည့်မီအောင် လိုက်နာရန် ပျက်ကွက်ကြောင်း၊

(ညည) ဤဥပဒေပါ သို့မဟုတ် ဗဟိုဘဏ်၏ စည်းမျဉ်းတစ်ရပ်ရပ်ပါ မတည်ရင်းနှီးငွေ လိုအပ်ချက်များကို လိုက်နာရန်ပျက်ကွက်ကြောင်း သို့မဟုတ် ပျက်ကွက်မည့် အခြေအနေဖြစ်ပေါ်နေကြောင်း၊

(ဋဋ) ဘဏ်လုပ်ငန်းစနစ် တစ်ရပ်လုံး၏ သို့မဟုတ် တစ်စိတ်တစ်ပိုင်းရှိ ငွေအပ်နှံသူများအတွက် ဆုံးရှုံးနိုင်ခြေရှိသည့် လုပ်ငန်းများနှင့် လုပ်ထုံးလုပ်နည်းများ ဆောင်ရွက်လျက်ရှိကြောင်း၊

(ဌဌ) ဘဏ်သည် ကြွေးမြီပေးဆပ်နိုင်စွမ်းမရှိခြင်းနှင့် ၎င်း၏စုစုပေါင်းရရန်ပိုင်ခွင့်တန်ဖိုးသည် စုစုပေါင်းပေးရန်တာဝန်ထက် လျော့နည်းနေကြောင်း၊

(ဍဍ) မြီစားများအတွက် ကြွေးမြီသက်သာခွင့်ပြုသည့် လူမွဲစာရင်းခံယူခြင်းဆိုင်ရာ အက်ဥပဒေအရဖြစ်စေ၊ ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ လုံခြုံရေးအရ အပ်နှံခံရသူ၊ ပစ္စည်းထိန်းအရာရှိ သို့မဟုတ် စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိက အဆိုပါသက်သာခွင့်တောင်းဆိုသည့်အမှုများနှင့် ရင်ဆိုင်နေရကြောင်း၊

(ဎဎ) ဘဏ်သည် ရာဇဝတ်ပြစ်မှု လုပ်ရပ်များတွင် ပါဝင်ပတ်သက်နေခြင်း သို့မဟုတ် ၎င်းလုပ်ရပ်များအတွက် အသုံးချခံနေရခြင်းနှင့်၎င်းလုပ်ရပ်များ အတွက် လုံလောက်သော ကြိုတင်ကာကွယ် အရေးယူဆောင်ရွက်ချက်များ မပြုလုပ်နိုင်ကြောင်း၊

(ဏဏ) နိုင်ငံခြားဘဏ်တစ်ခုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ မိမိသဘောအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းလျက်ရှိကြောင်း သို့မဟုတ် ၎င်း၏ဘဏ်လုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင်သည် မူရင်းနိုင်ငံ၌ ဖျက်သိမ်းခံရကြောင်း၊

(တတ) ဘဏ်သည်လုပ်ငန်းစွမ်းဆောင်မှု အရည်အသွေး မကောင်းခြင်းကြောင့် ပေးရန် တာဝန်များကို ပြည့်မီစွာဆောင်ရွက်နိုင်မည် မဟုတ်ကြောင်း သို့မဟုတ် လုပ်ငန်းဆက်လက်လုပ်ကိုင်ရန်မသင့်ကြောင်း ဗဟိုဘဏ်က စဉ်းစားဆုံးဖြတ်ကြောင်း၊

(ထထ) ဘဏ်သည် လုပ်ငန်းဆောင်ရွက်ရာတွင် ဘဏ္ဍာရေးနှစ် သုံးနှစ် ဆက်တိုက် အရှုံးပေါ်နေကြောင်း။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင် ပါရှိစေကာမူ ဗဟိုဘဏ်က ပုဒ်မ ၉၅ အရ သတိပေး အကြောင်းကြားစာ ပေးပို့ခြင်းသည် ငွေအပ်နှံသူများ သို့မဟုတ် မြီရှင်များ၏ အကျိုးစီးပွားကို ပို၍အန္တရာယ်ဖြစ်နိုင်ကြောင်းဆုံးဖြတ်သည့်အခါ ဗဟိုဘဏ်သည် သတိပေး အကြောင်းကြားစာပေးပို့ခြင်းမပြုဘဲ ပုဒ်မ ၉၆ အရ ပြန်လည်တည့်မတ်သည့် အရေးယူဆောင်ရွက်မှုများဆက်လက်လုပ်ဆောင်နိုင်သည်။

**ဗဟိုဘဏ်၏ သတိပေးအကြောင်းကြားစာ**

၉၅။ (က) ဗဟိုဘဏ်က ဘဏ်နှင့်စပ်လျဉ်း၍ ပုဒ်မ ၉၄ ပါ ပြဋ္ဌာန်းထားသော အခြေအနေများ ပေါ်ပေါက်တွေ့ရှိကြောင်း ဆုံးဖြတ်လျှင် ဗဟိုဘဏ်သည် သတိပေးအကြောင်းကြားစာ ပေးပို့ရမည်။

(ခ) ဗဟိုဘဏ်က ထုတ်ဆင့်သည့် အကြောင်းကြားစာရရှိသည့်နေ့မှ ရက်သတ္တပတ် နှစ်ပတ်အတွင်း ဘဏ်သည် မိမိ၏ ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်သို့ အရေးယူ ဆောင်ရွက်မည်ဖြစ်ကြောင်း လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရမည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ပြုလုပ်မည့် လုပ်ငန်းစီမံချက်တွင်-

(၁) ဖြစ်ပေါ်ခဲ့သော ချွတ်ယွင်းအားနည်းမှု သို့မဟုတ် နှောင့်နှေးမှုအတွက် မည်ကဲ့သို့ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အစီအစဉ်အသေးစိတ်ကိုဖော်ပြ၍ တင်ပြရမည်။

(၂) သက်ဆိုင်ရာ ဘဏ်ဒါရိုက်တာအဖွဲ့၏ အတည်ပြုချက်ပါရှိရမည်။

(၃) ချွတ်ယွင်းအားနည်းချက်များ သို့မဟုတ် နှောင့်နှေးမှုများကို ပြီးပြည့်စုံသည်အထိ အရေးယူဆောင်ရွက်ရေးစီမံချက်ကို ပြုလုပ်မည့်အချိန်ကာလကို ဖော်ပြရမည်။

(၄) အရေးယူဆောင်ရွက်မှုလုပ်ငန်းစဉ်များကို မည်ကဲ့သို့သောစနစ်ဖြင့် အကောင်အထည်ဖော်မည်ဖြစ်ကြောင်း ရှင်းလင်းချက်ပါရှိရမည်။

(ဃ) ဘဏ်က လုပ်ငန်းစီမံချက်ကို ဗဟိုဘဏ်သို့ တင်ပြရာတွင် နောက်ဆုံးအခြေအနေများ သို့မဟုတ် လိုအပ်သော အခြားအစီရင်ခံစာများပါ တင်ပြရမည်။

(င) ဘဏ်က တင်ပြရမည့်လုပ်ငန်းစီမံချက်ကို သတ်မှတ်သည့်အချိန်ကာလအတွင်း တင်ပြရန် ပျက်ကွက်လျှင်ဖြစ်စေ၊ တင်ပြလာသော လုပ်ငန်းစီမံချက်ပြည့်စုံမှုမရှိဟု ဗဟိုဘဏ်က ဆုံးဖြတ်လျှင်ဖြစ်စေ၊ ဘဏ်ကတင်ပြထားသော လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်ရန် ပျက်ကွက်လျှင်ဖြစ်စေ ဗဟိုဘဏ်သည် ပုဒ်မ ၉၆ အရ ဘဏ်အား ပြန်လည် တည့်မတ်စေရန် အရေးယူဆောင်ရွက်မှုပြုရမည်။

**ဘဏ်များ ပြန်လည်တည့်မတ်ရန် ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၉၆။ (က) ဗဟိုဘဏ်သည် ပုဒ်မ ၉၅၊ ပုဒ်မခွဲ (က) အရ ဘဏ်အား သတိပေး အကြောင်းကြားစာ ထုတ်ပြီးဖြစ်လျှင်ဖြစ်စေ သို့မဟုတ် ပုဒ်မ ၉၄ ပါပြဋ္ဌာန်းချက်တစ်ခု သို့မဟုတ် တစ်ခုထက်ပို၍

အကျိုးဝင်လျှင်ဖြစ်စေ အောက်ဖော်ပြပါ အရေးယူမှုတစ်ခု သို့မဟုတ် တစ်ခုထက်ပို၍ ဆောင်ရွက်နိုင်သည် -

(၁) ဘဏ်အား လုပ်ငန်းဆောင်ရွက်ချက်တစ်ခုခု သို့မဟုတ် လုပ်ငန်းဆောင်ရွက်ချက် အမျိုးအစား တစ်ခုခုတွင် ဝင်ရောက်ဆောင်ရွက်ခြင်းမပြုရန် သတိပေးခြင်း သို့မဟုတ် တားမြစ်ခြင်း၊

(၂) ဘဏ်အား ဥပဒေကျူးလွန်ဖောက်ဖျက်ခြင်း သို့မဟုတ် စိတ်ချလုံခြုံမှုမရှိသော သို့မဟုတ် ခိုင်မာမှန်ကန်မှုမရှိသော လုပ်ထုံးလုပ်နည်းများကို ရပ်စဲရန် သို့မဟုတ် ရှောင်ကြဉ်ရန် ညွှန်ကြားခြင်း၊

(၃) ဘဏ်အား ဗဟိုဘဏ်က ညွှန်ကြားသည့်အတိုင်း သင့်လျော်သော အရေးယူ ဆောင်ရွက်မှုပြုလုပ်ရန် ညွှန်ကြားခြင်း၊

(၄) ပုဒ်မ ၉၁ အရ ဘဏ်အားစစ်ဆေးမှုပြုနေသည့်ကာလအတွင်းဖြစ်စေ၊ စစ်ဆေးပြီးနောက် ဖြစ်စေ ဗဟိုဘဏ်က အောက်ပါတို့ကို ဆောင်ရွက်ပိုင်ခွင့်ရှိသည်-

(ကက) ဘဏ်နှင့်စပ်လျဉ်း၍ စဉ်းစားဆုံးဖြတ်ရန်လိုသည့် ကိစ္စတစ်ရပ်ရပ်အတွက် ဘဏ်ဒါရိုက်တာအဖွဲ့အား အစည်းအဝေးခေါ်ယူရန် ဘဏ်အား ညွှန်ကြားခြင်း၊

(ခခ) ဘဏ်၏ တာဝန်ခံအရာရှိတစ်ဦးအား အဆိုပါစဉ်းစားဆုံးဖြတ်ရန် ကိစ္စရပ်တစ်ခုခုအတွက် ဗဟိုဘဏ်နှင့်ညှိနှိုင်းဆွေးနွေးခြင်း၊

(ဂဂ) ဒါရိုက်တာအဖွဲ့ သို့မဟုတ် ကော်မတီအစည်းအဝေးကိစ္စများနှင့် စပ်လျဉ်းသည့် နို့တစ်စာများ၊ အခြားဆက်သွယ်ရေးကိစ္စရပ်များကို ဗဟိုဘဏ်က သတ်မှတ်သည့် အရာရှိတစ်ဦးဦးထံသို့ စာဖြင့်ရေးသား အကြောင်းကြားရန် ဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ ညွှန်ကြားခြင်း၊

(ဃဃ) ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ သို့မဟုတ် ၎င်း၏ အရာရှိများ၊ လုပ်ငန်းခွဲများ၏ ဆောင်ရွက်မှုများနှင့် လုပ်ငန်းအစီရင်ခံစာများကို လေ့လာရန် ဗဟိုဘဏ်က ၎င်း၏အရာရှိတစ်ဦးကိုဖြစ်စေ၊ တစ်ဦးထက် ပို၍ဖြစ်စေ ခန့်အပ်တာဝန်ပေးခြင်း၊

(ငင) စစ်ဆေးမှုပြုလုပ်နေချိန်တွင်ဖြစ်စေ၊ စစ်ဆေးမှုပြုလုပ်ရာမှဖြစ်စေ ထုတ်ဖော်ကြေညာသည့် ဘဏ်၏ ဖော်ပြပါကိစ္စရပ်များနှင့် စပ်လျဉ်း၍ အုပ်ချုပ်မှုဆိုင်ရာ ပြောင်းလဲမှုများကို ဗဟိုဘဏ်က သတ်မှတ်ထားသော အချိန်အတွင်းပြုလုပ်ရန် ဘဏ်အား ညွှန်ကြားခြင်း။

(၅) ထည့်ဝင်ပြီး မတည်ငွေရင်းတိုးမြှင့်ခြင်းကို အစုရှယ်ယာအသစ်များ ထုတ်ဝေ ရောင်းချခြင်းဖြင့်ဖြစ်စေ၊ ထုတ်ဝေပြီး အစုရှယ်ယာမှ မပေးသွင်းရသေးသောအပိုင်းကို ပေးသွင်းရန် တောင်းခေါ်၍ဖြစ်စေ တိုးမြှင့်ရန် ညွှန်ကြားခြင်း၊

(၆) ဘဏ်၏ မတည်ငွေရင်း လုံလောက်မှုအချိုး သို့မဟုတ် ငွေကြေးလွယ်ကူမှု အချိုးတို့ကို မြှင့်တင်ခြင်း သို့မဟုတ် ဘဏ်လုပ်ငန်းဆောင်ရွက်မှုများအပေါ် အခြားသော ကန့်သတ်ချက်များ သို့မဟုတ် စည်းကမ်းချက်များကို ပိုမိုထားရှိ ဆောင်ရွက်ရေး အတွက် ဘဏ်အား ညွှန်ကြားခြင်း၊

(၇) ဘဏ်၏ လုပ်ငန်းအားလုံးကိုဖြစ်စေ၊ အချို့အဝက်ကိုဖြစ်စေ ရပ်ဆိုင်းစေခြင်း၊

(၈) အစုရှယ်ယာဝင်များ၏ ဆန္ဒမဲပေးပိုင်ခွင့် အပါအဝင် အခွင့်အရေးများအားလုံးကိုဖြစ်စေ၊ အချို့ကိုဖြစ်စေ ရပ်ဆိုင်းခြင်း၊ ထို့ပြင် ဘဏ်၏ အစုရှယ်ယာဝင်အား အမြတ်ငွေ ခွဲဝေမှုကိုဖြစ်စေ၊ ငွေထုတ်ယူခွင့်ကိုဖြစ်စေ တားမြစ်ခြင်း၊

(၉) ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိအား ရာထူးမှ ရပ်ဆိုင်းခြင်း သို့မဟုတ် လုပ်ငန်းဆောင်ရွက်ခွင့်ကို အမြဲတမ်းပိတ်ပင်ခြင်း၊

(၁၀) ဘဏ်၏ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ်၊ အရာရှိနှင့် ဝန်ထမ်းတို့၏ လုပ်ပိုင်ခွင့်ကို ကန့်သတ်တားမြစ်ခြင်း၊

(၁၁) ဘဏ်၏ဒါရိုက်တာများနှင့် အဆင့်မြင့်အရာရှိများအား ပေးရမည့်ခံစားခွင့် (စီမံ ခန့်ခွဲမှု စရိတ်နှင့် အထူးချီးမြှင့်ငွေအပါအဝင်) ကို ကန့်သတ်ခြင်း၊

(၁၂) ဘဏ်အား အပ်နှံငွေလက်ခံခြင်းနှင့်ငွေထုတ်ချေးခြင်း၊ ကြိုတင်ချေးငွေပေးခြင်း သို့မဟုတ် ရင်းနှီးမြှုပ်နှံခြင်းတို့အပေါ် ပိတ်ပင်ခြင်း သို့မဟုတ် ကန့်သတ်ခြင်းများ ပြုခြင်း၊

(၁၃) ဘဏ်အား အုပ်ချုပ်မှုစွမ်းရည်မြှင့်တင်ရန်၊ ဌာနတွင်း ကြီးကြပ်ခြင်းအစီအစဉ်နှင့် ဆုံးရှုံးနိုင်ခြေ စီမံခန့်ခွဲမှုစနစ်များကို တိုးမြှင့်ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊

(၁၄) ဘဏ်၏ လုပ်ငန်းပမာဏကို လျှော့ချခြင်း၊ ပြည်တွင်းပြည်ပရှိဘဏ်များ၊ ဘဏ် ရုံးခွဲများ တိုးချဲ့ခြင်းကို ကန့်သတ်ခြင်း သို့မဟုတ် ဘဏ်ခွဲများ၊ ဘဏ်ရုံးခွဲများ ပိတ်ရန် ညွှန်ကြားခြင်း၊

(၁၅) အရည်အသွေးမပြည့်မီသော ရရန်ပိုင်ခွင့်များအတွက် လျာထားမှုကို တိုးမြှင့်စေခြင်း၊

(၁၆) ဘဏ်၏ အစုရှယ်ယာဝင်များက ထုတ်ချေးထားသည့် ချေးငွေအတွက် အရင်း ပြန်ဆပ်ခြင်း သို့မဟုတ် အတိုးပေးခြင်းကို တားမြစ်ခြင်း၊

(၁၇) နိုင်ငံတော်ပိုင်ဘဏ်များမှအပ ဘဏ်၏အရာရှိ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ဒါရိုက်တာတစ်ဦးဦးကို ဗဟိုဘဏ်က အမိန့်စာဖြင့် ရာထူးတာဝန်မှ ထုတ်ပယ်ခြင်း၊ နိုင်ငံတော်ပိုင် ဘဏ်များဖြစ်လျှင် လိုအပ်သလို အရေးယူ ဆောင်ရွက်ရန် သက်ဆိုင်ရာသို့ အကြောင်းကြားခြင်း၊

(၁၈) ဗဟိုဘဏ်က အမိန့်စာဖြင့် ဒါရိုက်တာအဖွဲ့အား ရာထူးတာဝန်မှ ထုတ်ပယ်ခြင်းနှင့် ဘဏ်အားထိန်းချုပ်မှုပြုပြီး ဘဏ်အား အုပ်ချုပ်စေရန် ဗဟိုဘဏ်က သင့်လျော်သည်ဟု ယူဆသူ အုပ်ချုပ်သူအားခန့်အပ်၍ လုပ်ငန်းလည်ပတ် လုပ်ကိုင်စေခြင်း၊

(၁၉)ဗဟိုဘဏ်က အမိန့်စာဖြင့် ဘဏ်အား စတော့အိပ်ချိန်းတွင် စာရင်းဝင်အဖြစ်မှ ပယ်ဖျက်ပေးရန် လျှောက်ထားစေခြင်း။

( ခ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉) နှင့် (၁၇) တို့အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိကို ရာထူးတာဝန်မှ ထုတ်ပယ်ရန်အဆိုပြုအမိန့်နှင့်စပ်လျဉ်း၍ ဗဟိုဘဏ်သို့ ဖြေရှင်းချက်ပေးရန် ဘဏ်အား သင့်လျော်သောအခွင့်အရေးပေးရမည်။ သို့ရာတွင် ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၉)၊ (၁၇) နှင့် (၁၈) တို့အရ အမိန့်ထုတ်ဆင့်ရာတွင် နှောင့်နှေးသည့်ကိစ္စတွင် ဘဏ် သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူများ၊ မြီရှင်များ သို့မဟုတ် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်ပျက်စီးမည်ဟု ခိုင်လုံသော အထောက်အထား ရရှိပါက အမိန့်စာကို ချက်ချင်းထုတ်ဆင့်နိုင်သည်။ ထို့အပြင် အမိန့်စာထုတ်ပြီး မကျေနပ်ချက်ကို တင်ပြစေရေးအတွက် အတတ်နိုင်ဆုံး အခွင့်အရေးပေးရမည်။

( ဂ ) ဗဟိုဘဏ်သည် တင်ပြလာသည့် မကျေနပ်ချက်မှာ မှန်ကန်ကြောင်း သုံးသပ်ရရှိလျှင် ထုတ်ဆင့်ခဲ့သည့် အမိန့်စာကို စည်းကမ်းချက်များသတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

(ဃ) ဗဟိုဘဏ်က ကာလတိုးချဲ့ခြင်းကို နောက်ထပ် အမိန့်စာဖြင့် ထုတ်ဆင့်ခြင်းမပြုလျှင် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ဆင့်သော အမိန့်သည် တရားဝင်သက်တမ်း နှစ်နှစ်ထက် မပိုစေရ။

( င ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်ထားသော အုပ်ချုပ်သူက ဘဏ်၏ ထိန်းချုပ်ကွပ်ကဲမှုတာဝန်ကိုယူပြီးနောက် ဗဟိုဘဏ်သည် လက်တွေ့ဖြစ်နိုင်ခြေရှိသည့် အချိန်ကာလတွင် အစီရင်ခံစာကို အစိုးရအဖွဲ့သို့ ပေးပို့ရမည်။ ထို့နောက် နှစ်စဉ် အစီရင်ခံစာကို ဆက်လက်ပေးပို့ရမည်။

( စ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ထုတ်ထားသော အမိန့်စာကို အချိန်မရွေး အမိန့်စာဖြင့် ပယ်ဖျက်နိုင်သည်။ ထို့အပြင် ပယ်ဖျက်သည့် အမိန့်စာတွင် ဗဟိုဘဏ်က လိုအပ်သည်ဟု ထင်မြင်သည့်အတိုင်း ညွှန်ကြားချက်များ၊ ပူးတွဲ၊ နောက်ဆက်တွဲ သို့မဟုတ် သဘောအားဖြင့် အကျိုးဆက်ဖြစ်ပေါ်လာမည့်အချက်များပါရှိစေရမည်။

(ဆ) ဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးဦးအား ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၇) အရ ရာထူးမှ ထုတ်ပယ်ခြင်းခံရလျှင် အမိန့်တွင် ဖော်ပြထားသောနေ့ရက်မှစ၍ ရာထူးတာဝန်မှ ရပ်စဲရမည်။ ယင်းနောက်ပိုင်း အဆိုပါဘဏ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ ဖြစ်စေ မည်သည့်နည်းဖြင့်မျှ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

( ဇ ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၇) အရ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အရာရှိတစ်ဦးဦးအား ထုတ်ပယ်ခြင်းသည် အလုပ်ခန့်သည့် စာချုပ်တွင် မည်သို့ပင် ပါရှိစေကာမူ

ရာထူးမှထုတ်ပယ်ခြင်းမှာ ဥပဒေနှင့်ညီညွတ်ပြီး တရားဝင်ဖြစ်စေရမည်။ ထို့ပြင် အလုပ်ထုတ်ပယ်ခံရသူ မည်သူမျှ အလုပ်ထုတ်ပယ်ခြင်းအတွက် လျော်ကြေးတောင်းဆိုပိုင်ခွင့်မရှိစေရ။

(ဈ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များသည် နိုင်ငံခြားဘဏ်ခွဲများနှင့်လည်း သက်ဆိုင်စေရမည်။

(ည) နိုင်ငံခြားဘဏ်၏ ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များ၊ ဆောင်ရွက်ချက်များနှင့်ပျက်ကွက်မှုများအားလုံးသည်လည်းကောင်း၊ ထိုနိုင်ငံခြားဘဏ်၊ ဘဏ်ရုံးခွဲ၏ လုပ်ငန်းဆိုင်ရာ အခြားကိစ္စများသည်လည်းကောင်း ဤအခန်းပါ ပြဋ္ဌာန်းချက်များ သက်ဆိုင်မှုတွင် တစ်ခုတည်းသောအဖွဲ့အစည်းအဖြစ် မှတ်ယူရမည်။

(ဋ) ဤအခန်းပါ ပြဋ္ဌာန်းချက်များအလို့ငှာ ဘဏ်၏ မတည်ရင်းနှီးငွေနှင့်ရရန်ပိုင်ခွင့်များ၏ တန်ဖိုးကို ဗဟိုဘဏ်က ထုတ်ပြန်သည့်စည်းမျဉ်းများတွင် သတ်မှတ်သည့် စံသတ်မှတ်ချက်များနှင့်လုပ်ထုံးလုပ်နည်းများအတိုင်း ဖြစ်သည်။

## အခန်း (၁၄)

## အုပ်ချုပ်သူခန့်ထား၍စီမံခန့်ခွဲခြင်း

### အုပ်ချုပ်သူခန့်ထားခြင်း

၉၇။ (က) ပုဒ်မ ၉၆၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁၈) အရ ဗဟိုဘဏ်၏ အမိန့်ဖြင့် အုပ်ချုပ်သူများကို ခန့်ထားရမည်။

(ခ) ပုဒ်မခွဲ (က) အလို့ငှာ ဘဏ်တွင်အုပ်ချုပ်သူအဖြစ် ခန့်ထားမည့်သူမှာ သင့်မြတ်လျော်ကန်၍ အရည်အချင်း ပြည့်မီသူဖြစ်ရမည်။

(ဂ) အုပ်ချုပ်သူသည် ဆောင်ရွက်ရမည့်အရည်အချင်း ပျက်ယွင်းလာသည့်အခါဆက်လက်ဆောင်ရွက်ရန် သင့်လျော်သောအုပ်ချုပ်သူအား ဗဟိုဘဏ်က အချိန်မရွေး အစားထိုးခန့်ထားရမည်။

(ဃ) အုပ်ချုပ်သူတစ်ဦးအား ခန့်ထားရာတွင် အုပ်ချုပ်သူခန့်အပ်မှုတွင် သတ်မှတ်ထားသည့်အတိုင်း ၂၄ လ ထက် မကျော်စေဘဲ ခန့်ထားရမည်။ အဆိုပါ သက်တမ်းကို နောက်ထပ် ၂၄ လ ထက်မကျော်စေဘဲ တစ်ကြိမ် ဆက်လက်သက်တမ်းတိုး ခန့်ထားနိုင်သည်။

(င) အုပ်ချုပ်သူသည် ဗဟိုဘဏ်က တာဝန်ပေးသည့်အတိုင်း လုပ်ငန်းဆောင်ရွက်ရမည့်အပြင် လစာစရိတ်ခံစားပိုင်ခွင့်ကို ဗဟိုဘဏ်ထံမှ ရရှိစေရမည်။

(စ) အုပ်ချုပ်သူ ခန့်ထားခြင်းအတွက် အုပ်ချုပ်သူလစာငွေ အပါအဝင် ဗဟိုဘဏ်၏ ကုန်ကျစရိတ်အားလုံးကို အုပ်ချုပ်သူခန့်ထားရန် လိုအပ်သောဘဏ်က ကျခံစေရမည်။

(ဆ) ဗဟိုဘဏ်သည် အုပ်ချုပ်သူများကို ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းတို့ကို အမိန့်စာဖြင့်ပြုလုပ်ရမည်ဖြစ်ပြီး ခန့်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းဆုံးဖြတ်ချက်၏ အကြောင်းရင်းကို ဖော်ပြရမည်။

**အုပ်ချုပ်သူခန့်ထားခြင်းကို ပြန်လည်သုံးသပ်ခြင်း**

၉၈။ (က) ဘဏ်အတွက် အုပ်ချုပ်သူခန့်ထားမှုအပေါ် ဗဟိုဘဏ်က အုပ်ချုပ်သူ ခန့်ထားမည်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ပြုသည့်ရက်မှ အလုပ်လုပ်ရက် ငါးရက်အတွင်း ဘဏ်၏ဒါရိုက်တာအဖွဲ့က အဖွဲ့အစည်း၏ကိုယ်စား ဗဟိုဘဏ်သို့ စာဖြင့် ကန့်ကွက်စာ တင်နိုင်သည်။

(ခ) အလုပ်လုပ်ရက် ငါးရက်အတွင်း ကန့်ကွက်စာမတင်လျှင် ဘဏ်သည် အုပ်ချုပ်သူခန့်ထားခြင်းကို သဘောတူသည်ဟု မှတ်ယူရမည်။

(ဂ) ဗဟိုဘဏ်သည် သတ်မှတ်သည့်အချိန်အတွင်း ကန့်ကွက်လွှာကိုရရှိပါက ပြန်လည်သုံးသပ်ပြီးအုပ်ချုပ်သူခန့်ထားခြင်းကို အတည်ပြုခြင်း သို့မဟုတ် ရပ်စဲခြင်းတို့ကို အကြောင်းအကျိုးစာဖြင့်ဖော်ပြ၍ ဆုံးဖြတ်နိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ပြုလုပ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။ ထို့ပြင်ဘဏ်၏ ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌထံ ဆုံးဖြတ်ချက်ကို ချက်ချင်း ပေးပို့ရမည်။

(င) အုပ်ချုပ်သူအားခန့်အပ်ခြင်းကို ရပ်စဲပါက အုပ်ချုပ်သူသည် ဘဏ်အပေါ် ထိန်းချုပ်ကွပ်ကဲမှုကို ဆောလျင်စွာပြန်လည်ပေးအပ်ရန်နှင့် အဖွဲ့အစည်း၏ ရရန်ပိုင်ခွင့်များ၊ စာရင်းစာအုပ်များနှင့်မှတ်တမ်းများကို ဘဏ်၏တာဝန်ပေးအပ်ခြင်းခံရသော မန်နေဂျာထံ ချက်ချင်းပြန်ပေးရမည်။

**ထိန်းချုပ်ကွပ်ကဲမှုကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်များ**

၉၉။ (က) ဗဟိုဘဏ်က အုပ်ချုပ်သူအား ခန့်ထားသည့်အခါထိုအဖွဲ့အစည်း၏ ဒါရိုက်တာများ၊ အမှုဆောင်အရာရှိနှင့် အရာရှိများသည် ဘဏ်၏ပိုင်ဆိုင်ပစ္စည်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် အသိအမှတ်ပြုစာရင်းစစ်ဆေးချက်အပါအဝင် ကိစ္စရပ်မှန်သမျှကို အုပ်ချုပ်သူအားတင်ပြရမည်။ ထို့အပြင် ဘဏ်၏စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကို လုပ်ငန်းဆက်လက်ဆောင်ရွက်နိုင်ရန် လိုအပ်သည်များကို အုပ်ချုပ်သူအား ပံ့ပိုးဖြည့်ဆည်းပေးရမည်။

(ခ) အုပ်ချုပ်သူသည် ဘဏ်နှင့်စပ်လျဉ်းသော စီးပွားရေးလုပ်ငန်းနှင့် ကိစ္စရပ်အားလုံးကိုထိန်းချုပ်ကွပ်ကဲသည့် တာဝန်ဆောင်ရွက်ရမည်။ ထို့အပြင် ဘဏ်၏အမည်ဖြင့် ဘဏ်ကိုယ်စား ဘဏ်၏ စီးပွားရေးလုပ်ငန်းနှင့် လုပ်ငန်းကိစ္စရပ်များကို အုပ်ချုပ်သူခန့်အပ်သည့်အမိန့်စာတွင် သတ်မှတ်ကာလအထိ ဖြစ်စေ၊ အမိန့်အား မပယ်ဖျက်မီအထိဖြစ်စေဆောင်ရွက်ရမည်။

(ဂ) ထိုအမိန့်စာ တည်မြဲနေသမျှ ကာလပတ်လုံး တည်ဆဲဥပဒေအရ သို့မဟုတ် အခြားနည်းဖြင့်ဘဏ်နှင့် ၎င်း၏ ဒါရိုက်တာများ ကျင့်သုံးနိုင်သော အခွင့်အာဏာများနှင့် လုပ်ပိုင်ခွင့်များ၊

ဖွဲ့စည်းတည်ထောင်ခြင်းဆိုင်ရာ စာတမ်းအမှတ်အသားများ သို့မဟုတ် သင်းဖွဲ့စည်းမျဉ်းများနှင့်သင်းဖွဲ့မှတ်တမ်းများအရ အဖွဲ့အစည်း၊ ၎င်း၏ဒါရိုက်တာနှင့် အစုရှယ်ယာပိုင်ရှင်များ၏ လုပ်ပိုင်ခွင့်များကို အုပ်ချုပ်သူသို့ အခွင့်အာဏာအပ်နှင်းစေရမည်။

(ဃ) အမိန့်စာအတည်ဖြစ်နေသည့် ကာလတစ်လျှောက်လုံးတွင် ဘဏ်၏ မည်သည့်ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိမျှ အုပ်ချုပ်သူက တာဝန်ပေးသည့် သို့မဟုတ် လုပ်ပိုင်ခွင့်ပေးသည့် ကိစ္စမှအပ ဘဏ်နှင့်စပ်လျဉ်းသော အလုပ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်ခြင်း မရှိစေရ။

(င) အုပ်ချုပ်သူကစာဖြင့် အတည်ပြုချက်ပေးသည့်ကိစ္စမှအပ မည်သည့်ဒါရိုက်တာ၊ အမှုဆောင်အရာရှိ သို့မဟုတ် အရာရှိကိုမျှ လစာစရိတ်ခံစားခွင့်မရှိစေရ။

**အုပ်ချုပ်သူ၏ ပြုပြင်ရေးဆောင်ရွက်ချက်များ**

၁၀၀။ မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် အခြားတည်ဆဲဥပဒေများတွင် မည်သို့ပင် ပါရှိစေကာမူ အုပ်ချုပ်သူသည် ဗဟိုဘဏ်၏ အတည်ပြုချက်ဖြင့် ဘဏ်အားပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အောက်ပါလုပ်ငန်းတာဝန်တစ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ဆောင်ရွက်ရမည်-

(က) နိုင်ငံတော်တွင်ဖြစ်စေ၊ ပြည်ပတွင်ဖြစ်စေ ဘဏ်၏ လုပ်ငန်းဆောင်ရွက်ချက်များ၏ မည်သည့် အစိတ်အပိုင်းကိုမဆို ရပ်ဆိုင်းခြင်း၊ ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊

(ခ) ဘဏ်၏ ရရန်ပိုင်ခွင့်များကို အခြားဘဏ် သို့မဟုတ် ဥပဒေအရဖွဲ့စည်းသော အဖွဲ့အစည်းသို့ ဗဟိုဘဏ်က သတ်မှတ်ပေးသော စည်းကမ်းချက်အတိုင်း ရောင်းချခြင်း၊

(ဂ) ဘဏ်၏အရာရှိများ၊ ဝန်ထမ်းများကို အလုပ်မှရပ်စဲခြင်း သို့မဟုတ် ၎င်းတို့ကို အစားထိုးခန့်ထားခြင်း၊

(ဃ) ပုဒ်မခွဲ (ဂ) ပါပုဂ္ဂိုလ်များသည် နိုင်ငံတော်ပိုင်ဘဏ်များမှ ပုဂ္ဂိုလ်များဖြစ်လျှင် သက်ဆိုင်ရာ ဌာနအဖွဲ့အစည်းသို့ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန် အကြောင်းကြားခြင်း၊

(င) အုပ်ချုပ်သူက ဘဏ်တစ်ခုသည် အခြားဘဏ်နှင့်ပူးပေါင်းရန် လိုအပ်သည်ဟု စဉ်းစားဆုံးဖြတ်သည့်အခါ ပူးပေါင်းရန်အစီအစဉ်ကို ဆောင်ရွက်ခြင်း၊

(စ) မတည်ငွေရင်းကို တိုးမြှင့်ခြင်းနှင့် အစုရှယ်ယာပိုင်ရှင်သစ်များသို့ ရောင်းချခြင်းနှင့် ဒါရိုက်တာအဖွဲ့ကို ပြန်လည်ဖွဲ့စည်းခြင်းဖြင့် ဘဏ်ကို ပြင်ဆင်ဖွဲ့စည်းတည်ထောင်ခြင်း၊

(ဆ) ငွေအပ်နှံသူများအကျိုးငှာ အုပ်ချုပ်သူက စဉ်းစားချင့်ချိန်သည့် နည်းလမ်းအတိုင်း ဘဏ်ကို ပြန်လည်တည်ထောင်ခြင်း၊ အကျိုးအမြတ်မရှိနိုင်သော လုပ်ငန်းများကို ပိတ်သိမ်းခြင်းအပါအဝင် ဘဏ်ကိုဖြစ်စေ၊ ၎င်း၏စီမံအုပ်ချုပ်မှုအဖွဲ့ကိုဖြစ်စေ ပြန်လည်ဖွဲ့စည်းခြင်း၊

(ဇ) ဘဏ်ကို ပြန်လည်ထူထောင်ရန် ဗဟိုဘဏ်က အတည်ပြုပေးသည့် အခြားနည်းလမ်းကိစ္စရပ်များကို ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူ၏ အစီရင်ခံစာ**

၁၀၁။ (က) ဗဟိုဘဏ်က အုပ်ချုပ်သူခန့်ထားသည့် သတ်မှတ်ကာလအတွင်း ဘဏ်၏ အုပ်ချုပ်သူသည် ထိုအဖွဲ့အစည်း၏ ဘဏ္ဍာရေးအခြေအနေနှင့် အနာဂတ်ရည်မှန်းချက်များအတွက် အစီရင်ခံစာတစ်စောင်ကိုပြုစုပြီး ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) အုပ်ချုပ်သူသည် ၎င်း၏အစီရင်ခံစာတွင် ဘဏ်ကို စာရင်းရှင်းလင်းဖျက်သိမ်းရာ၌ ရရှိနိုင်သည့် ရရန်ပိုင်ခွင့်များပမာဏပါရှိစေရမည်။

(ဂ) အစီရင်ခံစာတွင် အဆိုပြုအောက်ပါအရေးယူဆောင်ရွက်မှုအစီအစဉ်ကို ဆောင်ရွက်ရာ၌ ကုန်ကျစရိတ်နှင့် အကျိုးအမြတ်များ ပူးတွဲပါဝင်စေရမည် -

(၁) အရေးယူဆောင်ရွက်မှုအစီအစဉ်ကို လိုက်နာဆောင်ရွက်ရာ၌ ဘဏ်သို့ ပြန်လည်အပ်နှံရမည့် အစီအစဉ်၊

(၂) ဤဥပဒေ အခန်း (၁၅) အရ ဘဏ်ကို ပြန်လည်ထူထောင်မှုအစီအစဉ်၊

(၃) ဤဥပဒေ အခန်း (၁၇) အရ မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအစီအစဉ်၊

(၄) ဘဏ်၏ လိုင်စင်ကိုဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်နှင့်

(၅) ဘဏ်အနေဖြင့် လူမွဲစာရင်းခံယူမှုစတင်ရန် ဆောင်ရွက်ခြင်း။

**အုပ်ချုပ်သူအဖြစ်မှရပ်စဲခြင်း**

၁၀၂။ (က) အုပ်ချုပ်သူအဖြစ် ခန့်ထားခြင်းကို အောက်ပါတို့အနက် စောရာကာလ၌ ရပ်စဲစေရမည်-

(၁) အုပ်ချုပ်သူအား ခန့်အပ်မှုတွင်ဖော်ပြထားသည့် အချိန်ကာလ သို့မဟုတ် ထပ်တိုးအချိန်ကာလ ကုန်ဆုံးသည့်ရက်၊

(၂) ဗဟိုဘဏ်က ရပ်စဲရန် ဆုံးဖြတ်သည့်ရက်၊

(၃) တရားရုံးက ရပ်စဲရန် ဆုံးဖြတ်သည့်ရက်၊

(ခ) အုပ်ချုပ်သူသည် ခန့်ထားမှုရပ်စဲသည့်ရက်မှ အလုပ် လုပ်ရက် ၂၀ ရက်အတွင်း အုပ်ချုပ်သူအဖြစ်ဆောင်ရွက်ချက် အပြီးသတ်အစီရင်ခံစာကို ဗဟိုဘဏ်သို့ တင်ပြရမည်။

၁၀၃။ အုပ်ချုပ်သူက စီမံခန့်ခွဲရမည့်ကာလအတွင်း ဗဟိုဘဏ်သည် သက်ဆိုင်ရာ ငွေရေးကြေးရေးအဖွဲ့အစည်းအား ငွေကြေးလွယ်ကူမှု ယာယီလျော့နည်းခြင်းကို ဖြည့်ဆည်းရန် စည်းကမ်းချက်သတ်မှတ်၍ ငွေချေးခြင်းဖြင့် ငွေကြေးပံ့ပိုးမှုပြုနိုင်သည်။

## အခန်း (၁၅)

## ဘဏ်အား ပြန်လည်ထူထောင်ခြင်း

### ဗဟိုဘဏ်၏အရေးယူဆောင်ရွက်နိုင်မှု

၁၀၄။ (က) ဗဟိုဘဏ်သည် ဘဏ်အား အုပ်ချုပ်သူ၏ထိန်းချုပ်ကွပ်ကဲမှုအောက်တွင် ထားရှိသည့်နေ့မှ တစ်နှစ်အတွင်း သက်ဆိုင်ရာဘဏ်၏ ငွေစာရင်းများကို စာရင်းစစ်ခြင်း သို့မဟုတ် စာရင်းစစ်ဆေးစေခြင်း ပြုလုပ်ရမည်။

(ခ) ဗဟိုဘဏ်သည် အုပ်ချုပ်သူနှင့် စာရင်းစစ်တို့၏ အစီရင်ခံစာကိုအခြေခံ၍ အောက်ပါအရေးယူဆောင်ရွက်မှုတစ်ရပ်ရပ်ကို ဆောင်ရွက်နိုင်သည် -

(၁) ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၈) အရ ပြုလုပ်သည့်ဘဏ်၏ ဒါရိုက်တာအဖွဲ့အား ရာထူးရပ်ဆိုင်းထားခြင်းမှ ကင်းလွတ်စေနိုင်သည်။ ထို့အပြင် ဒါရိုက်တာအဖွဲ့အား ရပ်ဆိုင်းထားသော ဘဏ်၏လုပ်ငန်းများကို ပြန်လည်ပြုလုပ်စေခြင်း၊

(၂) ဘဏ်၏ ဒါရိုက်တာအဖွဲ့အား ထုတ်ပယ်ပြီး ဒါရိုက်တာအဖွဲ့အသစ် ရွေးချယ်တင်မြှောက်ရေးအတွက် သင်းလုံးကျွတ်အထွေထွေအစည်းအဝေး ကျင်းပရန် ညွှန်ကြားခြင်း၊

(၃) မတည်ငွေရင်းလျှော့ချရန် ဆောင်ရွက်ခြင်းအပြင် ဆုံးရှုံးခဲ့သော သို့မဟုတ် ရရန်ပိုင်ခွင့်အဖြစ် မသတ်မှတ်နိုင်သော အစုရှယ်ယာတန်ဖိုး၏ အစိတ်အပိုင်းတစ်ရပ်ရပ်ကို ပြင်ဆင်သတ်မှတ်ခြင်း၊

(၄) ဗဟိုဘဏ်က လိုအပ်၍သတ်မှတ်ပေးသည့် တန်ဖိုးဖြင့် အစုရှယ်ယာ အသစ်များကို ရောင်းချပေးခြင်းဖြင့် လက်ရှိအစုရှယ်ယာရှင်များ၏ပါဝင်မှုကို လျှော့ချခြင်း၊

(၅) သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းပေးပါရန် လျှောက်လွှာတင်ခြင်း။

(ဂ) ပုဒ်မ ၉၆ သို့မဟုတ် ပုဒ်မခွဲ (ခ) ပါလုပ်ပိုင်ခွင့်များကို ထိခိုက်မှုမရှိစေဘဲ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥပဒေအရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်များအရ -

(၁) ဗဟိုဘဏ်သည် အများပြည်သူသိရှိရန် အောက်ပါတို့ကို ထုတ်ပြန်ကြေညာရမည်-

(ကက) ဘဏ်၏အစုရှယ်ယာရှင်တစ်ဦးဦးကို ၎င်း၏အစုရှယ်ယာအား လွှဲပြောင်းစေခြင်း သို့မဟုတ် သင့်မြတ်လျော်ကန်မှုရှိသည့်ပုဂ္ဂိုလ်အား ရောင်းချစေခြင်း ပြုနိုင်သည်။

(ခခ) ဗဟိုဘဏ်က သတ်မှတ်သည့် စည်းကမ်းချက်များအတိုင်း ဘဏ်၏ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ အခြားဘဏ် သို့မဟုတ် ငွေရေးကြေးရေး အဖွဲ့အစည်းများသို့ လွှဲပြောင်းစေနိုင်သည်။

(ဂဂ) ပုဒ်မ ၁၀၇ နှင့်အညီ ဗဟိုဘဏ်ကသင့်လျော်သည်ဟု ယူဆသည့် ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ အခြားသောဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းထံ လွှဲအပ်နိုင်သည်။

(၂) ဗဟိုဘဏ်သည် အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဆောင်ရွက်ရာတွင် ပြည်ထောင်စုအစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသဘောတူညီချက် ရယူပြီး ဆောင်ရွက်ခွင့်ရှိသည် -

(ကက) ဘဏ်၏ စီးပွားရေးလုပ်ငန်းကို ထိန်းချုပ်နိုင်ရန် ဘဏ်၏ အစုရှယ်ယာများကို ပြည်ထောင်စု၏ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူခြင်း၊

(ခခ) ဘဏ်၏ခိုင်မာတည်ငြိမ်ရေးအတွက်ဖြစ်စေ၊ ငွေရေးကြေးရေးစနစ်တစ်ရပ်လုံး၏ တည်ငြိမ်ရေးအတွက်ဖြစ်စေ ဘဏ်သို့ ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေဖြင့် သက်သာသောအတိုးနှုန်းဖြင့် ချေးငွေထုတ်ချေးခြင်း၊

(ဂဂ) ဘဏ်၏ ပေးရန်တာဝန်နှင့် ရရန်ပိုင်ခွင့်များကို ရယူနိုင်ရန် ပြည်ထောင်စု၏ ဘဏ္ဍာရန်ပုံငွေ ထည့်ဝင်သော မတည်ရင်းနှီးငွေဖြင့် ဘဏ်အသစ်အား တည်ထောင်ခြင်း။

(ဃ) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ မှန်ကန်သင့်လျော်သော အရေးယူဆောင်ရွက်မှုကို ဆုံးဖြတ်ပြုလုပ်ရာတွင် ဗဟိုဘဏ်သည် နောက်ဆုံးစာရင်းစစ်အစီရင်ခံစာနှင့် အုပ်ချုပ်သူက တင်ပြသော အစီရင်ခံစာတို့ကို အလေးအနက်ထည့်သွင်း စဉ်းစားရမည်။

(င) ပုဒ်မခွဲ (ခ) သို့မဟုတ် ပုဒ်မခွဲ (ဂ) အရ မည်သည့် အရေးယူမှုကိုမျှ ဘဏ်အား ကျေနပ်မှုမရှိကြောင်းပြသရန် ကျိုးကြောင်းဆီလျော်သော အခွင့်အရေးမပေးဘဲ ချမှတ်ခြင်းမပြုရ။ သို့ရာတွင် နှောင့်နှေးခြင်းကြောင့် ဘဏ် သို့မဟုတ် ၎င်း၏ ငွေအပ်နှံသူမြီရှင်များ သို့မဟုတ် ယေဘုယျအားဖြင့် အများပြည်သူ ထိခိုက်စေမည်ဟု ဗဟိုဘဏ်က ထင်မြင်ယူဆလျှင် ချက်ချင်းအရေးယူနိုင်ပြီး မကျေနပ်ချက်များ တင်ပြရေးအတွက် ယင်းအခွင့်အရေးကို အမြန်ဆုံး ဖြစ်နိုင်သမျှ အခွင့်အရေးပေးပြီး ဆောင်ရွက်နိုင်သည်။

(စ) အဆိုပါကျေနပ်မှုမရှိကြောင်း အကျိုးဆက်အဖြစ် ဗဟိုဘဏ်က အရေးယူထားချက်ကို စည်းကမ်းချက်များ သတ်မှတ်၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ လျှော့ပေါ့ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်နိုင်သည်။

(ဆ) ဗဟိုဘဏ်သည် ဤပုဒ်မ အလို့ငှာ ဘဏ်ကို ရယူပိုင်ဆိုင်ရန် အလားအလာရှိသူအား ဘဏ်နှင့်သက်ဆိုင်သော သတင်းအချက်အလက်ကို ပေးနိုင်သည်။ သို့သော် ထိုသတင်းအချက်အလက်ရရှိသူသည် လျှို့ဝှက်ထိန်းသိမ်းထားရမည်။ ထိုသတင်းအချက်အလက်များအား ဘဏ်ကို ရယူပိုင်ဆိုင်ခြင်းအတွက်သာ အသုံးပြုရမည်။

**အစုရှယ်ယာပိုင်ဆိုင်သူ၏ အခွင့်အရေး**

၁၀၅။ (က) ဤအခန်းပါ ကိစ္စရပ်အလို့ငှာ ဘဏ်ပိုင်ရှင်၏ ကိုယ်စားလှယ်ကသာ ဗဟိုဘဏ်၏ အရေးယူမှုအပေါ် ကျေနပ်မှုမရှိကြောင်း ဗဟိုဘဏ်သို့ တင်ပြခွင့်ရှိသည်။

(ခ) ပိုင်ဆိုင်သူများ၏ကိုယ်စားလှယ်အဖြစ် အောက်ပါပုဂ္ဂိုလ်တစ်ဦးဦးက ဆောင်ရွက်နိုင်သည်-

(၁) ဘဏ်၏ ပိုင်ရှင်များက အများဆန္ဒဖြင့် ဘဏ်၏ ကိုယ်စားလှယ်အဖြစ် ခန့်အပ်ခြင်း ခံရသူ၊

(၂) ဘဏ်၏ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌရာထူး ဆောင်ရွက်နေသူ သို့မဟုတ် ထိုသူက ကိုယ်စားလှယ်အဖြစ် အခွင့်အာဏာလွှဲအပ်ခြင်းခံရသူ။

(ဂ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ကန့်ကွက်လိုပါက ပုဒ်မ ၁၀၄၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့အရ ဗဟိုဘဏ်၏ ကြေညာချက်ကို ရရှိသည့်နေ့မှ ၁၄ ရက်အတွင်း ဘဏ်၏ ပိုင်ရှင်များက ကန့်ကွက်စာ တင်နိုင်သည်။

(ဃ) ကန့်ကွက်သောစာကို ဗဟိုဘဏ်က သတ်မှတ်အချိန်အတွင်း လက်ခံရရှိခြင်းမရှိပါက ပိုင်ရှင်များက သဘောတူညီသည်ဟု မှတ်ယူရမည်။

(င) ဗဟိုဘဏ်သည် သတ်မှတ်သည့် ၁၄ ရက် အတွင်း ကန့်ကွက်စာရရှိပါက ကန့်ကွက်တင်ပြချက်ကို ပြန်လည်သုံးသပ်ကာ မိမိ၏ အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် အမိန့်အားပယ်ဖျက်ခြင်း သင့်လျော်သလို ပြုနိုင်သည်။ ထိုသို့ ပြုလုပ်ရာတွင် မိမိ၏ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက် ဖော်ပြရမည်။

(စ) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်ကို ဘဏ်၏ပိုင်ရှင်များ၏ ကိုယ်စားလှယ်ထံ ချက်ချင်း ပေးပို့ရမည်။

(ဆ) ဗဟိုဘဏ်၏ အရေးယူမှုအားလုံးသည် ဗဟိုဘဏ်က ပယ်ဖျက်ခြင်းမပြုသမျှ တရားဝင် အတည်ဖြစ်စေရမည်။

(ဇ) ဗဟိုဘဏ်က ထုတ်ပြန်သော အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ဆုံးဖြတ်ချက် အမိန့်စာသည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

**မတည်ငွေရင်းလျှော့ချခြင်းနှင့် အစုရှယ်ယာများ ပယ်ဖျက်ခြင်း**

၁၀၆။ (က) ဘဏ်၏ ထည့်ဝင်ပြီးမတည်ငွေရင်း ဆုံးရှုံးခြင်းဖြစ်စေ၊ ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်လျှင်ဖြစ်စေ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီး သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားပြီး ထိုမှတစ်ဆင့် ဘဏ်၏ အဆိုပါမတည်ငွေရင်းဆုံးရှုံးမှု သို့မဟုတ် ရရန်ပိုင်ခွင့်များဖြင့် မတင်ပြနိုင်မှုတို့ကို ပယ်ဖျက်ခြင်းပြုပြီး မတည်ငွေရင်းကို လျှော့ချခြင်း ပြုနိုင်သည်။

(ခ) ဘဏ်၏ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို ပုဒ်မ ၁၀၄၊ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲငယ် (၁)၊ ပုဒ်မခွဲငယ်စိတ် (ခခ) နှင့် (ဂဂ) တို့အရ အခြားသူသို့ လွှဲပြောင်းထားပြီး ဖြစ်လျှင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာပြီးပါက သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင် လျှောက်ထားရမည်။ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်အရ ဘဏ်၏ ကျန်အစုရှယ်ယာ မတည်ငွေရင်းကို ပယ်ဖျက်နိုင်သည်။

(ဂ) ဗဟိုဘဏ်က ပုဒ်မခွဲ (က) အရ အစုရှယ်ယာ မတည်ငွေရင်းကို လျှော့ချရန်အမိန့်ကို ထုတ်ပြန်သည့်အခါထိုသို့ထုတ်ပြန်သည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း အစုရှယ်ယာရှင်များက လာရောက် ပေးသွင်းခြင်းမပြုပါက ဗဟိုဘဏ်သည် အဆိုပါပေးသွင်းခြင်းမပြုသည့်တန်ဖိုးကို ပယ်ဖျက်ရေးအတွက် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

(ဃ) ဘဏ်၏ အစုရှယ်ယာမတည်ငွေရင်းကို ပုဒ်မခွဲ (က) အရ လျှော့ချခြင်း သို့မဟုတ် ပုဒ်မခွဲ (ခ) အရ အစုရှယ်ယာများကို ပယ်ဖျက်ခြင်းပြုသည့်အခါ ဗဟိုဘဏ်သည် ဘဏ်၏ စာတမ်းအမှတ်အသားများကိုဖြစ်စေ၊ သင်းဖွဲ့မှတ်တမ်းနှင့်သင်းဖွဲ့စည်းမျဉ်းတို့ကိုဖြစ်စေ ပြောင်းလဲပြင်ဆင်ရေးအတွက် ကုမ္ပဏီမှတ်ပုံတင်ရုံးသို့ လျှောက်ထားရန် ဘဏ်အား တောင်းဆိုနိုင်သည်။

**အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များ**

၁၀၇။ ဘဏ်၏ ရရန်ပိုင်ခွင့်များနှင့် ပေးရန်တာဝန်များသည် အားလုံးဖြစ်စေ၊ အချို့အဝက်ဖြစ်စေ အခြားသောငွေရေးကြေးရေးအဖွဲ့အစည်းသို့ ပုဒ်မ ၁၀၄ အရ အပ်နှံခြင်း သို့မဟုတ် လွှဲပြောင်းခြင်း ပြုရာတွင် ဗဟိုဘဏ်သည် အများပြည်သူသိရှိနိုင်ရန် အမိန့်ထုတ်ပြန်ကြေညာရမည်။ ယင်းအမိန့်သည် အပြီးအပြတ် အတည်ဖြစ်စေရမည်။

၁၀၈။ အပြီးအပိုင်အပ်နှင်းခွင့်ရရှိသူသည် အောက်ပါအချက်များနှင့်ကိုက်ညီရမည်-

(က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အမိန့်နှင့်သက်ဆိုင်သည့် ဘဏ်၏ အပြီးအပိုင်အပ်နှင်း ရရှိသည့် ရရန်ပိုင်ခွင့်နှင့်ပေးရန်တာဝန်များကို ရယူရာတွင် လွှဲပြောင်းပေးသူအဖွဲ့အစည်း၏ ငွေအပ်နှံသူများနှင့် မြီရှင်များ၏ အကျိုး သို့မဟုတ် အများပြည်သူအကျိုး ဖြစ်သည်ကို ခိုင်လုံစွာ ဆုံးဖြတ်နိုင်ခြင်း၊

(ခ) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသည် ဘဏ်လုပ်ငန်းများကို ဆက်လက်လုပ်ကိုင် ရာတွင် လုပ်ကိုင်နိုင်စွမ်းရည်ရှိခြင်း၊

(ဂ) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ကို အသုံးပြုခြင်းနှင့် လက်ရှိပေးရန် တာဝန်ကို ဖြေရှင်းခြင်းနှင့်စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့်အဖွဲ့အစည်းက ဗဟိုဘဏ်က ချမှတ်သော စည်းကမ်းချက်များကို လိုက်နာမည်ဖြစ်ကြောင်း သဘောတူညီခြင်း။

**အပြီးအပိုင် အပ်နှင်းသည့် အမိန့်၏ အကျိုးသက်ရောက်ခြင်း**

၁၀၉။ (က) ပုဒ်မ ၁၀၇ အရ ထုတ်ပြန်သော အပြီးအပိုင် အပ်နှင်းရရှိသည့် အမိန့်တွင် သက်ဆိုင်ရာ နေ့ရက်မှ စတင်အကျိုးသက်ရောက်ရာတွင် -

(၁) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်သို့ ပြောင်းလဲပေးသော အခွင့်အရေး အားလုံးနှင့် အပြီးအပိုင်အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ ရယူရာတွင် အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်ရရှိခြင်းသည် ပြီးမြောက်ခြင်းမရှိစေကာမူ လွှဲပြောင်း လက်ခံသော အဖွဲ့အစည်းက ရရှိပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) အပြီးအပိုင် အပ်နှင်းရရှိသည့် ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို သက်ဆိုင်ရာတရားဝင်မှတ်ပုံတင်စာအုပ်အသီးသီးတွင် ရေးသွင်းချက်များအားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်း၏ အမည်သို့ပြောင်း၍ အစားထိုးပြီး ဖြစ်စေရမည်။ သို့သော် ထိုသို့အမည်ပြောင်းခြင်းမရှိစေကာမူ အပြီးအပိုင် အပ်နှင်း ရရှိသည့်အမိန့်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များကို လွှဲပြောင်း လက်ခံရရှိသော အဖွဲ့အစည်းသို့ အကျိုးသက်ရောက်ပြီး ခံစားပိုင်ခွင့်များ ရရှိ စေရမည်။

(၃) ဗဟိုဘဏ်က ဤဥပဒေအရ သို့မဟုတ် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေနှင့် အထူးကုမ္ပဏီအက်ဥပဒေတို့အရ ထုတ်ပြန်သော အမိန့်ပါစည်းကမ်းချက်များကို လွှဲပြောင်း လက်ခံရရှိသော အဖွဲ့အစည်းက လိုက်နာရမည်။ ထိုအဖွဲ့အစည်းသည် ထိုသို့လိုက်နာမည့်အကြောင်း စာဖြင့်သဘောတူညီချက် ပေးရမည်။

(၄) လွှဲပြောင်း လက်ခံသော အဖွဲ့အစည်းအား ထုတ်ပေးထားသော လိုင်စင်ကို ရရန်ပိုင်ခွင့် အပြီးအပိုင် အပ်နှင်းသည့် အမိန့်နှင့်အညီ ထိုအဖွဲ့အစည်းကို အပ်နှင်းသည့် ခံစားခွင့်များ အကျိုးသက်ရောက်မှုရှိစေရန် လိုအပ်သလို ပြုပြင်ရမည်။

(၅) လွှဲပြောင်းပေးသော အဖွဲ့အစည်းက ရရန်ပိုင်ခွင့်နှင့် ပေးရန်တာဝန်အားလုံးကို လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ လွှဲပြောင်းအပ်နှင်းပြီးလျှင် ဗဟိုဘဏ်သည် လွှဲပြောင်းပေးသော အဖွဲ့အစည်း၏ လိုင်စင်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၁၀၇ အရ ထုတ်ဆင့်သော ရရန်ပိုင်ခွင့်အပ်နှင်းသည့် အမိန့်တွင် ဗဟိုဘဏ်က အခြားနည်းဖြင့် သီးခြားဖော်ပြထားခြင်းမရှိလျှင် သက်ဆိုင်ရာနေ့ရက်မှစ၍ အောက်ပါတို့ အကျိုးသက်ရောက်စေရမည် -

(၁) လွှဲပြောင်းလက်ခံသည့် အဖွဲ့အစည်းသို့ အပ်နှင်းလွှဲအပ်သည့် ရရန်ပိုင်ခွင့်များ၊ ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ပဋိညာဉ်များ၊ စာချုပ်များ၊ အာမခံစာချုပ်များ၊ သဘောတူညီချက်များ၊ ကိုယ်စားလှယ်လွှဲစာများ၊ တရားဝင်ကိုယ်စားလှယ်

လွှဲအပ်ခွင့်များနှင့် အခြားစာချုပ်စာတမ်းများသည် လွှဲပြောင်းပေးသော အဖွဲ့အစည်းသို့ သဘာတူခွင့်ပြုသောနေ့ရက်မှစ၍ လွှဲပြောင်းအပ်နှံပြီးဖြစ်သည်ဟု မှတ်ယူရမည်။

(၂) လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းသို့ အပ်နှင်း၍ ရရှိသော ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်များနှင့်စပ်လျဉ်း၍ ထိုသို့အပ်နှင်းခြင်းမပြုမီက ရှိခဲ့သော အရေးယူဆောင်ရွက်ချက်များနှင့် စွဲဆိုချက်များမှာ လွှဲပြောင်းလက်ခံရရှိသော အဖွဲ့အစည်းက စွဲဆိုသော သို့မဟုတ် ၎င်းအဖွဲ့အစည်းအပေါ် စွဲဆိုသော အရေးယူမှုများနှင့်စွဲဆိုချက်များဖြစ်သည်ဟု မှတ်ယူ၍ အကျိုးသက်ရောက်မှု ရှိစေရမည်။

(ဂ) ဤပုဒ်မအလို့ငှာ -

(၁) သက်ဆိုင်ရာနေ့ ဆိုသည်မှာ အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာသော ပိုင်ဆိုင်ခွင့် အပြီးအပိုင်အပ်နှင်းသည့်အမိန့် ထုတ်ပြန်သည့်နေ့ကို ဆိုသည်။

(၂) တရားဝင်မှတ်ပုံတင်ခြင်းများ ဆိုသည်မှာ နိုင်ငံတော်၏ ဥပဒေအရ တည်ထောင်သည့် မှတ်ပုံတင်ဌာနတွင် လူပုဂ္ဂိုလ်နှင့် နိုင်ငံတော်တွင် ဥပဒေအရ ဖွဲ့စည်းသည့် အဖွဲ့အစည်းများ၏ ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် ရပိုင်ခွင့်မှတ်တမ်းများအရ အကျိုးခံစားမှုများ၊ ပိုင်ဆိုင်မှုများ၊ လွှဲပြောင်းခြင်းများ မှတ်ပုံတင်ခြင်းကို ဆိုသည်။

**အခွန်နှင့်အခများ**

၁၁၀။ ဤဥပဒေအခန်းပါပြဋ္ဌာန်းချက်အရ ရရန်ပိုင်ခွင့်များ သို့မဟုတ် ပေးရန်တာဝန်လွှဲပြောင်းမှု တစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ အခွန်နှင့်အခကင်းလွတ်ခွင့်ရရှိရန် ဝန်ကြီးဌာနသို့ လျှောက်ထားနိုင်သည်။

**ဘဏ်လုပ်ငန်းလုပ်ကိုင်ခွင့်အားရပ်ဆိုင်းထားခြင်း**

၁၁၁။ (က) ဤအခန်းပါ လုပ်ပိုင်ခွင့်များအပြင် ဗဟိုဘဏ်သည် ဘဏ်၏ အကျိုးအတွက်ဖြစ်စေ၊ ငွေအပ်နှံသူများ၏ အကျိုးစီးပွားနှင့်စုဆောင်းငွေများကို ကာကွယ်ရန်ဖြစ်စေ၊ ငွေကြေးစနစ်တည်ငြိမ်ရန်ဖြစ်စေ လိုအပ်သည်ဟု ထင်မြင်လျှင် အများပြည်သူသိရှိနိုင်ရန် အောက်ပါတို့ကို ထုတ်ပြန်ကြေညာရမည် -

(၁) အမိန့်တွင် ဘဏ်၏ ဘဏ်လုပ်ငန်းအားလုံး သို့မဟုတ် အချို့အဝက်ကို လုပ်ကိုင်ခွင့် တားမြစ် ပိတ်ပင်ခြင်း၊

(၂) ဘဏ်အား ဘဏ်လုပ်ငန်းနှင့်ဆက်နွှယ်သော လုပ်ငန်းတာဝန်များအားလုံး သို့မဟုတ် အစိတ်အပိုင်းကို ဆောင်ရွက်ခြင်းကို တားမြစ်ပိတ်ပင်ခြင်း၊

(၃) ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ် (၂) အရ တားမြစ်ထားသော ကာလအတွက် အကျိုးသက်ရောက်မှုရှိစေရန် ထိုတားမြစ်သည့်ကာလအတွင်း ဤဥပဒေအရ ထုတ်ပေးသည့် ဘဏ်၏ လိုင်စင်အား ရပ်ဆိုင်းထားခြင်း၊

( ၄ ) အထက်ပါပုဒ်မခွဲများပါပြဋ္ဌာန်းချက်များကို အကျိုးသက်ရောက်စေရန်အလို့ငှာ ဘဏ်၏ ပိုင်ဆိုင်ပစ္စည်းများ၊ စာအုပ်များနှင့် စာတမ်းအမှတ်အသားများကို ဗဟိုဘဏ်က ထိန်းချုပ်ကွပ်ကဲခြင်း သို့မဟုတ် ထိန်းသိမ်းခြင်းအပါအဝင် မရှောင်လွှဲနိုင်သော အကျိုးသက်ရောက်မှုများ၊ နောက်ဆက်တွဲကိစ္စများအတွက် သတ်မှတ်ခြင်း။

( ခ ) အခါအားလျော်စွာ ပုဒ်မခွဲ (က) အရ ထုတ်ပြန်သော အမိန့်ကိုပြင်ဆင်ခြင်း၊ ပြောင်းလဲခြင်း၊ အစားထိုးခြင်း ပြုနိုင်သည်။ ထိုသို့လက်တွေ့ဆောင်ရွက်ရန် မဖြစ်နိုင်လျှင် သို့မဟုတ် တရားမျှတမှုမရှိလျှင် ပုဒ်မခွဲ (က) အရ နောက်ထပ် အမိန့်ကို ထုတ်ဆင့်နိုင်သည်။

( ဂ ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) အရ ထုတ်ဆင့်သည့် အမိန့်နှင့် ပုဒ်မခွဲ (ခ) အရ နောက်ထပ် ထုတ်ပြန်သော အမိန့်ကို ရုပ်သိမ်းနိုင်သည်။ ထို့ပြင် ဗဟိုဘဏ်သည် လိုအပ်သည်ဟု ထင်မြင်လျှင် အဆိုပါအမိန့်တွင် လိုအပ်သော ညွှန်ကြားချက် သို့မဟုတ် ဆက်နွှယ်သော နောက်ဆက်တွဲ သဘောသဘာဝရှိသည်များကို ထည့်သွင်းထုတ်ပြန်နိုင်သည်။

## အခန်း (၁၆)

## ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ဇယားဝင်အဖွဲ့အစည်းများ ပြန်လည်ထူထောင်ခြင်း

၁၁၂။ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဇယားဝင်အဖွဲ့အစည်းများကို လုပ်ထုံးလုပ်နည်း များနှင့်အညီ ပြန်လည်ထူထောင်နိုင်သည်။

## အခန်း (၁၇)

## ဘဏ်များအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း၊ ဘဏ်အားလုပ်ငန်းဆောင်ရွက်ခြင်းမှဆန္ဒအလျောက် ရုပ်စဲခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် ကြိုတင်အတည်ပြုချက်

၁၁၃။ (က) ဗဟိုဘဏ်၏ စာဖြင့်ရေးသားထားသော အတည်ပြုချက်မရှိဘဲ ဘဏ်တစ်ခု၊ လက်ရှိ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်တစ်ခုအား ဆန္ဒအလျောက်ရုပ်စဲခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအတွက် မည်သူမျှ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားခွင့် မရှိစေရ။

( ခ ) အောက်ပါအချက်များအား ကျေနပ်မှုမရှိလျှင် ပုဒ်မခွဲ (က) အရ အတည်ပြုချက်အား ဗဟိုဘဏ်က ခွင့်မပြုရ-

( ၁ ) စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ကြွေးမြီများအားလုံးကို ပြန်လည် ပေးဆပ်နိုင်စွမ်းရှိပြီး ငွေအပ်နှံသူများနှင့် မြီရှင်များသို့ နှောင့်နှေးမှုမရှိဘဲ ပြန်လည် ပေးဆပ်နိုင်ခြင်း၊

(၂) ဘဏ်လုပ်ငန်း အစုရှယ်ယာရှင်များ၏ အစည်းအဝေးတစ်ခုတွင် မဲပေးပိုင်ခွင့်ရှိသော ရှယ်ယာပိုင်ရှင်များ၏ လေးပုံသုံးပုံထက်မနည်း ကိုယ်စားပြုထားသည့် သဘောတူညီချက်တစ်ခုအရ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်အား ရပ်စဲခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား အတည်ပြုပြီးဖြစ်ခြင်း။

(ဂ) အစိုးရအဖွဲ့၏ အတည်ပြုချက်မပါဘဲ ပြည်တွင်းလိုင်စင်ရ နိုင်ငံတော်ပိုင် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုအား ရပ်စဲခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကို နိုင်ငံခြားငွေရေးကြေးရေး အဖွဲ့အစည်း၏ စီမံအုပ်ချုပ်သူက စာဖြင့် ရေးသားထားသည့် တောင်းဆိုချက်မပါဘဲ နိုင်ငံတော်အတွင်း ပြည်ပငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခု၏ ဌာနခွဲအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း။

## ဆန္ဒအလျောက် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် စည်းကမ်းချက်များ

၁၁၄။ (က) ပုဒ်မ ၁၁၃၊ ပုဒ်မခွဲ (ခ) နှင့် (ဂ) တို့ အရ အတည်ပြုချက်တစ်ခုအား ဗဟိုဘဏ်မှ ခွင့်မပြုသေးမီ အဆိုပါဆန္ဒအလျောက်လုပ်ငန်းရပ်စဲမည့် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် အောက်ပါတို့ကို ပြီးစီးအောင် ဆောင်ရွက်ရမည်-

(၁) ဘဏ်တွင် အပ်နှံထားသည့်ငွေများကို ငွေအပ်နှံသူများသို့ ပြန်လည်ထုတ်ပေးပြီး ဖြစ်ရမည်။

(၂) ဤဥပဒေအရ ပေါ်ပေါက်သည့်ငွေရေးကြေးရေးပေးရန်တာဝန်များနှင့် ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ အားလုံးကို ပြန်လည်ပေးဆပ်ပြီးဖြစ်ကြောင်းနှင့် ယင်း၏ ယုံမှတ်အပ်နှံခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်အရ ၎င်းထံတွင်ရှိသည့် ငွေနှင့် အခြားပစ္စည်းများ အားလုံးကို ပြန်လည်ပေးအပ်ပြီး ဖြစ်ရမည်။

(ခ) ပုဒ်မခွဲ (က) အရ လိုအပ်ချက်များအပြင် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်သည်-

(၁) ဆောင်ရွက်နေဆဲ လုပ်ငန်းအားလုံးအား ဖျက်သိမ်းပြီး ဖြစ်ရမည်။

(၂) စာရင်းရှင်းလင်းဖျက်သိမ်းရန်ဖြစ်သည့် ဆောင်ရွက်ဆဲစီးပွားရေးလုပ်ငန်းများ အားလုံးအား ဖျက်သိမ်းပြီး အစီအစဉ်တကျ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား အကျိုးသက်ရောက်မှုရှိစေမည့် လိုအပ်သည့် အခွင့်အာဏာကိုသာလျှင် ကျင့်သုံးရမည်။

(ဂ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်နှင့် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်တို့နှင့် သက်ဆိုင်သည့် အစီရင်ခံစာများ စာရွက်စာတမ်းများ ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စီမံချက်အပါအဝင် အခြားသော သတင်းအချက်အလက်များကို တောင်းဆိုနိုင်သည်။

(ဃ) ဗဟိုဘဏ်သည် ပုဒ်မခွဲ (က) ပါလိုအပ်ချက်များကို ဖြည့်ဆည်းပြီးဖြစ်ကြောင်း သေချာမှုရှိစေရန်အတွက် ခွင့်ပြုချက်ရရှိအောင် ဆောင်ရွက်နေသော လူပုဂ္ဂိုလ်နှင့် စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်တို့ထံသို့ ညွှန်ကြားချက်ထုတ်ပြန်နိုင်သည်။

(င) စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်တစ်ခုသည် ပုဒ်မ ၁၁၃ နှင့် ဤပုဒ်မပါ လိုအပ်ချက်များအား မဖြည့်ဆည်းနိုင်လျှင် ဗဟိုဘဏ်သည် ဤဥပဒေ ပုဒ်မ ၉၇ အရ အုပ်ချုပ်သူတစ်ဦးအား ခန့်အပ်ရမည်။

**မိမိဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကို အကြောင်းကြားခြင်း**

၁၁၅။ (က) စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် ဖျက်သိမ်းခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းတို့အတွက် အောက်ပါအတိုင်း အကြောင်းကြားစာ ပေးပို့ရမည် -

(၁) ဗဟိုဘဏ်မှ ပုဒ်မ ၁၁၃ အရ အတည်ပြုချက် လက်ခံရရှိပြီး ၁၄ ရက်အတွင်း ကုမ္ပဏီမှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရန်၊

(၂) ငွေအပ်နှံသူများအားလုံးနှင့် အခြားမြီရှင်များအပြင် အခြားနည်းအားဖြင့် ဘဏ်တွင် ယုံမှတ်အပ်နှံထားသည့် ငွေနှင့်အခြားပစ္စည်းများကို ပြန်လည်လက်ခံရယူရမည့် သူများ၊ လုံခြုံမှုအရ အပ်နှံထားသည့်သေတ္တာကို ငှားရမ်းထားသူများ သို့မဟုတ် ယုံမှတ်အပ်နှံထားသူများထံသို့ ပေးပို့ရန်၊

(၃) ဘဏ်မှ ငွေချေးယူထားသော မြီစားများကို မိမိတို့၏ ချေးယူငွေများအား အမြန်ဆုံး ပြန်ဆပ်နိုင်ရေး အကြောင်းကြားစာ ပေးပို့ရန်၊

(၄) နိုင်ငံတော်အတွင်း အများပြည်သူသိရှိနိုင်ရန် သတင်းစာတွင် တစ်ကြိမ် ထုတ်ပြန် ကြေညာရမည်။

(၅) ဘဏ်လုပ်ငန်း အဓိကနေရာနှင့် အခြားရုံးများရှိ အများမြင်သာသည့် နေရာတွင် ကြေညာထားရန်၊

(ခ) ပုဒ်မခွဲ (က) တွင် ရည်ညွှန်းသည့် အကြောင်းကြားစာတွင်ပါရှိရမည့် သတင်း အချက်အလက်များကို ဗဟိုဘဏ်က သတ်မှတ်ပေးရမည်။

(ဂ) ဗဟိုဘဏ်သည် အောက်ပါအချက်တစ်ရပ်ရပ်ကို တွေ့ရှိလျှင် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်က ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၂) အရ ပုဂ္ဂိုလ်တစ်ဦးဦးထံ အကြောင်းကြားစာ ပေးပို့ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်-

(၁) ထိုသို့ ပြုလုပ်ရန် လက်တွေ့မကျကြောင်း၊

(၂) ထိုပုဂ္ဂိုလ်သည် ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့်စပ်လျဉ်း၍ အခြားသောနည်းဖြင့် လုံလောက်သည့် သတိပေးစာ ရရှိပြီးဖြစ်ကြောင်း။

**မြီရှင်များ၏ အခွင့်အရေးများ**

၁၁၆။ (က) ဖျက်သိမ်းခြင်း သို့မဟုတ် ဆန္ဒအလျောက် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား စတင်ရန် အတည်ပြုချက်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်တစ်ခု၏ ငွေအပ်နှံသူ

သို့မဟုတ် အခြားသော မြီရှင်သို့ ပေးချေရမည့် တောင်းခံမှုများအားလုံးအား တောင်းခံခွင့်များ သို့မဟုတ် ဘဏ်တွင် ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်း ပိုင်ရှင်၏ လုပ်ပိုင်ခွင့်များအား ထိခိုက်နစ်နာစေခြင်း မရှိစေရ။

(ခ) ဥပဒေနှင့်အညီ တောင်းခံမှုများအား ချက်ချင်းပေးရမည်ဖြစ်ပြီး စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ထိန်းသိမ်းထားသည့် ငွေ သို့မဟုတ် အခြားပစ္စည်းများအား ဗဟိုဘဏ်က သတ်မှတ်ပေးသည့် အမြင့်ဆုံးကာလအတွင်း ပိုင်ဆိုင်ခွင့်ရှိသူ ပိုင်ရှင်ထံ ပြန်လည်ပေးရမည်။

**လိုင်စင်အား ဖျက်သိမ်းခြင်းနှင့် ရရန်ပိုင်ခွင့်များအား ခွဲဝေခြင်း**

၁၁၇။ (က) ဖျက်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ပြီးစီးပါက အဆိုပါ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်သည် စာရင်းစစ်ဆေးပြီး ရှင်းတမ်းတစ်ခုနှင့် ပြင်ပစာရင်းစစ်၏ ထင်မြင်ချက်ပါဝင်သော အတည်ပြုပြီး ဘဏ်ကလက်ခံသည့် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီရင်ခံစာ တစ်စောင်ကို ပြင်ဆင်၍ ဗဟိုဘဏ်သို့ တင်ပြရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းစစ် ထင်မြင်ယူဆချက်တွင် အောက်ပါတို့ ပါဝင်ရမည် -

(၁) စာရင်းများသည် ပြည့်စုံမှန်ကန်စွာရေးဆွဲ ပြုစုထားကြောင်း၊

(၂) ဖျက်သိမ်းခြင်း သို့မဟုတ် စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း အစီရင်ခံစာသည် စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်၏ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို ပြည့်စုံမျှတ၍ သင့်တင့်လျောက်ပတ်စွာ ဖော်ပြထားကြောင်း၊

(၃) ပြင်ပစာရင်းစစ်သည် စာရင်းရှင်းလင်း ဖျက်သိမ်းမည့်ဘဏ်ထံမှ သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက် တောင်းခံရာတွင် လက်ခံရရှိသည့် သတင်းအချက်အလက် သို့မဟုတ် ရှင်းလင်းချက်များသည် တိကျမှန်ကန်စွာ ဖော်ပြထားကြောင်း၊

(၄) ဖျက်သိမ်းခြင်းနှင့် ဆန္ဒအလျောက်စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဗဟိုဘဏ်၏ ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ထားကြောင်း။

(ဂ) လက်ရှိစာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်က ပုဒ်မ ၁၁၄ တွင် ရည်ညွှန်းထားသည့် အတိုင်း ၎င်း၏ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် တာဝန်များအားလုံးကို ပုဒ်မခွဲ (က) အရ တင်ပြရမည့် အထောက်အထားများအပေါ် အခြေခံထားသည်ဟု ဗဟိုဘဏ်က ယူဆလျှင် -

(၁) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းဖျက်သိမ်းမည့်ဘဏ်၏ လိုင်စင်အား ဖျက်သိမ်း၍ ဤဥပဒေ ပုဒ်မ ၁၁၅ ၏ ပြဋ္ဌာန်းချက်များနှင့်အညီ ဖျက်သိမ်းမှုအား အကြောင်းကြားရမည်။

(၂) ဘဏ်သည် ရရန်ပိုင်ခွင့်အမှန်ရှိသော ပိုင်ရှင်များအား ၎င်းတို့၏ ရရန်ပိုင်ခွင့်များကို ၎င်းတို့ ရရှိရမည့် အချိုးအတိုင်း ခွဲဝေပေးရမည်။

(ဃ) စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် အောက်ဖော်ပြပါကိစ္စရပ်များ မဆောင်ရွက်မီ ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ်(၂) အရ ခွဲဝေမှုများကိုမပြုလုပ်ရ-

(၁) တရားရုံးကဆုံးဖြတ်သတ်မှတ်ချက်အရ ပေးချေရမည့် သို့မဟုတ် ပြန်လည်ပေးရမည့် ငွေများ သို့မဟုတ် အခြားပစ္စည်းများနှင့်စပ်လျဉ်း၍ အငြင်းပွားနေသည့် တောင်းခံမှုများကို ဖြည့်ဆည်းရန် လုံလောက်သော ငွေကြေးအား ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

(၂) ငွေအပ်နှံသူများအားလုံး၊ အခြားမြီရှင်များ သို့မဟုတ် ရန်ပုံငွေများတောင်းခံခြင်း မပြုရသေးသည့် ပုဂ္ဂိုလ်များအား ပေးရန်ရှိသည့် ရန်ပုံငွေများကိုပေးရန် ဗဟိုဘဏ်သို့ လွှဲပြောင်းပေးပို့ခြင်း၊

(၃) ပုဒ်မ ၁၅၂ ကို လိုက်နာဆောင်ရွက်ခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်း ဖျက်သိမ်းမည့် ဘဏ်က ထိန်းသိမ်းထားသည့်ငွေများနှင့် အခြားပစ္စည်းများကို ပုဒ်မခွဲ (ဂ)၊ ပုဒ်မခွဲငယ် (၂) အရ အဆိုပါပုဂ္ဂိုလ်များသို့ ခွဲဝေနိုင်မှုမရှိခြင်း။

(င) ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် ဘဏ်၏ ရရန်ပိုင်ခွင့်များမှ ကုန်ကျစရိတ်၊ တောင်းခံငွေနှင့် အသုံးစရိတ်အားလုံး ဦးစားပေး ပေးချေရမည်။

(စ) ပုဒ်မခွဲ (က) အရ တင်ပြထားသည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအစီရင်ခံစာနှင့် စာရင်းစစ်ထားသည့် စာရင်းရှင်းတမ်းများအတွက် အတည်ပြုကြောင်း သတိပေးစာတစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်ထံမှ လက်ခံရရှိသောအခါ စာရင်းရှင်းလင်းဖျက်သိမ်းမည့် ဘဏ်သည် ယင်းသတိပေးစာအား အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာရမည်။

(ဆ) ပုဒ်မခွဲ (စ) အရ ထိုကဲ့သို့ အတည်ပြု သတိပေးစာအား ထုတ်ပြန်ခြင်းနှင့်ပတ်သက်၍ ကုမ္ပဏီများ၏ မှတ်ပုံတင်အရာရှိထံတွင် ကုမ္ပဏီအမည်အား စာရင်းမှ ပယ်ဖျက်ရမည်။

(ဇ) ပုဒ်မခွဲ (စ) အရ သတိပေးစာ ထုတ်ပြန်သည့်အချိန်မှစ၍ ဘဏ်သည် တရားဝင်ဖျက်သိမ်းပြီး ဖြစ်ရမည်။

(ဈ) ပုဒ်မခွဲ (ဆ) အရ ဘဏ်တစ်ခုအား ဖျက်သိမ်းခြင်းသည် ဘဏ်၏ ပိုင်ရှင်၊ ဒါရိုက်တာ၊ အမှုဆောင်အရာရှိချုပ် သို့မဟုတ် အခြားသောအရာရှိတစ်ဦးဦးနှင့်စပ်လျဉ်း၍ ဤဥပဒေနှင့်တည်ဆဲဥပဒေတစ်ရပ်ရပ်အရ သို့မဟုတ် ဤဥပဒေအရပေးရန် တာဝန်ရှိသည်များအပေါ် အကျိုးသက်ရောက်မှု မရှိစေရ။ သို့ရာတွင် အဆိုပါပေးရန် တာဝန်ကို ဘဏ်အား တရားဝင်ဖျက်သိမ်းမှု မပြုရသေးသကဲ့သို့ ဆက်လက်အကျိုးသက်ရောက်မှု ရှိစေရမည်။

**မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း**

၁၁၈။ ဗဟိုဘဏ်သည် အောက်ပါအကြောင်းတစ်ရပ်ရပ်ပေါ်ပေါက်လျှင် ဘဏ်တစ်ခုခုအား မဖြစ်မနေ စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်ရမည်-

(က) ဘဏ်သည် ပေးချေရန် အချိန်စေ့ရောက်သည့် ငွေရေးကြေးရေး ပေးရန်တာဝန်များကို ပြန်လည်မပေးဆပ်နိုင်ခြင်း၊

(ခ) ဘဏ်လုပ်ငန်း၏ မတည်ငွေရင်းသည် ဤဥပဒေအရ ဘဏ်က ထိန်းသိမ်းထားရှိရသည့် အနည်းဆုံး မတည်ငွေရင်း၏ ထက်ဝက်အောက် လျော့နည်းနေသည်ဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဂ) ဘဏ်၏ ရရန်ပိုင်ခွင့်တန်ဖိုးသည် ကြွေးမြီတန်ဖိုးအောက် လျော့နည်းနေခြင်း သို့မဟုတ် ဘဏ်သည် ကြွေးမြီပေးဆပ်နိုင်စွမ်း မရှိဟု ဗဟိုဘဏ်က သတ်မှတ်ဆုံးဖြတ်ခြင်း၊

(ဃ) ပုဒ်မ ၉၇ အရ ခန့်ထားသည့် အုပ်ချုပ်သူက ဘဏ်အား စာရင်းရှင်းလင်း ဖျက်သိမ်းရန် အကြံပြုခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်**

၁၁၉။ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကိစ္စရပ်များတွင် ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်အဖြစ် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များက ဆောင်ရွက်နိုင်သည်-

(က) နိုင်ငံပိုင်ဘဏ် မဟုတ်သည့် ပြည်တွင်းဘဏ် တစ်ခုအတွက် ဘဏ်ပိုင်ဆိုင်သူများက ၎င်းတို့၏ ကိုယ်စားလှယ်အဖြစ် အခြားပုဂ္ဂိုလ်တစ်ဦးအား ခန့်အပ်ထားခြင်းမရှိပါက ဘဏ်ဒါရိုက်တာအဖွဲ့၏ ဥက္ကဋ္ဌရာထူးအား လက်ရှိဆောင်ရွက်နေသူ သို့မဟုတ် ၎င်းက အခွင့်အာဏာ အပ်နှင်းထားသည့် ကိုယ်စားလှယ်၊

(ခ) နိုင်ငံပိုင်ဘဏ်တစ်ခုအတွက် အစိုးရအဖွဲ့ သို့မဟုတ် ၎င်းဘဏ်က အခွင့်အာဏာအပ်နှင်းခြင်း ခံရသူ၊

(ဂ) နိုင်ငံခြားဘဏ်တစ်ခု၏ လက်အောက်ခံဘဏ် သို့မဟုတ် ဘဏ်ခွဲတစ်ခုအတွက် နိုင်ငံခြားဘဏ်၏ အမှုဆောင်အရာရှိချုပ် သို့မဟုတ် ၎င်း၏လက်ထောက်။

**စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန်အတွက် လျှောက်ထားခြင်း**

၁၂၀။ ဗဟိုဘဏ်သည် ဘဏ်အား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း စတင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထားနိုင်သည်။

**လျှောက်ထားခြင်းအား ပယ်ချခြင်း**

၁၂၁။ ဘဏ်စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းအား လျှောက်ထားသည့်စာသည် အောက်ပါအကြောင်း တစ်ရပ်ရပ်နှင့် ငြိစွန်းလျှင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်က ပယ်ချနိုင်သည်-

(က) ပုဒ်မ ၁၁၈၊ ပုဒ်မခွဲ (က) နှင့်သက်ဆိုင်သည့် အကြောင်းအချက်များ မပါရှိခြင်း၊

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် လိုအပ်သောအထောက်အထားများ လျှောက်လွှာတွင် ပူးတွဲ တင်ပြမှုမရှိခြင်း၊

(ဂ) သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်လွှာနှင့် အတူ ပူးတွဲတင်ပြသည့် စာတမ်းအမှတ်အသား သို့မဟုတ် အထောက်အထားသည် မှားယွင်းကြောင်း ထင်ရှားခြင်း သို့မဟုတ် တိကျခိုင်မာမှုမရှိခြင်းနှင့်ဥပဒေအရ လိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်မည့် အထောက်အထားနှင့် စာတမ်းအမှတ်အသားများ လျှောက်လွှာတွင် ပူးတွဲမပါရှိခြင်း၊

(ဃ) ဘဏ်ပိုင်ဆိုင်သူများ၏ ကိုယ်စားလှယ်သည် ဗဟိုဘဏ်၏ သဘောတူညီချက်ဖြင့် လုံလောက်သော ငွေကြေးရန်ပုံငွေကို ဘဏ်အနေဖြင့် မတည်ရင်းနှီးငွေအဖြစ် ချက်ချင်း ရရှိနိုင်မည်ဖြစ်ကြောင်း တင်ပြနိုင်ခြင်း၊

(င) လျှောက်လွှာသည် နိုင်ငံတော်အစိုးရပိုင် ပြည်တွင်းဘဏ်တစ်ခုအတွက်ဖြစ်ပါက ဘဏ်၏ ပေးရန်တာဝန်များအားလုံးကို ပေးချေမည်ဖြစ်ကြောင်း စာဖြင့်ရေးသားထားသည့် အာမခံစာကို တင်ပြခြင်း၊

(စ) လျှောက်လွှာသည် ဥပဒေ၏ အခြားသော လိုအပ်ချက်တစ်ရပ်ရပ်ကို မဖြည့်ဆည်းနိုင်ခြင်း။

**စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိခန့်အပ်ခြင်း**

၁၂၂။ ဘဏ်တစ်ခုအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်းစတင်ရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်၏ ဆုံးဖြတ်ချက်အရ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သည် ဗဟိုဘဏ်ကိုဖြစ်စေ၊ ဗဟိုဘဏ်က အမည်စာရင်းပေးသည့် ပုဂ္ဂိုလ်တစ်ဦး သို့မဟုတ် ပုဂ္ဂိုလ်များကိုဖြစ်စေ စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ် ခန့်အပ်ရမည်။

**ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်း**

၁၂၃။ (က) ဘဏ်အား စာရင်းရှင်းလင်းဖျက်သိမ်းရာတွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိသည် ဗဟိုဘဏ်၏ ကြိုတင်သဘောတူညီချက်ရယူ၍ ဘဏ်၏ မြီစား၊ မြီရှင်တစ်ဦးဦး၏ တောင်းဆိုလွှာများအပေါ်တွင် ညှိနှိုင်းထားသည့် စာရင်းရှင်းလင်းခြင်းများကို ပြုလုပ်ဆောင်ရွက်နိုင်သည်။

(ခ) စာရင်းရှင်းလင်းချက်များကို ဆန့်ကျင်ခြင်း၊ ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် အယူခံဝင်ခြင်းများအရ မဖြစ်စေရ။

**ဦးစားပေးရမည့် ပေးချေမှုများ**

၁၂၄။ ဘဏ်၏ ရရန်ပိုင်ခွင့်များကို အောက်ပါဦးစားပေးအစီအစဉ်အရ မြီရှင်များအကြား ခွဲဝေပေးရမည်-

(က) အာမခံဖြင့်ကြွေးမြီများ၊

(ခ) လူမွဲစာရင်းခံယူရာတွင် ကုန်ကျငွေနှင့်စရိတ်အားလုံး၊

(ဂ) ကြွေးမြီသက်သေခံလက်မှတ်များပုံစံဖြင့် မဟုတ်ဘဲ အပ်နှံငွေနှင့်ပတ်သက်၍ တောင်းခံမှုများ၊

(ဃ) စီမံခန့်ခွဲခြင်း၊ ပြန်လည်ထူထောင်ခြင်းနှင့် ဗဟိုဘဏ်သို့ ပေးရန်ရှိသော ပေးရန်တာဝန်များ စာရင်းအရ ဘဏ်၏ ပေးရန်တာဝန်များ၊

(င) စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အဆုံးအဖြတ်မတိုင်မီ တစ်နှစ်ထက်မပိုသော အချိန်ကာလတစ်ခုထိ ပေးရန်ရှိသော နိုင်ငံတော်နှင့် ပြည်တွင်းအခွန်အခများ၊

(စ) ဒါရိုက်တာအဖွဲ့ဝင်များ၏ လစာငွေများမပါဝင်ဘဲ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကိစ္စရပ်ပြုလုပ်ရန် အဆုံးအဖြတ်ပေးသောနေ့အထိ ပေးရန်ရှိသော ဘဏ်၏ ဝန်ထမ်းများသို့ ပေးရန် လစာငွေများ၊

(ဆ) အာမခံမဲ့မြီရှင်များ၏ တောင်းခံငွေများ၊

(ဇ) ပုဒ်မခွဲ (က) မှ (စ) တွင် မပါဝင်သော အခြားတောင်းခံငွေများ။

## နယ်စပ်ဖြတ်ကျော် ကြွေးမြီများကို ပြန်လည်ပေးဆပ်နိုင်စွမ်းမရှိခြင်း

၁၂၅။ (က) စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းကို နယ်စပ်ဖြတ်ကျော် ဆောင်ရွက်ရာတွင် ဘဏ်၏ ရရန်ပိုင်ခွင့်စုစုပေါင်းကို ပြည်တွင်းနေထိုင်သူနှင့် ပြည်တွင်းနေထိုင်သူ မဟုတ်သူ မြီရှင်များ တန်းတူအခွင့်အရေး ရရှိအောင် ဆောင်ရွက်ရန်အလို့ငှာ -

(၁) စာရင်းရှင်းလင်းဖျက်သိမ်းသည့် ဘဏ်သည် နိုင်ငံခြားတိုင်းပြည်တွင် လုပ်ငန်းခွဲရှိလျှင် ထိုနိုင်ငံရှိ အာဏာပိုင်များနှင့် ပူးပေါင်းလုပ်ဆောင်ရမည်။

(၂) စာရင်းရှင်းလင်း ဖျက်သိမ်းသည့် ဘဏ်၏ မြီရှင်တစ်ဦးသည် နိုင်ငံခြားတိုင်းပြည်တွင် ထိုသူ၏ တောင်းခံလွှာအပေါ် တစ်စိတ်တစ်ပိုင်းပေးချေမှု ရရှိထားလျှင် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ စာရင်းရှင်းလင်းဖျက်သိမ်းခြင်း အစီအစဉ်လုပ်ဆောင်ရာတွင် ကျသင့်သော ကုန်ကျစရိတ်များနှင့်အတူ ပေးချေမှုအတွက် ထိုသူတောင်းခံလွှာ၏ လက်ကျန်ရှင်းတမ်းကို တင်ပြရမည်။

(၃) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲနှင့်ပတ်သက်၍ သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆောင်ရွက်သော စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း ဆောင်ရွက်မှုတွင် နိုင်ငံခြားဘဏ်ခွဲသည် နိုင်ငံခြားတွင် ကြွေးမြီများ မည်သည့်အတိုင်းအတာအထိ အပြည့်အဝ ပေးဆပ်နိုင်ခြင်းရှိသည်ကို သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ ဆုံးဖြတ်နိုင်သည်။

(၄) နိုင်ငံခြားဘဏ်ခွဲသည် ၎င်း၏လုပ်ငန်း အဓိကဆောင်ရွက်သောနိုင်ငံတွင် စာရင်းရှင်းလင်းဖျက်သိမ်းလျှင် နိုင်ငံခြားဘဏ်ခွဲအနေဖြင့် မြန်မာနိုင်ငံတွင် အပ်နှံသူများနှင့်ထိုနိုင်ငံခြားဘဏ်ခွဲ၏ မြီရှင်များအကျိုးစီးပွားအတွက် အကြံဉာဏ်များ

ပေးနိုင်ပြီး မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲ၏ အဆိုပါရရန်ပိုင်ခွင့်များကို ထိုနိုင်ငံရှိ စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိထံသို့ နိုင်ငံခြားဘဏ်ခွဲ၏ တောင်းဆိုချက်ဖြင့် လွှဲပြောင်းရန် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်မှ အခွင့်အာဏာပေးနိုင်သည်။

(ခ) နိုင်ငံခြားဘဏ်ခွဲ၏ ပြည်တွင်းနေထိုင်သူမဟုတ်သူ မြီရှင်များ၏ တောင်းခံလွှာများ၊ ပေးရန်တာဝန်များကို ခုနှိမ်ခြင်း သို့မဟုတ် အသားတင်ခြားနားခြင်း ဆောင်ရွက်နိုင်ခွင့် မရှိသကဲ့သို့ နိုင်ငံခြားဘဏ်ခွဲကို စာရင်းရှင်းလင်းဖျက်သိမ်းခြင်းတွင်လည်း ပါဝင်ခွင့် မပြုရ။

(ဂ) မြန်မာနိုင်ငံရှိ နိုင်ငံခြားဘဏ်ခွဲအပေါ် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ဆောင်ရွက်ရာတွင် ၎င်းဘဏ်ခွဲကို ပိုင်ဆိုင်သည့် နိုင်ငံခြားဘဏ်ခွဲ၏ မြီရှင်များ၏ တောင်းခံလွှာများအတွက် ပြည်ပရရန်ပိုင်ခွင့်များရယူခြင်း၌ မြီရှင်များ၏အခွင့်အရေးများကို ကန့်သတ်ခြင်းမရှိစေရ။

၁၂၆။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုသတ်မှတ်နိုင်သည်-

(က) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းအတွက် လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ၊

(ခ) စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ၏ တာဝန်နှင့်စည်းမျဉ်းစည်းကမ်းများ၊

(ဂ) နောက်ဆုံး ငွေပေးချေခြင်း၊ ရှင်းလင်းခြင်းနှင့် ညှိနှိုင်းဖြေရှင်းခြင်းစနစ်များ၊

(ဃ) ခုနှိမ်ခြင်းနှင့် အသားတင်ခြားနားခြင်း လုပ်ငန်းစဉ်များ၊

(င) ဖြန့်ဝေခြင်းအတွက်လုပ်ငန်းစဉ်များ၊

(စ) နိုင်ငံခြားဘဏ်ခွဲနှင့်သက်ဆိုင်သည့် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း လုပ်ငန်းစဉ်၊

(ဆ) စာရင်းရှင်းလင်းဖျက်သိမ်းခြင်းကိုရပ်စဲခြင်း။

၁၂၇။ (က) မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေ၊ အထူးကုမ္ပဏီအက်ဥပဒေနှင့် ကုမ္ပဏီများ လူမွဲခံယူခြင်းနှင့်သက်ဆိုင်သော အခြားဥပဒေ၏ ပြဋ္ဌာန်းချက်များသည် ဤအခန်းတွင် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိလျှင် ဘဏ်တစ်ခုအား အကျိုးသက်ရောက်ခြင်းမရှိစေရ။

(ခ) ဘဏ်တစ်ခုအတွက် အပြီးသတ်အမိန့် သို့မဟုတ် ထိန်းသိမ်းသူခန့်ထားခြင်းနှင့် စပ်လျဉ်းသည့် မည်သည့်အသနားခံစာကိုမဆို စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကသာ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်သို့ လျှောက်ထား တင်ပြရမည်။

## အခန်း (၁၈)

## အီလက်ထရောနစ် ငွေကြေး၊ အီလက်ထရောနစ် ဘဏ်လုပ်ငန်းနှင့် မိုဘိုင်းဘဏ်လုပ်ငန်း

၁၂၈။ အီလက်ထရောနစ်ငွေကြေး ဆိုသည်မှာ အောက်ပါနည်းလမ်းတစ်ရပ်ရပ်အရ ကတ်ထုတ်ဝေသူ အပေါ် တောင်းခံနိုင်သည့် ငွေကြေးတန်ဖိုးကို ဆိုသည် -

(က) ကတ်တစ်ခုခုအပါအဝင် ငွေကြေးတန်ဖိုး သိုမှီးထားသော အီလက်ထရောနစ် ကိရိယာ၊

( ခ ) လက်ခံရရှိသည့် ငွေကြေးတန်ဖိုးထက်မပိုသည့် ထုတ်ပေးရန်ငွေပမာဏ၊

( ဂ ) ကတ်ထုတ်ဝေသူအပါအဝင် အခြားပုဂ္ဂိုလ်များက ငွေပေးချေမှု နည်းလမ်းအဖြစ် လက်ခံခြင်း။

**အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ဝေခြင်းနှင့်ဆိုင်သောကန့်သတ်ချက်များ**

၁၂၉။ (က) မည်သူမျှ အောက်ပါအချက်တစ်ရပ်ရပ်နှင့် မကိုက်ညီလျှင် အီလက်ထရောနစ် ငွေကြေးကိုဖြစ်စေ၊ ချေးငွေတိုကင်ကိုဖြစ်စေ အများပြည်သူသို့ ထုတ်ပေးခြင်းမပြုရ -

(၁) ဘဏ်တစ်ခုခုဖြစ်ခြင်း၊ သို့မဟုတ်

(၂) ၎င်း၏ရည်ရွယ်ချက်အတွက် ဗဟိုဘဏ်က မှတ်ပုံတင်ပြုလုပ်ပေးထားသည့် ငွေရေးကြေးရေး အဖွဲ့အစည်းတစ်ခုခုဖြစ်ခြင်း။

( ခ ) အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်အတွက် သုံးစွဲနိုင်သည့်ကာလနှင့် ၎င်းကို မည်သို့ပြန်လည်ပေးဆပ်မည်ဟူသော စည်းကမ်းသတ်မှတ်ချက်များပါရှိသည့် အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ထုတ်ပေးသူနှင့် လက်ခံသူတို့အကြား ချုပ်ဆိုထားသည့် သဘောတူညီချက်အရ အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ထုတ်ဝေနိုင်သည်။

**အီလက်ထရောနစ်ငွေကြေးနှင့် ချေးငွေတိုကင်ကို ကြပ်မတ်ကွပ်ကဲခြင်း**

၁၃၀။ ဗဟိုဘဏ်သည် -

(က) ပုဂ္ဂိုလ်တစ်ဦးက အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို အများပြည်သူထံ ထုတ်ပေးခြင်းမပြုနိုင်မီ ဗဟိုဘဏ်ထံတွင် မှတ်ပုံတင်ခွင့်ရရှိရေးအတွက် စည်းကမ်းချက်များ၊ လိုအပ်ချက်များနှင့် ဗဟိုဘဏ်က ယင်းမှတ်ပုံတင်ကို ဖျက်သိမ်းရမည့် သို့မဟုတ် ဖျက်သိမ်းနိုင်သည့် အခြေအနေကို သတ်မှတ်နိုင်သည်။

( ခ ) အီလက်ထရောနစ် ငွေကြေးအသုံးပြုသူများ၏ ငွေကြေးလုံခြုံရေး၊ စာရင်းရေးသွင်းချက်နှင့်သတင်းပေးပို့ချက်များ အပါအဝင် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ လိုအပ်ချက်များကို သတ်မှတ်နိုင်သည်။

( ဂ ) အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ကို ထုတ်ပေး၊ လက်ခံအသုံးပြုသည့် ပုဂ္ဂိုလ်များအကြား စာချုပ်စည်းကမ်းချက်များ၊ အစီအစဉ်များနှင့် ငွေပေးချေမှု လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဃ) အီလက်ထရောနစ် ငွေကြေးလုပ်ငန်းကို စစ်ဆေးမှုလွယ်ကူစေရန် အီလက်ထရောနစ် ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူများအပေါ် စည်းမျဉ်းများ သတ်မှတ်နိုင်သည်။

၁၃၁။ အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင်ထုတ်ဝေသူတစ်ဦးဦးသည် ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကိုသော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့် စည်းမျဉ်းများကို သော်လည်းကောင်း ချိုးဖောက်လျှင် ဤဥပဒေအရ ပြစ်မှုမြောက်သည်။

**အီလက်ထရောနစ်ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ**

၁၃၂။ (က) ဗဟိုဘဏ်သည် နိုင်ငံတော်တွင် အင်တာနက် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများ၊ မိုဘိုင်းဘဏ်လုပ်ငန်းနှင့်အခြားအီလက်ထရောနစ် ဘဏ်လုပ်ငန်းများပါဝင်သော အီလက်ထရောနစ်ဘဏ်ဝန်ဆောင်မှုများအတွက် စနစ်များနှင့်လုပ်ထုံးလုပ်နည်းများ တည်ထောင်ဖွံ့စည်းရေးအတွက် ခွင့်ပြုပေးနိုင်သည်။

(ခ) ဗဟိုဘဏ်သည် အောက်ပါတို့အတွက် လိုအပ်သောစည်းမျဉ်းများနှင့် လမ်းညွှန်ချက်များကို ထုတ်ပြန်နိုင်သည် -

(၁) ငွေရေးကြေးရေးဈေးကွက်တည်ငြိမ်မှုကို အန္တရာယ်ရှိစေနိုင်သော သို့မဟုတ် ငွေပေးချေမှုစနစ်တွင် ယုံကြည်မှုလျော့နည်းစေနိုင်သည့် စနစ်ဆိုင်ရာဆုံးရှုံးနိုင်ခြေများနှင့် အခြားဆုံးရှုံးနိုင်ခြေများကို လျော့နည်းပပျောက်စေရန်၊

(၂) ဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်သူများအား ၎င်းတို့၏ အခွင့်အရေးနှင့်တာဝန်များကို ပညာပေးရေးနှင့် အကာအကွယ်ပေးရေးအတွက် အဖွဲ့အစည်းများအား အားပေးတိုက်တွန်းရန်၊

(၃) အသုံးပြုသူများနှင့် စီးပွားရေးလုပ်ငန်းများထံ အီလက်ထရောနစ်ဝန်ဆောင်မှုများ မှတစ်ဆင့် ထိရောက်ပြီး ဆုံးရှုံးနိုင်ခြေနည်းပါးသည့် ငွေပေးချေမှုနှင့် ငွေကြေးဝန်ဆောင်မှုများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(၄) အဖွဲ့အစည်းများသည် အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများဆိုင်ရာ စံသတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်စေရန်၊

(၅) အီလက်ထရောနစ် ဘဏ်ဝန်ဆောင်မှုများ ဖွဲ့စည်းတည်ထောင်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့် လုပ်ငန်းစဉ်များသတ်မှတ်ရန်။

## အခန်း (၁၉)

## ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှု စနစ်ကို ကြီးကြပ်ထိန်းကျောင်းခြင်း

**ငွေပေးချေမှုစနစ်မူဝါဒ**

၁၃၃။ (က) ဗဟိုဘဏ်သည် နိုင်ငံတော်၏ငွေပေးချေမှု မူဝါဒအကောင်အထည်ဖော်ရေးကို စနစ်တကျစီစဉ်ဖော်ထုတ်ခွင့်၊ ချမှတ်ကျင့်သုံးခွင့်နှင့် စောင့်ကြပ်ကြည့်ရှုခွင့် လုပ်ပိုင်ခွင့်များရှိသည်။

(ခ) လုံခြုံမှုနှင့်ထိရောက်မှုရှိသော ငွေပေးချေမှုစနစ် တိုးမြှင့်ဆောင်ရွက်ရေးတွင် ဗဟိုဘဏ်သည် အခြားနိုင်ငံများ၏ ဗဟိုဘဏ်များနှင့်ဖြစ်စေ၊ အဆင့်တူအဖွဲ့အစည်းများ၊ အခြားသက်ဆိုင်ရာ ပြည်တွင်းပြည်ပအာဏာပိုင်အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်ရမည်။

**ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်များ**

၁၃၄။ ဗဟိုဘဏ်သည် အောက်ပါတို့ကိုဆောင်ရွက်ရန် လုပ်ပိုင်ခွင့်ရှိသည် -

(က) ငွေပေးချေမှုနှင့်စာရင်းရှင်းလင်းမှုစနစ်များကို စည်းမျဉ်းစည်းကမ်းသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းကို ဆောင်ရွက်ရန်၊

(ခ) ဗဟိုဘဏ်တွင် ထိန်းသိမ်းထားသော ငွေချေးသက်သေခံလက်မှတ် စာရင်းများရှိ ငွေချေးသက်သေခံလက်မှတ်များအား စာရင်းရှင်းလင်းရေး ဆောင်ရွက်ရန်၊

(ဂ) အများပြည်သူထံ ငွေကြေးဝန်ဆောင်မှုပေးသူများနှင့်အခြားငွေပေးချေမှု စာချုပ်စာတမ်းပုံစံဖြင့် ထုတ်ပေးသူများအား စည်းမျဉ်းများသတ်မှတ်ခြင်း၊ ကြီးကြပ်ခြင်းနှင့် စောင့်ကြည့်စစ်ဆေးခြင်းတို့ကို ဆောင်ရွက်ရန်၊

(ဃ) အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်းကို ဆောင်ရွက်ပေးရန်။

၁၃၅။ ဗဟိုဘဏ်သည် အောက်ပါတို့ကို တည်ထောင်ခြင်း၊ လုပ်ငန်းဆောင်ရွက်ခြင်း၊ စည်းရုံး ဖွဲ့စည်းဆောင်ရွက်ခြင်းနှင့် တိုးမြှင့်ခြင်းတို့ဆောင်ရွက်ရာတွင် လွယ်ကူအဆင်ပြေရန် လိုအပ်သော လုပ်ငန်းတည်ထောင်မှု၊ လုပ်ငန်းလည်ပတ်ဆောင်ရွက်မှု၊ စည်းရုံးဖွဲ့စည်းမှု၊ လုပ်ငန်းမြှင့်တင်မှု၊ ပါဝင်ဆောင်ရွက်မှု သို့မဟုတ် အကူအညီပေးမှုများပြုနိုင်ပြီး လိုအပ်သော စည်းမျဉ်းစည်းကမ်းများ ထုတ်ပြန်ခြင်းနှင့် ကြီးကြပ်ခြင်းတို့ပြုနိုင်သည် -

(က) ပြည်တွင်းငွေကြေးဖြင့်လည်းကောင်း၊ နိုင်ငံခြားငွေဖြင့်လည်းကောင်း ငွေပေးချေမှုများ ပြုလုပ်ခြင်း သို့မဟုတ် ငွေလဲလှယ်ခြင်းများအတွက် စာရင်းရှင်းလင်းခြင်းနှင့် ပေးချေမှုစနစ် သို့မဟုတ် အခြားအစီအစဉ်များ၊

(ခ) ငွေချေးသက်သေခံလက်မှတ်များ စာရင်းရှင်းလင်းခြင်းအတွက် စနစ်တစ်မျိုးမျိုးနှင့်ငွေချေးသက်သေခံလက်မှတ် လဲလှယ်ခြင်းအတွက် အခြားအစီအစဉ်များ၊

(ဂ) စာရင်းရှင်းလင်းခြင်းနှင့်ပေးချေမှုကို ငွေကြေးတစ်ခုမှ အခြားငွေကြေးတစ်ခုဖြင့် ပြုလုပ်ခြင်းနှင့် လဲလှယ်ခြင်း သို့မဟုတ် ငွေချေးသက်သေခံလက်မှတ်များ လဲလှယ်ရောင်းဝယ်ခြင်းကို ငွေကြေးတစ်မျိုးမှ အခြားငွေကြေးတစ်မျိုးဖြင့် ပြုလုပ်သောစနစ် သို့မဟုတ် အခြားအစီအစဉ်များ။

၁၃၆။ (က) ငွေပေးချေမှုအဖြစ်အသုံးပြုသော ချက်လက်မှတ်များနှင့် အီလက်ထရောနစ်နည်းလမ်းများအပါအဝင်အခြားနည်းလမ်းများကို စာရင်းရှင်းလင်းရန်အလို့ငှာ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) များကို လိုအပ်သည့်နေရာများတွင် ဖွဲ့စည်းတည်ထောင်နိုင်သည်။

(ခ) ဗဟိုဘဏ်သည် စာရင်းရှင်းလင်းရေးစနစ် (clearing and settlement system) နှင့် စာရင်းရှင်းလင်းရေးအဖွဲ့များ (clearing houses) နှင့်စပ်လျဉ်း၍ အောက်ဖော်ပြပါ

ဆောင်ရွက်ချက်များအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဗဟိုဘဏ်က သတ်မှတ်သော စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ရန်အခွင့်အာဏာရှိသည်-

(၁) ဆုံးရှုံးမှုမျှဝေကျခံခြင်း (loss-sharing mechanism) အပါအဝင် ဗဟိုမှပြန်လှန်စာရင်းရှင်းလင်းသူ (Central counter - party) အဖြစ် ပါဝင်ဆောင်ရွက်ခြင်း၊

(၂) ငွေရေးကြေးရေးရရန်ပိုင်ခွင့်များကို ထိန်းသိမ်းပေးသူအဖြစ်လည်းကောင်း သို့မဟုတ် စာရင်းရှင်းလင်းရေး ကိုယ်စားလှယ်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်း သို့မဟုတ် နှစ်ခုလုံးကို ဆောင်ရွက်ခြင်း၊

(၃) စာရင်းရှင်းလင်းရေးအဖွဲ့ (clearing house) မှဖြစ်စေ၊ ပါဝင်ဆောင်ရွက်သူမှဖြစ်စေ၊ ဗဟိုမှ ပြန်လှန်စာရင်းရှင်းလင်းသူမှဖြစ်စေ အပ်နှံငွေများလက်ခံခြင်းနှင့် အတိုးပေးချေခြင်း၊

(၄) ပါဝင်ဆောင်ရွက်သူများအား နေ့ချင်းငွေကြေးလိုအပ်ချက်ပမာဏ ဖြည့်ဆည်းပေးခြင်း။

**စာရင်းရှင်းလင်းခြင်းသဘောတူညီချက်စာချုပ်များ၏ တရားဝင်တည်ရှိမှု**

၁၃၇။ ဗဟိုဘဏ် သို့မဟုတ် ငွေရေးကြေးရေးအဖွဲ့အစည်းသည် အသားတင်ရှင်းလင်းခြင်း သဘောတူစာချုပ်တစ်ခုတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ပါက ဗဟိုဘဏ်မှဖြစ်စေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းမှဖြစ်စေ ထိုသဘောတူစာချုပ်အား အကျိုးသက်ရောက်စေရန် ဆောင်ရွက်ရမည်။

၁၃၈။ ပေးချေခြင်း ဝန်ဆောင်မှုလုပ်ငန်းကို ပံ့ပိုးသူတွင် ငွေကြေးဝန်ဆောင်မှုပံ့ပိုးပေးသူ၊ ငွေပေးချေမှု စာချုပ်စာတမ်းထုတ်ဝေသူများနှင့် ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်လုပ်ငန်း ဆောင်ရွက်သူများ ပါဝင်သည်။

**စာရင်းရှင်းလင်းခြင်းဆိုင်ရာ နည်းဥပဒေများ တရားဝင်တည်ရှိမှု**

၁၃၉။ (က) စာရင်းရှင်းလင်းရေးအဖွဲ့ ပါဝင်ဆောင်ရွက်သူများ၊ ဗဟိုပြန်လှန်စစ်ဆေးရေးအဖွဲ့ဝင်များသည် စာရင်းရှင်းလင်းရေးစနစ်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအား လိုက်နာရမည်။

(ခ) ပေးချေမှုတစ်ခုအတွက် အာမခံထားသည့် အပေါင်ပစ္စည်း သို့မဟုတ် သတ်မှတ်ထားသည့် စာရင်းရှင်းလင်းရေးစနစ်တွင်ဖြစ်ပေါ်သည့် ပေးရန်တာဝန်ရှိမှုကို ဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပါဝင်ဆောင်ရွက်သူ၊ စာရင်းရှင်းလင်းရေးအဖွဲ့၊ ဗဟိုပြန်လှန် စစ်ဆေးရေး အဖွဲ့ဝင်များ သို့မဟုတ် ဗဟိုဘဏ်၏ အခွင့်အရေးနှင့်သက်သာခွင့်များသည် လူမွဲစာရင်းခံယူခြင်း တရားစွဲဆိုခြင်းကြောင့် ထိခိုက်မှုမရှိစေရ။ ထို့ပြင် ဆိုင်းငံ့ထားသည့် ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် အာမခံပစ္စည်းနှင့်စပ်လျဉ်း၍ မြီရှင်၏ကျင့်သုံးနိုင်သည့် အခွင့်အရေးနှင့်သက်သာခွင့်များနှင့် သက်ဆိုင်ခြင်းမရှိစေရ။

**အီလက်ထရောနစ်နည်းဖြင့် ချက်လက်မှတ်များတင်ပြခြင်း**

၁၄၀။ (က) အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ဖြင့် ထုတ်ယူမည့် ငွေပေးချေမှုအတွက် ဘဏ်သို့ အီလက်ထရောနစ်နည်းလမ်းဖြင့် ချက်လက်မှတ် တင်ပြနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ချက်လက်မှတ်ကို အီလက်ထရောနစ်နည်းဖြင့်တင်ပြရာတွင် ဘဏ်သည် အခြားဘဏ် သို့မဟုတ် စာရင်းရှင်းလင်းရေးအဖွဲ့အပါအဝင် ဝန်ဆောင်မှုလုပ်ငန်းပံ့ပိုးသူ တတိယပုဂ္ဂိုလ်မှတစ်ဆင့် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဆောင်ရွက်နိုင်သည်။ ယင်းဝန်ဆောင်မှုပေးသူကို ဘဏ်၏ ကိုယ်စားလှယ်အဖြစ် မှတ်ယူရမည်။

(ဂ) ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့် ချက်လက်မှတ်ကို တရားရုံး တစ်ရုံးရုံးတွင်တင်ပြသည့် ချက်လက်မှတ်စာရွက်နှင့် တူညီသည်ဟု အသိအမှတ်ပြု လက်ခံရမည်။

(ဃ) ရန်ပုံငွေလွှဲပြောင်းခြင်းကို ချက်လက်မှတ်ပုံရိပ် သို့မဟုတ် အီလက်ထရောနစ်နည်းဖြင့် စာရင်းသွင်း၍ရသည့်ချက်လက်မှတ် (truncated cheque) ဖြင့် တစ်ကြိမ်အစားထိုးပြီးလျှင် မူရင်းချက်လက်မှတ်ကို ထပ်မံ၍ လွှဲပြောင်းခြင်းမပြုနိုင်။

၁၄၁။ ဗဟိုဘဏ်သည် ငြင်းပယ်သည့် ချက်လက်မှတ်များ၊ ချက်လက်မှတ်ပုံရိပ်နှင့် ကိုင်တွယ်၍ ရသည့် ချက်လက်မှတ်ကို ဆက်လက်ထိန်းသိမ်းထားခြင်း၊ အီလက်ထရောနစ်တင်ပြခြင်းနှင့်စပ်လျဉ်းသည့် စနစ်များနှင့် ဤအခန်းပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် လိုအပ်သလို သတ်မှတ်နိုင်သည်။

**အခန်း (၂၀)**

**ချေးငွေဆိုင်ရာ သတင်းအချက်အလက်**

**ချေးငွေသတင်းအချက်အလက်ဌာနနှင့်စပ်လျဉ်း၍ ဗဟိုဘဏ်၏ လုပ်ပိုင်ခွင့်**

၁၄၂။ (က) မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ပုဒ်မ ၇၅ အပြင် ဤအခန်းပါ ပြဋ္ဌာန်းချက်များသည် ချေးငွေဆိုင်ရာ သတင်းအချက်အလက်နှင့် သက်ဆိုင်သည့် ကိစ္စရပ်များနှင့် သက်ဆိုင်စေရမည်။

(ခ) ဗဟိုဘဏ်သည် နိုင်ငံတော်ရှိ ဘဏ်အားလုံး၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့ အစည်းများနှင့် အခြားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ ဆက်သွယ်ဆောင်ရွက်သူများ၏ ချေးငွေပြန်လည်ပေးဆပ်မှု မှတ်တမ်းနှင့်စပ်လျဉ်း၍ သတင်းအချက်အလက်များ စုဆောင်းပြီး ပြန်လည်ဖြန့်ဖြူးပေးသည့် ချေးငွေ သတင်းအချက်အလက်ဌာနတစ်ခုကို တည်ထောင်ခြင်းဖြစ်စေ၊ တည်ထောင်ခွင့်ကိုဖြစ်စေပြုနိုင်သည်။

(ဂ) ဗဟိုဘဏ်သည် ငွေချေးပေးရန် ထိုက်တန်သူဖြစ်ကြောင်း ရည်ညွှန်းပေးသည့် စနစ်အရ လိုအပ်သည့် သတင်းအချက်အလက်များကို အစီရင်ခံတင်ပြရန် ချေးငွေထုတ်ချေးသည့် လုပ်ငန်းဆောင်ရွက်နေသည့် ချေးငွေအဖွဲ့အစည်းတစ်ရပ်ရပ်နှင့် အခြားအဖွဲ့အစည်း တစ်ရပ်ရပ်တို့အား ညွှန်ကြားနိုင်သည်။

(ဃ) ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် အခြားအဖွဲ့အစည်း များသည် ချေးငွေသတင်းအချက်အလက်ဌာနသို့ တင်ပြသော သတင်းအချက်အလက်များ မှန်ကန်မှုရှိစေရန် ဆောင်ရွက်ရမည်။

**ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနများအား ကြပ်မတ်ကွပ်ကဲခြင်း**

၁၄၃။ (က) ဗဟိုဘဏ်သည် ဘဏ်များ၊ ဘဏ်မဟုတ်သော ငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဖယားဝင် အဖွဲ့အစည်းများ၏ သတင်းအချက်အလက်များကို စိစစ်အကဲဖြတ်နိုင်သည့် ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနများတည်ထောင်ရန် လိုင်စင်ထုတ်ပေးရမည့်အပြင် ၎င်းတို့ကို ကြပ်မတ်ကွပ်ကဲရန် လုပ်ပိုင်ခွင့်ရှိသည်။

(ခ) မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသည့် တရားဝင်လိုင်စင်မရှိဘဲ ပုဂ္ဂလိကချေးငွေ သတင်း အချက်အလက်ဌာနတစ်ခုကို တည်ထောင်လုပ်ကိုင် ဆောင်ရွက်ခြင်းမပြုရ။

၁၄၄။ ဗဟိုဘဏ်သည် ချေးငွေသတင်းအချက်အလက်ဌာနထံမှ လိုအပ်သော သတင်းအချက်အလက်များကို ရယူနိုင်သည်။

**အခန်း (၂၁)**

**ကင်းလွတ်ခွင့်၊ အခကြေးငွေပြန်လည်ရရှိခြင်း၊ ဘဏ်ပိတ်ရက်များနှင့် တရားရေးဆိုင်ရာ ပြန်လည်ဆန်းစစ်သုံးသပ်ခြင်းတို့အတွက် လုပ်ပိုင်ခွင့်**

**အခကြေးငွေ၊ ကုန်ကျစရိတ် အစရှိသည်များ ပြန်လည်ရယူကောက်ခံခြင်း**

၁၄၅။ (က) သက်ဆိုင်ရာဘဏ်ထံမှ ဗဟိုဘဏ်သည် အောက်ပါတို့ကို ကြွေးမြီတစ်ရပ်အဖြစ် ပြန်လည် ရယူကောက်ခံခွင့်ရှိစေရမည်-

(၁) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ခ) အရ ပေးချေရမည့် အခကြေးငွေတစ်ရပ်ရပ်၏ ငွေပမာဏ၊

(၂) ဘဏ်က အောက်ဖော်ပြပါပုဂ္ဂိုလ်တစ်ဦးဦးအား ပေးချေရမည့် အခကြေးငွေနှင့် ကုန်ကျစရိတ် တစ်ရပ်ရပ်-

(ကက) ခန့်အပ်သည့် စာရင်းစစ်၊

(ခခ) ပုဒ်မ ၉၆၊ ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ် (၁၈) အရ ခန့်အပ်သည့် အုပ်ချုပ်သူ တစ်ဦး၊

(၃) ဤဥပဒေအရ ဘဏ်ကပေးချေရမည့် ငွေရေးကြေးရေးပြစ်ဒဏ်တစ်ရပ်ရပ်။

(ခ) ဤပုဒ်မအရ ပြန်လည်ရရှိမည့်ဒဏ်ကြေးငွေတစ်ရပ်ရပ်ကို ပြန်လည်ရရှိရန် ဆောင်ရွက်မှုသည် ထိုသို့ ဆောင်ရွက်သည့်နေ့မှ ခြောက်နှစ်ထက် မကျော်လွန်စေရ။

**ဘဏ်ပိတ်ရက်များ ကြေညာခြင်း**

၁၄၆။ (က) ဗဟိုဘဏ်သည် နေ့ တစ်နေ့နေ့ သို့မဟုတ် နေ့များကို ဘဏ်ပိတ်ရက် သို့မဟုတ် ဘဏ်ပိတ်ရက်များအဖြစ် မည်သည့်အချိန်တွင်မဆို အများပြည်သူသိရှိနိုင်ရန် ထုတ်ပြန်ကြေညာနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ဘဏ်ပိတ်ရက်အဖြစ် ကြေညာထားသည့်နေ့တွင် ဗဟိုဘဏ်၏ ခွင့်ပြုချက်မရဘဲ နိုင်ငံတော်ရှိ မည်သည့်ဘဏ်မျှ လုပ်ငန်းဆောင်ရွက်ခြင်းမပြုရ။

၁၄၇။ (က) ဗဟိုဘဏ်နှင့်စပ်လျဉ်း၍ တရားစွဲဆိုတင်သွင်းလာသော အမှုတစ်ခုခုကို စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံးတစ်ခုခုသည် ဗဟိုဘဏ်ကသော်လည်းကောင်း သို့မဟုတ် ဗဟိုဘဏ်၏ကိုယ်စား ဆောင်ရွက်ရန် ဗဟိုဘဏ်က ခန့်အပ်ထားသော ပုဂ္ဂိုလ်တစ်ဦးဦး၊ ဗဟိုဘဏ်၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ်တစ်ဦးဦးက သော်လည်းကောင်း တရားရုံးရှေ့၌ ကြားနာရာ၌ အရေးယူဆောင်ရွက်မှုတစ်ခုနှင့်စပ်လျဉ်းသည့် အောက်ဖော်ပြပါတို့ကို သုံးသပ်ရမည် -

(၁) ဗဟိုဘဏ်သည် ၎င်း၏ဥပဒေအရ လုပ်ပိုင်ခွင့်အာဏာကို ကျော်လွန်ခြင်း ရှိ မရှိ၊

(၂) ဗဟိုဘဏ်က ဆုံးဖြတ်ရာတွင် လိုက်နာကျင့်သုံးသည့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေအရ ပြဋ္ဌာန်းထားသည့် လုပ်ထုံးလုပ်နည်းများနှင့် ကွဲလွဲပြီး ဆောင်ရွက်ခြင်း ရှိ မရှိ၊

(၃) ဗဟိုဘဏ်၏ အမိန့်ကြော်ငြာစာ သို့မဟုတ် ထုတ်ပြန်သည့်လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်းများသည် ဤဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ၊

(၄) ဗဟိုဘဏ်၏ ဆုံးဖြတ်ချက်သည် ဤဥပဒေ သို့မဟုတ် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၏ ပြဋ္ဌာန်းချက်များနှင့် သိသာထင်ရှားစွာ ဆန့်ကျင်ခြင်း ရှိ မရှိ။

(ခ) အခြားတည်ဆဲဥပဒေတစ်ရပ်ရပ်တွင် မည်သို့ပင်ဆိုစေကာမူ ဗဟိုဘဏ်၏ အရေးယူဆောင်ရွက်ချက် တစ်ရပ်ရပ်သည် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ကို တရားစွဲဆိုသည့်ကာလအတောအတွင်း ဆိုင်းငံ့ခြင်း သို့မဟုတ် ကန့်သတ်ခြင်းမရှိစေဘဲ ဆက်လက်၍ အကျိုးသက်ရောက်မှုရှိနေရမည် သို့တည်းမဟုတ် အယူခံပိုင်ခွင့်၊ ထပ်မံအယူခံပိုင်ခွင့် သို့တည်းမဟုတ် အယူခံခြင်းနှင့်စပ်လျဉ်း၍ အခြားတရားစွဲဆို ဆောင်ရွက်မှုရှိစေရမည်။

(ဂ) ဗဟိုဘဏ်ကပြုလုပ်သည့် အရေးယူဆောင်ရွက်မှုတစ်ခုခုအပေါ် တရားရုံးတစ်ရုံးရုံးက သက်သာခွင့် သို့မဟုတ် ပြင်ဆင်ခြင်းပြုလုပ်ပါက ငွေကြေးဖြင့်သာ ပေးလျော်စေရမည်။

(ဃ) ဗဟိုဘဏ်အပေါ်ဖြစ်စေ၊ ပုဒ်မခွဲ (က) တွင် ရည်ညွှန်းဖော်ပြသည့် ပုဂ္ဂိုလ်တစ်ဦးဦး အပေါ် ဖြစ်စေ အရေးယူဆောင်ရွက်မှု သို့မဟုတ် တရားစွဲဆိုမှုတစ်ခုခုကို သက်ဆိုင်ရာ စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တွင်သာ စတင် စွဲဆိုရမည်။

**အချို့သော လွှဲပြောင်းခြင်းများအတွက် တံဆိပ်ခေါင်းခွန် ထမ်းဆောင်ခြင်းမှ ကင်းလွတ်ခွင့်များ**

၁၄၈။ ဘဏ် သို့မဟုတ် ယင်းဘဏ်၏ လက်အောက်ခံ ကုမ္ပဏီတစ်ခုခု၏ အစုရှယ်ယာများနှင့် ရရန်ပိုင်ခွင့်များကို လွှဲပြောင်းခြင်းအတွက်သော်လည်းကောင်း၊ ပုဒ်မ ၁၀၇ အရ ဘဏ်၏ အစုရှယ်ယာများ နှင့် ရရန်ပိုင်ခွင့်များကို ဗဟိုဘဏ်၏ ခွင့်ပြုချက်အရ ရောင်းချခြင်း သို့မဟုတ် ထုခွဲလွှဲပြောင်းခြင်းအတွက် သော်လည်းကောင်း တည်ဆဲတံဆိပ်ခေါင်းခွန် သို့မဟုတ် အခွန်ဥပဒေအရ ကင်းလွတ်ခွင့်ရရှိလိုပါက ဝန်ကြီးဌာနသို့ လျှောက်ထားရမည်။

## အခန်း (၂၂)

## အီလက်ထရောနစ် သက်သေခံချက်

**အီလက်ထရောနစ် စာတမ်းအမှတ်အသားများကို မှန်ကန်ကြောင်း သက်သေခံထင်ရှားစေခြင်း**

၁၄၉။ သက်သေခံအက်ဥပဒေ၌ မည်သို့ပင်ပြဋ္ဌာန်းချက်များပါရှိစေကာမူ အီလက်ထရောနစ်စာတမ်း အမှတ်အသားကို သက်သေခံချက်အဖြစ် တင်သွင်းလိုသူ မည်သူမဆို အီလက်ထရောနစ်စာတမ်း အမှတ်အသားသည် တွေ့ရှိချက်ကို အထောက်အကူပြုနိုင်သည့် သက်သေခံချက်ဖြင့် ယင်း၏မှန်ကန်မှုကို သက်သေပြရန် တာဝန်ရှိသည်။

**အီလက်ထရောနစ်စာတမ်းအမှတ်အသားများအတွက် သက်သေခံရမည့် နည်းလမ်းများ**

၁၅၀။ (က) အောက်ပါနည်းလမ်း တစ်ရပ်ရပ်နှင့်ညီညွတ်သော အီလက်ထရောနစ် စာတမ်းအမှတ်အသားကို အကောင်းဆုံး သက်သေခံချက်နည်းလမ်းအဖြစ် လက်ခံနိုင်သည်-

(၁) အီလက်ထရောနစ် စာတမ်းအမှတ်အသားတွင် မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းပြုထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ ယုံကြည်စိတ်ချရမှုကို သက်သေပြသခြင်း၊

(၂) အခိုင်အမာ သက်သေထင်ရှားပြသထားသည်ဟု မှတ်ယူခြင်း။

(ခ) ပုဒ်မခွဲ (က) တွင် မည်သို့ပင်ဆိုစေကာမူ ဆန့်ကျင်ကွဲလွဲသည့် သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စ၌ ပုံနှိပ်စက်မှထုတ်ပေးသော စာသည် မှတ်တမ်းတင်သည့် သို့မဟုတ် သိမ်းဆည်းသည့် သတင်းအချက်အလက် မှတ်တမ်းတစ်ခုအဖြစ် ထင်ရှားစွာ သို့မဟုတ် လိုက်လျောညီစွာ ပြုလုပ်ထားလျှင် ထိုသို့ထုတ်ပေးသော အီလက်ထရောနစ်စာတမ်း အမှတ်အသားစာသည် အကောင်းဆုံး သက်သေခံနည်းလမ်းအဖြစ် ကျေနပ်လက်ခံနိုင်သည်။

**အီလက်ထရောနစ် စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို အသိအမှတ်ပြုခြင်း**

၁၅၁။ ဆန့်ကျင်ကွဲလွဲ၍ သက်သေခံချက် မတင်ပြနိုင်သည့်ကိစ္စတွင် မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ်စာတမ်းအမှတ်အသားများစနစ်၏ မှန်ကန်မှုကို အောက်ပါ အထောက်အထားတစ်ရပ်ရပ်ဖြင့် သက်သေထင်ရှားပြနိုင်သည်-

(က) အီလက်ထရောနစ်စာတမ်းအမှတ်အသားစနစ်တွင် အသုံးပြုသည့် ကွန်ပျူတာစနစ် သို့မဟုတ် အခြားအလားတူ ပစ္စည်းကိရိယာတို့သည် စနစ်တကျလည်ပတ်နေကြောင်း သို့မဟုတ် ပုံမှန်လည်ပတ်ခြင်းမရှိသော်လည်း အီလက်ထရောနစ်စာတမ်းအမှတ်အသား၏ မှန်ကန်မှုကို ထိခိုက်မှုမရှိကြောင်းနှင့် သံသယရှိစေသည့် အထောက်အထားမရှိသည်ကို သက်သေထင်ရှားပြသခြင်း၊

(ခ) အီလက်ထရောနစ်စာတမ်းအမှတ်အသားကို တင်သွင်းလိုသောပုဂ္ဂိုလ်၏ အကျိုးစီးပွား နှင့် ဆန့်ကျင်သော ပုဂ္ဂိုလ်က မှတ်တမ်းတင်ထားသည့် သို့မဟုတ် သိမ်းဆည်းထားသည့် အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြစ်ခြင်း၊

(ဂ) အီလက်ထရောနစ် စာတမ်းအမှတ်အသားမှာ တင်သွင်းလိုသော ပုဂ္ဂိုလ်၏ကြီးကြပ်မှုအရ မှတ်တမ်းတင်ခြင်း သို့မဟုတ် သိမ်းဆည်းခြင်းမပြုဘဲ ပုဂ္ဂိုလ်တစ်ဦးက ၎င်း၏ ပုံမှန် နှင့် သာမန်လုပ်ငန်းတွင် မှတ်တမ်းတင်ထားသော သို့မဟုတ် သိမ်းဆည်းထားသော အီလက်ထရောနစ်စာတမ်းအမှတ်အသားဖြစ်ခြင်း။

**ထည့်သွင်းစဉ်းစားရမည့် စံနှုန်းများ**

၁၅၂။ (က) တရားရုံးတစ်ရုံးသည် အီလက်ထရောနစ်စာတမ်းအမှတ်အသားကို သက်သေခံအဖြစ် လက်ခံနိုင်မခံနိုင်ဆိုသည့်ကိစ္စရပ်နှင့်စပ်လျဉ်း၍ ဥပဒေ၏ နည်းဥပဒေတစ်ရပ်ရပ် အရ ဆုံးဖြတ်ရန်အလို့ငှာ သက်သေခံချက်ကို အီလက်ထရောနစ် စာတမ်းအမှတ်အသား၏ သဘောသဘာဝနှင့် ရည်ရွယ်ချက်၊ အီလက်ထရောနစ်စာတမ်းအမှတ်အသားကို အသုံးပြုသော သို့မဟုတ် မှတ်တမ်းတင်သော သို့မဟုတ် သိမ်းဆည်းသော လုပ်ငန်း သို့မဟုတ် စီးပွားရေးလုပ်ငန်း သို့မဟုတ် ကြိုးပမ်းအားထုတ်မှုပုံစံနှင့်ပတ်သက်မှု ရှိခြင်း၊ အီလက်ထရောနစ် စာတမ်းအမှတ်အသားများကို မှတ်တမ်းတင်စေရန် သို့မဟုတ် သိမ်းဆည်းစေရန် နည်းလမ်းနှင့်သက်ဆိုင်သောစံနှုန်း၊ လုပ်ထုံးလုပ်နည်း၊ အလေ့အထ သို့မဟုတ် အလေ့အကျင့်တစ်ရပ်ရပ်ကို တင်ပြခြင်းဖြင့် သက်သေခံအဖြစ် လက်ခံနိုင်သည်။

(ခ) အီလက်ထရောနစ် စာတမ်းအမှတ်အသားဖြင့် ဖော်ပြသော သတင်းအချက်အလက်တွင် ကိန်းဂဏန်းအချက်အလက်များ၊ စာသားများ၊ အသံများ၊ သင်္ကေတများ၊ ကွန်ပျူတာ အစီအစဉ်များ၊ ကွန်ပျူတာညွှန်ကြားချက်များ သို့မဟုတ် ကွန်ပျူတာထဲတွင် အသင့်သုံး နိုင်ရန် ထည့်ထားသော အချက်အလက်များ ပါဝင်သည်။

## အခန်း (၂၃)

## တောင်းခံခြင်းမရှိသော ငွေကြေးများ သို့မဟုတ် စာရင်းသေများဆိုင်ရာ အချက်အလက်များ

၁၅၃။ (က) ဘဏ်သည် ဘဏ္ဍာရေးနှစ်အသီးသီး၏ ပထမလအတွင်း ဗဟိုဘဏ်သို့ ၎င်းထံတွင် ခုနစ်နှစ်ကျော်ကြာသည်အထိ လာရောက်မထုတ်ယူသော တောင်းခံခြင်းမရှိသေးသည့် စာရင်းဆိုင်ရာ အချက်အလက်များကို တင်ပြရမည်။

(ခ) ဗဟိုဘဏ်က လိုအပ်သည်ဟု ယူဆလျှင် ပိုင်ရှင်က ထုတ်ယူခြင်းမရှိသောငွေများနှင့် စာရင်းသေများအတွက် လမ်းညွှန်ချက်များ ထုတ်ပြန်နိုင်သည်။

## အခန်း (၂၄)

## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၅၄။ ဗဟိုဘဏ်သည် ငွေရေးကြေးရေးအဖွဲ့အစည်းများ၊ ငွေရေးကြေးရေးအဖွဲ့အစည်း၏ ဒါရိုက်တာအဖွဲ့ဝင်များ၊ အမှုဆောင်အရာရှိများ၊ အစုရှယ်ယာပိုင်ရှင်များ၊ စီမံခန့်ခွဲသူများ၊ မန်နေဂျာများ၊ ဝန်ထမ်းများက ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဤဥပဒေအရ ထုတ်ပြန်ထားသော စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ပါက အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ဂ) ငွေရေးကြေးရေးအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုများကို ကန့်သတ်ချက်အပါအဝင်ဖြစ်သည့် အမိန့်များချမှတ်ခြင်း၊

(ဃ) ငွေရေးကြေးရေးအဖွဲ့အစည်းအတွင်း တာဝန်ထမ်းဆောင်ခြင်းမှ ယာယီရပ်ဆိုင်းခြင်း သို့မဟုတ် ရပ်စဲခြင်း။

၁၅၅။ (က) ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခံရသူသည် ပြစ်ဒဏ်ချမှတ်ခံရသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဗဟိုဘဏ်၏ ဒါရိုက်တာအဖွဲ့သို့ အယူခံနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ အယူခံမှုအပေါ် ဗဟိုဘဏ်ဒါရိုက်တာအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် အတည်ဖြစ်သည်။

၁၅၆။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်များသည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၁၅၇။ ပုဒ်မ ၁၅၄ အရ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းခံရသူသည် နစ်နာသော ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်ကို နစ်နာမှုအတွက် ငွေကြေးကို ချက်ချင်းပေးလျော်ရမည်။

## အခန်း (၂၅)

## တားမြစ်ချက်များ

၁၅၈။ မည်သူမျှ လိုင်စင်မရှိဘဲ ဘဏ်အဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၅၉။ မည်သူမျှ ဗဟိုဘဏ်မှ ထုတ်ပေးသော မှတ်ပုံတင်လက်မှတ်မရှိဘဲ ဘဏ်မဟုတ်သော ငွေရေးကြေးရေး အဖွဲ့အစည်းအဖြစ် ထူထောင်လုပ်ကိုင်ခြင်းမပြုရ။

၁၆၀။ မည်သူမျှ လိုင်စင်ရရှိရန် ဗဟိုဘဏ်သို့ လျှောက်ထားတင်ပြရာတွင် အချက်အလက်တစ်ခုခုကို လိမ်လည်ဖော်ပြ လျှောက်ထားခြင်းမပြုရ။

၁၆၁။ အောက်ပါအဖွဲ့အစည်းများမှအပ မည်သူမျှ လိုင်စင် သို့မဟုတ် ဗဟိုဘဏ်က စာဖြင့်ကြိုတင် ခွင့်ပြုချက်မရှိဘဲ မိမိလုပ်ငန်းအမည်တွင် ဘဏ်၊ ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ဖွံ့ဖြိုးရေးဘဏ်၊ ဘဏ် လုပ်ငန်းရှင် သို့မဟုတ် ဘဏ်လုပ်ငန်းဆိုသည့် စာသားများကို အသုံးမပြုရ-

(က) ဘဏ်၏ အသင်းအဖွဲ့တစ်ရပ်ရပ်၊

(ခ) ဥပဒေအရဖြစ်စေ၊ အပြည်ပြည်ဆိုင်ရာ သဘောတူညီချက်အရဖြစ်စေ ယင်းအသုံးအနှုန်း အခြေကျနေသော အသင်းအဖွဲ့၊

(ဂ) နိုင်ငံခြားဘဏ်၏ ကိုယ်စားလှယ် သို့မဟုတ် ရုံး၊

(ဃ) ဘဏ်လုပ်ငန်းလုပ်ကိုင်သော အစိုးရကိုယ်စားလုပ်ကိုင်သည့် အဖွဲ့အစည်း၊

(င) ဗဟိုဘဏ်က အများပြည်သူသိရှိနိုင်ရန် အမိန့်ကြော်ငြာစာထုတ်ပြန်ကြေညာ၍ ကင်းလွတ်ခွင့် ပေးသော ပုဂ္ဂိုလ်တစ်ဦးဦး။

၁၆၂။ မည်သည့်နိုင်ငံခြား ငွေရေးကြေးရေးအဖွဲ့အစည်းမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင် လက်မှတ် မရှိဘဲ ကိုယ်စားလှယ်ရုံးဖွင့်လှစ်တည်ထောင်ခြင်းမပြုရ။

၁၆၃။ မည်သူမျှ လိုင်စင်မရှိဘဲ အပ်နှံငွေလက်ခံသည့်လုပ်ငန်းကို လုပ်ကိုင်ဆောင်ရွက်ခြင်းမပြုရ။

၁၆၄။ မည်သူမျှ ဗဟိုဘဏ်ကထုတ်ပေးသော မှတ်ပုံတင်လက်မှတ် သို့မဟုတ် စာဖြင့် ကြိုတင် ခွင့်ပြုချက်မရှိဘဲ ငွေရေးကြေးရေး ကုမ္ပဏီလုပ်ငန်း၊ အငှားချထားသည့်လုပ်ငန်း၊ ကြွေးမြီများ ဝယ်ယူ ကောက်ခံသည့်လုပ်ငန်း၊ ချေးငွေတိုကင်လုပ်ငန်း၊ ငွေကြေးဝန်ဆောင်မှုလုပ်ငန်းစသည့် စကားရပ်ကို လည်းကောင်း၊ ထိုသို့သဘောသက်ရောက်သည့် ဖော်ပြချက်တစ်ခုခုကိုလည်းကောင်း အသုံးမပြုရ။

၁၆၅။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်မျှ ဗဟိုဘဏ်၏ စာဖြင့်ကြိုတင်ခွင့်ပြုချက် မရှိဘဲ ပြည်တွင်း သို့မဟုတ် ပြည်ပရှိပုဂ္ဂိုလ်တစ်ဦးဦးထံမှ အပ်နှံငွေရရှိရန် ပုဂ္ဂိုလ်ရေးအရ တွေ့ဆုံခြင်း၊ သွေးဆောင်ဖြားယောင်းခြင်း၊ သဘောတူစာချုပ်ချုပ်ဆိုခြင်း သို့မဟုတ် သဘောတူစာချုပ် ချုပ်ဆိုရန် ကမ်းလှမ်းခြင်းမပြုရ။

၁၆၆။ မည်သည့်ငွေရေးကြေးရေးအဖွဲ့အစည်းမျှ မိမိလုပ်ငန်းနှင့်စပ်လျဉ်း၍ လိမ်လည်ဖော်ပြခြင်း၊ လိမ်လည်ကြော်ငြာခြင်း မပြုရ။

၁၆၇။ လိုင်စင်ရရှိသူသည် မိမိ၏လိုင်စင်ကို အခြားသူအား လွှဲပြောင်းလုပ်ကိုင်စေခြင်းမပြုရ။

၁၆၈။ လိုင်စင်ရရှိသူသည် ဗဟိုဘဏ်၏စာဖြင့် ကြိုတင်ခွင့်ပြုချက်မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ-

(က) မိမိဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ရောင်းချခြင်း၊

(ခ) အခြားဘဏ်၏ လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ ဝယ်ယူခြင်း၊

(ဂ) အခြားဘဏ်တစ်ခုခုနှင့်ပူးပေါင်းခြင်း၊

(ဃ) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ဘဏ်လုပ်ငန်းတစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဝယ်ယူခြင်း၊

(င) နိုင်ငံခြားဘဏ်က မြန်မာနိုင်ငံရှိ ၎င်း၏ ဘဏ်လုပ်ငန်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ရောင်းချခြင်း။

၁၆၉။ မည်သည့် အီလက်ထရောနစ်ငွေကြေး သို့မဟုတ် ချေးငွေတိုကင် ထုတ်ဝေသူမဆို ဤဥပဒေ၏ ပြဋ္ဌာန်းချက်ကို သော်လည်းကောင်း၊ ဤဥပဒေပုဒ်မတစ်ခုခုအရ ထုတ်ပြန်သည့်စည်းမျဉ်းများကို သော်လည်းကောင်း ချိုးဖောက်ခြင်းမပြုရ။

၁၇၀။ မည်သည့် ပုဂ္ဂလိကချေးငွေ သတင်းအချက်အလက်ဌာနမျှ ငွေရေးကြေးရေးဆိုင်ရာ ဝန်ဆောင်မှု ရယူသူ စည်းမျဉ်းများကို ချိုးဖောက်ခြင်းသော်လည်းကောင်း၊ ချေးငွေဆိုင်ရာ သတင်းအချက်အလက် အစီရင်ခံသည့်စနစ်အရ လိုအပ်သော ချေးငွေသတင်းအချက်အလက် အမှန်များကို ပေးရန်ပျက်ကွက်ခြင်း သော်လည်းကောင်း မပြုရ။

## အခန်း (၂၆)

## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၇၁။ မည်သူမဆို ပုဒ်မ ၁၅၈၊ ၁၅၉၊ ၁၆၀၊ ၁၆၂၊ ၁၆၃၊ ၁၆၇ နှင့် ၁၆၈ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်လျှင် ထိုသူအား အနည်းဆုံး ထောင်ဒဏ် နှစ်နှစ်မှ ငါးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ကျပ်သိန်း ၅၀၀ ထက်မပိုသော ငွေဒဏ်လည်း ချမှတ်ခြင်း ခံရမည်။

၁၇၂။ မည်သူမဆို ပုဒ်မ ၁၆၁၊ ၁၆၄၊ ၁၆၅၊ ၁၆၆၊ ၁၆၉ နှင့် ၁၇၀ တို့ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားပေါ်ပေါက်လျှင် ထိုသူအား နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် ချမှတ်ရမည့်အပြင် ကျပ်သိန်း ၁၀၀ ငွေဒဏ်လည်း ချမှတ်ခြင်းခံရမည်။

၁၇၃။ (က) ဗဟိုဘဏ် ဥက္ကဋ္ဌသည် အစိုးရရှေ့နေ၏ စာဖြင့်ရေးသားသော သဘောတူညီချက်ဖြင့် ဤဥပဒေ ပြဋ္ဌာန်းချက်တစ်ရပ်ရပ် သို့မဟုတ် ဤဥပဒေအရ ပြုလုပ်သော စည်းမျဉ်းအရ ပြစ်မှုတစ်စုံတစ်ရာကို လူပုဂ္ဂိုလ်တစ်ဦးဦးက ကျူးလွန်ခဲ့သည်ဟု အကြောင်းအားလျော်စွာ သံသယရှိသူက ပြစ်မှုကို ဆက်လက်ကျူးလွန်သည့်ကိစ္စတွင် နေ့စဉ်ပေးရမည့် ဒဏ်ငွေ ရှိလျှင် ယင်းဒဏ်ငွေအပါအဝင် ဒဏ်ငွေပမာဏ၏ ၅၀ ရာခိုင်နှုန်းထက်မပိုသော ပမာဏကို လက်ခံခြင်းဖြင့် သတ်မှတ်ထားသော အချိန်အတွင်း အမှုများကို ကျေအေးရန် ကမ်းလှမ်း နိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ကမ်းလှမ်းချက်တစ်ရပ်ရပ်ကို ပြစ်မှုကျူးလွန်ပြီးနောက် မည်သည့်အချိန်တွင် မဆိုပြုလုပ်နိုင်သည့်အပြင် ကမ်းလှမ်းချက်တွင် သတ်မှတ်သည့်အချိန်အတွင်း သို့မဟုတ် ဗဟိုဘဏ် ဥက္ကဋ္ဌက တိုးမြှင့်ပေးသည့်အချိန်အတွင်း ကမ်းလှမ်းချက်ပါ ငွေပမာဏကို မပေးသည့်အခါ ပြစ်မှုအတွက် တရားစွဲဆိုမှုကို အချိန်မရွေးပြုလုပ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) အရ ငွေပမာဏတစ်ရပ်ကို လက်ခံရရှိသည့်အခါ အမှုနှင့်စပ်လျဉ်း၍ တရားစွဲဆို ဆောင်ရွက်ခြင်း မပြုစေရ။

(ဃ) ဤပုဒ်မပါ မည်သည့်အချက်ကမျှ ထပ်မံကျူးလွန်သော ပြစ်မှုတစ်စုံတစ်ရာကို ကျေအေးရန် အခွင့်အာဏာ မဖြစ်စေရ။

(င) ပုဒ်မခွဲ (က) ပါပြဋ္ဌာန်းချက်များနှင့်အညီ ဗဟိုဘဏ်သို့ပေးရသည့် ဒဏ်ကြေးတစ်စုံတစ်ရာကို တစ်စုတစ်ပေါင်းတည်းပေးသွင်းရမည်။

၁၇၄။ မည်သူမဆို ဤဥပဒေအရ ပြစ်မှုတစ်ခုခုကျူးလွန်ခြင်းကို အားပေးကူညီလျှင် သို့မဟုတ် ကျူးလွန်ရန် အားထုတ်လျှင် သို့မဟုတ် ကျူးလွန်ရန်ပူးပေါင်းကြံစည်လျှင် ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသော ပြစ်ဒဏ်ချမှတ်ခြင်းခံရမည်။

## အခန်း (၂၇)

## အထွေထွေ

၁၇၅။ ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်သည် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အထူးကုမ္ပဏီ အက်ဥပဒေတို့ပါပြဋ္ဌာန်းချက်များနှင့်ဆန့်ကျင်ကွဲလွဲပါက ဤဥပဒေပါပြဋ္ဌာန်းချက်များအရသာ လိုက်နာဆောင်ရွက်ရမည်။

၁၇၆။ ဤဥပဒေဖြင့်ရုပ်သိမ်းသည့် ဥပဒေအရ လိုင်စင်ထုတ်ပေးခဲ့သော ဘဏ်သည် ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့ရက်မှ ခြောက်လအတွင်း ယင်း၏ ဘဏ်လိုင်စင်ကို ဗဟိုဘဏ်သို့ ပြန်လည်အပ်နှံ ရမည်။ ဗဟိုဘဏ်သည် လိုင်စင်ပြန်လည် အပ်နှံသောဘဏ်များသို့ ဤဥပဒေ ပုဒ်မ ၁၁ အရ လိုင်စင် အသစ်ကို သတ်မှတ်ချက်များနှင့်အညီ ထုတ်ပေးရမည်။

၁၇၇။ ဤဥပဒေအာဏာသက်ရောက်သည့်နေ့တွင် ဘဏ်သည် အစုရှယ်ယာဝင်များ၏ စာရင်းတစ်ရပ်နှင့်အရေးပါသော ပိုင်ဆိုင်မှုတစ်ရပ်ကို ပိုင်ဆိုင်သူအသီးသီးအတွက် အကျိုးခံစားခွင့်ရှိသူနှင့်ယင်းတို့၏ ပိုင်ရှင်များဆိုင်ရာ အခြားသောသတင်းအချက်အလက်၊ အသေးစိတ်အနေဖြင့် ဗဟိုဘဏ်၏ တောင်းဆိုမှုအတိုင်း ဤဥပဒေအာဏာ သက်ရောက်သောနေ့မှ တစ်နှစ်အတွင်း ဗဟိုဘဏ်သို့ ပေးပို့ရမည်။

၁၇၈။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့် ဥပဒေအရ ဗဟိုဘဏ်၏ ဆောင်ရွက်ချက်အားလုံးသည် ဤဥပဒေနှင့်မဆန့်ကျင်ပါက ဗဟိုဘဏ်မှ အတိအလင်း ပြန်လည်သုံးသပ်ခြင်း သို့မဟုတ် ရုပ်သိမ်းခြင်းမပြုလျှင် ဆက်လက်အတည်ဖြစ်သည်။

၁၇၉။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်၊ အမိန့်ကြော်ငြာစာနှင့် လုပ်ထုံးလုပ်နည်းများသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၁၈၀။ လိုင်စင်သဘောတူညီချက် သို့မဟုတ် ခွင့်ပြုချက်တစ်ရပ်အတွက်ဖြစ်စေ၊ အခြားမည်သည့်ကိစ္စအတွက်ဖြစ်စေ လျှောက်ထားချက်တစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးက ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ ဗဟိုဘဏ်သို့ တင်သွင်းသည့် အယူခံတစ်ရပ်ရပ်နှင့် အကျိုးသက်ဆိုင်သည့်နေ့မတိုင်မီ အနီးကပ်ဆုံးဖြစ်သော ဆောင်ရွက်ဆဲကိစ္စရပ်များသည် ဤဥပဒေနှင့်လိုက်လျောညီထွေဖြစ်သည့် ပြဋ္ဌာန်းချက်ဖြစ်လျှင် ယင်းပြဋ္ဌာန်းချက်အရ ပြုလုပ်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။ ဤဥပဒေနှင့် ဆန့်ကျင်ပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် ယင်းကိစ္စရပ်များအားလုံးပျက်ပြယ်သည် ဟု မှတ်ယူရမည်။

၁၈၁။ ဤဥပဒေဖြင့် ရုပ်သိမ်းသည့်ဥပဒေအရ လိုင်စင်ရသူတစ်ဦးက ၎င်းဥပဒေနှင့်အညီ ဘဏ်စာရင်းဖွင့်ထားသူတစ်ဦးဦး သို့မဟုတ် အခြားဆက်သွယ်ဆောင်ရွက်သူ၊ မြီစား၊ မြီရှင် သို့မဟုတ် အခြားသူတို့နှင့်ဥပဒေအရ ချုပ်ဆိုခဲ့သော အရောင်းအဝယ်စာချုပ်များ၊ ဆက်သွယ်ရောင်းဝယ်မှုများ အားလုံးနှင့် ဥပဒေအရ ပြုလုပ်ခဲ့သော စီးပွားရေးလုပ်ငန်းများအားလုံးကို ဤဥပဒေနှင့်အညီ တရားဝင် ပြုလုပ်ချုပ်ဆိုခဲ့သည်ဟု မှတ်ယူရမည့်အပြင် အလားတူအကျိုးသက်ရောက်သည့်နေ့မတိုင်မီ အနီးကပ်ဆုံးတည်ဆဲဖြစ်သည့် အဆိုပါရောင်းဝယ်မှုများနှင့် စီးပွားရေးလုပ်ငန်းတစ်ရပ်ရပ်အရ အခွင့်အရေးသို့မဟုတ် တာဝန်ရှိမှုတစ်ခုခုကိုလည်း ဤဥပဒေအရ ဆက်လက်တရားဝင် အတည်ဖြစ်သည်ဟုမှတ်ယူရမည်။

၁၈၂။ ဤဥပဒေပါ ပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၈၃။ (က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဤဥပဒေအရ ပေးအပ်သော တာဝန်များကို သဘောရိုးဖြင့် ဆောင်ရွက်သူကို ပြစ်မှုကြောင်းအရ သော်လည်းကောင်း၊ တရားမကြောင်းအရ သော်လည်းကောင်း အရေးယူခြင်းမပြုရ။

( ခ ) ဗဟိုဘဏ်၏ တာဝန်ပေးချက်အရ ဆောင်ရွက်သူတစ်ဦးသည် တရားစွဲဆိုခံရပါက ယင်းသို့ တရားစွဲဆိုခံရခြင်းအတွက် ခုခံချေပရန် ကုန်ကျစရိတ်များကို ဗဟိုဘဏ်က ကျခံရမည်။

၁၈၄။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဗဟိုဘဏ်သည် လိုအပ်သော စည်းမျဉ်းနှင့်စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

၁၈၅။ မြန်မာနိုင်ငံတော်ငွေရေးကြေးရေးအဖွဲ့အစည်းများဥပဒေ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၆/၉၀) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်